မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၃၀၁ ) လျှို့ဝှက်ဆန်းကျယ်သော အင်အားစုများ ကျန်းမိသားစုသို့ သွားရောက်မည်၊ ကျွင်းရှောင်ယောက် ရောက်လာပြီ၊ ကျန်းချူဟာန်။

ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစုသည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးရှိ တာအိုစီရင်စု သုံးထောင်အနက် တစ်ခုဖြစ်သော အငူရာစီရင်စုတွင် ရှိသည်။

ယင်းက ကျွင်းမိသားစုတည်ရှိရာ ကေရာဇ်စီရင်စုနှင့်

ဝေး၏။

သို့သော်လည်း တာအိုစီရင်စုများကြားတွင်
တည်နေရာရွှေ့ပြောင်းခြင်း
အစီရင်များစွာရှိသောကြောင့် အချိန်သိပ်မကြာပါ။

ကျွင်းရှောင်ယောက်က ဤတစ်ခေါက်သွားချိန်တွင်
လှုပ်ရှားမှုမရှိဘဲ လူသိလည်း သိပ်မများပေ။

ကျန်းမိသားစုကလည်း ကျန်းတောက်ရှီ
ရောဂါအပြင်းအထန် ခံစားနေရခြင်းကို
သတင်းမဖြန့်ခဲ့ပေ။

နောက်ဆုံးတွင် အဓိပဓိတစ်ဦး
တစ်စုံတစ်ခုဖြစ်ခဲ့ခြင်းက
အင်မော်တယ်မျိုးရိုးတစ်ခုအပေါ်

ကြီးမားသောအကျိုးသက်ရောက်မှုရှိဆဲ ဖြစ်သည်။

ကျွင်းမိသားစုကဲ့သို့ အင်မော်တယ်မျိုးရိုးတစ်ခုပင် ဘိုးဘွားခန်းမထဲမှ ထိပ်တန်းတန်ခိုးရှင်များကို ပေါ့ပေါ့တန်တန် ထုတ်ဖော်ခြင်း မပြုနိုင်ပေ။

ကျန်းမိသားစု၏ နောက်ခံက အလွန်နက်ရှိုင်းသည်။ ၎င်းတို့တွင် အဓိပဓိတန်ခိုးရှင်လည်း အရေအတွက် တစ်ခုအထိ ရှိ၏။ သို့သော်လည်း ကျွင်းမိသားစုလောက်တော့ မများပေ။

ကျန်းမိသားစုက ကျွင်းမိသားစုထက် အနည်းငယ် နိမ့်ကျသော်လည်း အခြေအနေအလွန်ဆိုးနေခြင်းလည်း မဟုတ်ခဲ့ပါ။

အင်မော်တယ် မျိုးရိုးများကြား၌ ၎င်းတို့သည်

ထိပ်တန်းအဆင့်တွင် တည်ရှိနေနိုင်ဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်နှင့် တခြားသူများ ထွက်လာခဲ့ကြချိန်...

အင်မော်တယ်နယ်မြေကြီး၏ မြောက်ဘက်စွန်းရှိ တာအိုစီရင်စုတစ်ခုတွင်...

ရှေးဟောင်းမျိုးနွယ်စု နယ်မြေတစ်ခုရှိပြီး ထိုမှ အသံတစ်ခု ထွက်လာသည်။

"ကျန်းမိသားစုရဲ့ အဘိုးကြီး ကျန်းမာရေး သိပ်မကောင်းဘူးဆိုတဲ့ သတင်းကို ကြားပြီးကြပြီလား"

"ဟားဟား၊ ဒါက ငါ့မျိုးရိုးအတွက် အခွင့်အရေးပဲ၊ သူဒီလိုနေ့မျိုးရောက်မဲ့နေ့ကို စောင့်နေခဲ့ရတာ"

"ငါ့မိသားစုထဲက တစ်ယောက်ယောက်ကို လက်ထပ်ခွင့်ရတာ ကျန်းမိသားစုအတွက် ဂုဏ်ယူစရာပဲလေ၊ မင်းက အခု တစ်ယောက်ယောက်ကို စေလွှတ်တော့မှာလား"

"သေချာတာပေါ့၊ ကျန်းမိသားစုက ငါတို့မိသားစုက ပေးခဲ့တဲ့ စေတနာကို ငြင်းမှာမဟုတ်ဘူးလို့ ငါယုံတယ်။ ကျန်းမိသားစုရဲ့ နတ်သမီးအတွက် ငါ့သားကို လက်ထပ်ရတာ ဂုဏ်ယူစရာပဲ"

"ဟုတ်တယ်၊ ကျန်းမိသားစုရဲ့ နတ်သမီးက တာအိုသန္ဓေနဲ့ မွေးဖွားလာပေမယ့်၊ ငါတို့မိသားစုရဲ့ ကောရာဇ်မင်းငယ်ထက်တော့ အားနည်းနေတုန်းပဲ"

"ဟုတ်တယ်၊ ကျန်းမိသားစုက အခြေအနေကို နားလည်မယ်လို့ ငါယုံတယ်"

ထို့နောက် စကားသံမျ ပျောက်ကွယ်သွားလေသည်။

သို့သော်လည်း အချိန်အတော်ကြာပြီးနောက်တွင် ဤရှေးဟောင်းမျိုးနွယ်စုမှ အင်အားစုအဖွဲ့တစ်ခု ထွက်ပေါ်လာခဲ့၏။

၎င်းတို့၏ ဦးတည်ရာကား ရှေးဟောင်း ကျန်းမိသားစုတည်ရှိရာ အဇူရာစီရင်စုသို့ပင် ဖြစ်တော့သည်။

.........

အဇူရာစီရင်စုသည် တာအိုစီရင်စုသုံးထောင်အနက် သာယာဝပြောသော ပြည်နယ်တစ်ခု ဖြစ်သည်။

၎င်း၏ရေိယာက ကျွင်းမိသားစုတည်ရှိရာ ကေရာဇ်စီရင်စုထံပင် များစွာမသေးငယ်ပေ။

ကျွင်းရှောင်ယောက်လည်း လှေပျံဖြင့် အဇူရာစီရင်စုထဲသို့ ဝင်လိုက်သည်နှင့် ဤနယ်မြေ၏ အလှကို ခံစားလိုက်ရသည်။

တောင်တန်းများက တန်းစီကာ နဂါးသွေးကြောများကလည်း အစွမ်းထက် အရှိန်အဝါများဖြင့် ရှိနေကြလေသည်။

"ဒါက အမေ့မိသားစု တည်ရှိတဲ့ အဇူရာ စီရင်စုလား။

တကယ်ကို လှပတာပဲ့

ကျွင်းရှောင်ယောက်လည်း အံ့အားသင့်စွာ ရေရွတ်လိုက်သည်။

"ဟဲဟဲ၊ သခင်လေး... ဒါက အိမ်ပြန်တယ်လို့ ပြောနိုင်တယ်ဗျ"

နံဘေးတွင် ကျန်းရှီလင်းက ပြုံးပြီး ပြောလိုက်သည်။

"ဒီခေါင်းစဉ်အတွက် မစောလွန်းဘူးလား"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

သူ၏ ပင်ကိုယ်စွမ်းရည်၊ ခွန်အားနှင့် သူ့မိခင်ကျန်းရို့ကလည်း ကျန်းမိသားစု၏ နတ်ဘုရားမတစ်ဦး ဖြစ်ခဲ့ပေရာ... ကျန်းမိသားစု၏ သခင်လေးဖြစ်ခြင်းမှာ ပြဿနာမရှိသလောက်ပင်

ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
မျိုးရိုးနာမည်က ကျွင်းဖြစ်ပြီး ကျန်းမဟုတ်ပါချေ။

ထို့အပြင်၊ ကျန်းမိသားစုတွင်
သခင်လေးဖြစ်ရန်အတွက်
ကိုယ်စားလှယ်လောင်းများလည်း ရှိနိုင်သည်။

ကျွင်းရှောင်ယောက်က အဆင့်အတန်းများကို
လောဘကြီးသူမဟုတ်ပါ။ သူ့တွင် ကျွင်းမိသားစု၏
နတ်ဘုရားသားတော်၊ စီကွမ်သုည၊
မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ မြင့်မြတ်သားတော်၊
စသော အနေအထားများ ရှိသည်။

ထို့ကြောင့် ကျန်းမိသားစု၏ သခင်လေးဟူသော

လက္ခဏာကို သိပ်ပြီး ဂရုမစိုက်တော့ပေ။

"ဘာဖြစ်လို့လဲ၊ ကျန်းမိသားစုရဲ့ သခင်လေးက
နတ်ဘုရားသားတော်ကလွဲပြီး တခြားလူမရှိဘူး"
ကျန်းရှီလင်းက ဆက်ပြီး မြှောက်ပင့်လိုက်လေသည်။

သူသည် အောက်ကမ္ဘာတွင် ရှိစဉ်ကတည်းက
ဤပေါင်ကို တင်းတင်းကြပ်ကြပ် ဖက်ထားရန်
ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ပြုံးပြီး ဘာမှ
မပြောတော့ပါ။

သူက အတင်းအကြပ်မလုပ်ပေ၊ အရာအားလုံးက
သဘာဝအတိုင်း စီးဆင်းသွားခဲ့ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများက
ကျန်းမိသားစုကိုရောက်ရန် အချိန်သိပ်မကြာလိုက်ပေ။

ပတ်ပတ်လည်ကို ကြည့်လိုက်လျှင် အချင်းဝက်
မိုင်တစ်သန်းရှိသည့် မြင့်မြတ်နယ်မြေကြီးကို
မြင်ရမည် ဖြစ်သည်။

တောင်ထိပ်များက တိမ်များပေါ်သို့ တိုးဝင်နေကာ
နဂါးသွေးကြောများကြောင့်လည်း
ဝိညာဉ်စွမ်းအင်များမှာ ကမ္ဘာပေါ်ရှိ နတ်နယ်မြေကဲ့သို့
ထူထပ်လှသည်။

ဟင်းလင်းပြင်တွင်း၌ တည်ရှိနေသော
ကျွန်းကြီးများလည်း ရှိသေးသည်။
မရေမတွက်နိုင်သော ကြယ်များကလည်း

ရှေးဟောင်းဝက်ပါကြီးကဲ့သို့ ကောင်းကင်တွင်
လှည့်ပတ်နေသည်။

အလွန်တရာ ကြီးကျယ်ခမ်းနားသော မြို့များ၊
အဆောက်အဦးများ၊ နန်းတော်များနှင့်
ဘုံဗိမာန်များကလည်း မရေမတွက်နိုင်အောင်ပင်။

တစ်ချက်ကြည့်ရုံဖြင့် ခမ်းနားထည်ဝါသော
အရှိန်အဝါကို ခံစားရနိုင်ပြီး
သက်ပြင်းချကုန်စေလောက်သည်။ ယင်းက
တကယ်ကို ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစု
ဖြစ်ထိုက်ပါပေသည်။

လောကကြီးကို မမြင်ဖူးသေးသော
ကျင့်ကြံသူများဆိုပါက ဤမြင်ကွင်းကို ပထမဆုံး
မြင်လိုက်ရလျှင် ကြောင်အနေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ အမှတ်အသားက
ဘာလဲ။ သူမမြင်ဖူးသောအရာ
ဘယ်လောက်များလို့လဲ။

ကျွင်းမိသားစု၏ အနေအထားက ကျန်းမိသားစုထက်
သာလွန်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်သည်
အလွန်အံ့သြခြင်းမရှိဘဲ
အံ့သြမှုအရိပ်အယောင်များသာ ရှိပေသည်။

'ဒါက အမေရဲ့ မိသားစုပဲလား။ ဒါက
ကျွင်းမိသားစုထက် ဆိုးလွန်းတာတော့ မဟုတ်ဘူး,
ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

ယင်းက ဇိမ်ရှိလွန်းသည် မဟုတ်ပါလား။

ကျွင်းရှောင်ယောက်တို့ စီးနင်းလာသော လှေ့ပျံသည် ကျန်းမိသားစုဝင်တချို့၏ အာရုံစိုက်မှုကို ခံခဲ့ရသည်။

"ဒါက နတ်ဘုရားမ ကျန်းစန်းယီနဲ့ တခြားသူတွေပဲ။ အိုး၊ နတ်ဘုရားမ ကျန်းရို့လည်း ဒီမှာဟ၊ နောက်ပြီးတော့ သူက..."

ကျန်းမိသားစုဝင်များစွာ၏ မျက်လုံးများက ကျန်းစန်းယီကို ဦးစွာ စိုက်ကြည့်ပြီးနောက် ကျန်းရို့အား အံ့အားသင့်စွာ ကြည့်လိုက်သည်။

ကျန်းရို့သည် ကျွင်းမိသားစုမှလူနှင့် အကြောင်းပါပြီးနောက် အိမ်ကို တော်ရုံ

ပြန်မလာဖြစ်တော့ပေ။

အဆုံးတွင် သူတို့မျက်လုံးများက
ကျွင်းရှောင်ယောက်ကို ကျရောက်လာသည်။
ထိုအချိန်တွင် ကျန်းမိသားစုဝင် တော်တော်များများ၏
မျက်လုံးများက ချက်ချင်း အေးခဲသွားခဲ့သည်။

ကျွင်းရှောင်ယောက်က ရုတ်တရက်လာဖို့
ဆုံးဖြတ်လိုက်သည့်အတွက် ကျန်းမိသားစုဟာ
သူလာမည်မှန်း ကြိုမသိခဲ့ကြပေ။

ယင်းက တကယ်ကို ရုတ်ရုတ်သဲသဲ
ဖြစ်သွားစေနိုင်သည်။

"အိုး၊ ဘုရားရေ... သူက ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ပဲ"

"ဘာ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကျန်းမိသားစုဆီ ရောက်လာတယ်လား။ ဒါက ထူးခြားလိုက်တာ"

"ဒါက ပုံမှန်မဟုတ်ဘူးလား။ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ ခန္ဓာကိုယ်ထဲမှာ ကျန်းမိသားစုရဲ့ သွေးတစ်ဝက်လောက် စီးဆင်းနေတယ်လေ။ သူက ကျန်းမိသားစုဝင်တစ်ဦးလို့လည်း ပြောနိုင်တယ်"

အရပ်ရပ်မှ အာမေဋိတ်များစွာ ထွက်ပေါ်လာသည်။

ကျန်းမိသားစုဝင်အချို့ကလည်း အလျင်စလို ဆက်သွယ်ကာ အသိများကို အဆင့်ဆင့် အကြောင်းကြားခဲ့၏။

ကျွင်းရှောင်ယောက် ရောက်ရှိလာခြင်းသည် ကျန်းမိသားစုအတွက် ကြီးကျယ်ခမ်းနားသော ပွဲတစ်ပွဲဟု ဆိုနိုင်သည်။

လှေပျံပေါ်တွင်...

ဤမြင်ကွင်းကိုမြင်တော့ ကျန်းလော့လီ၏ မျက်နှာတွင် အပြုံးပန်းတို့ ဝေဆာသွားသည်။

"အစ်ကိုရှောင်ယောက်၊ ရှင်က ကျန်းမိသားစုကို ပထမဆုံးအကြိမ် ရောက်လာပေမယ့် မိသားစုတွင်းက ဂုဏ်သတင်းကတော့ တကယ်ကို အားမနည်းဘူး။ ကျန်းမိသားစုထဲက လူငယ်တော်တော်များများဆိုရင် အစ်ကို့ကို သူတို့ရဲ့ စံပြပုဂ္ဂိုလ်လို့တောင် မှတ်ယူထားကြတာ"

"ဟုတ်လား"

ကျွင်းရှောင်ယောက်လည်း ကျန်းမိသားစုတွင် သူက ဤမျှသြဇာကြီးမားလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ကျန်းမိသားစုမှ လုလင်လေးများက လေးစားမှုကို လှစ်ပြလာကာ မိန်းမပျိုလေးများကတော့ မျက်လုံး အရောင်တောက်ပလာတော့သည်။

ဆိုရိုးစကားအတိုင်း၊ တစ်စုံတစ်ခုကို အကြိမ်တစ်ရာကို ကြားခြင်းထက် တစ်ကြိမ်တွေ့ခြင်းထက် သာ၍ကောင်းလှသည်။

ယခုလည်း ကျွင်းရှောင်ယောက်၏ နာမည်ကျော်ကြားမှုကြောင့် ၎င်းတို့သည် အကြိမ်ကြိမ် ကြားဖူးထားပြီးဖြစ်သော်လည်း ယခု ပထမဆုံးအကြိမ် တွေ့ရခြင်းမှာ

တကယ့်ကိုအံ့သြစရာကောင်းသည်။

ခဏချင်းမှာပင် ကျွင်းရှောင်ယောက်
ရောက်ရှိလာသည့် သတင်းသည်က လျင်မြန်စွာ
ပျံ့နှံ့သွားလေသည်။

ကျန်းမိသားစု၏ ဝိညာဉ်တောင်ထိပ်တစ်ခုတွင်...

တာအိုဘာသာကို လေ့ကျင့်နေသော လုလင်တစ်ဦးနှင့်
မိန်းမပျိုတစ်ဦးတို့ ရှိနေသည်။

မိန်းကလေးသည် အသက် ဆယ့်ရှစ်နှစ်၊
ဆယ့်ကိုးနှစ်ခန့်ရှိပြီး ချောမောလှပသည်။

သူမတွင် အထင်ရှားဆုံးက ရေပြာရောင်

ဆံနွယ်ရှည်များဖြစ်ပြီး လေအဝှေ့တွင် မျောလွင့်နေသည်။

လူငယ်ကတော့ အသက်နှစ်ဆယ်လောက်ရှိပြီး တောက်ပသော အဝတ်အစားများနှင့် ချောမောသည်။

သူ့တကိုယ်လုံးတွင် ထူးခြားသော အရှိန်အဝါများ ထွက်ပေါ်နေပြီး လက်ကိုဝှေ့ယမ်းရုံဖြင့် ဟင်းလင်းပြင်ကို ပြိုပျက်စေနိုင်ပုံရ၏။

"ချူဟန်၊ ရှန်ကုကမ္ဘာကြီး ပြီးသွားရင်ရင် ကိုယ်တို့ လက်ထပ်ကြရအောင်"

လူငယ်က နူးညံ့သောလေသံဖြင့် ပြောလိုက်သည်။

"အင်း"

ကျန်းချူဟန် အမည်ရှိသော မိန်းကလေးကလည်း
ပျော်ရွှင်နေကာ မငြင်းဆန်နိုင်ဟန်ဖြင့်
မပွင့်တပွင့်ဖြေပြီး အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

ဤလူငယ်က ကျန်းမိသားစုမှမဟုတ်ဘဲ
အခြားကျန်းမျိုးရိုးခွဲမှ ပါရမီရှင် ဖြစ်သည်။

မိသားစုကြီးတွင်းမှ လူတစ်ဦးနှင့်
လက်ထပ်ထိမ်းမြားခြင်းဖြင့်သာ စစ်မှန်သော
ကျန်းမိသားစုဝင် ဖြစ်လာနိုင်သည်။

သူ့အနေအထားဖြင့် ကျန်းစန်းယီနှင့်
ကျန်းလော့လီတို့ကိုတော့ သဘာဝအတိုင်း စိတ်ကူး၍
မရပေ။

ထိုအခါ ကျန်းချူဟန်သာ ရှိသည်။

သူမက အလွန်တော်ပြီး မိသားစု၏
စည်းမျဉ်းများကိုလည်း လိုက်နာတတ်ပေသည်။

မည်သို့ဆိုစေ ဤလူငယ်ကလည်း ခွန်အားနှင့်
အရည်အချင်းရှိသူဖြစ်၍ အင်မော်တယ်မျိုးရိုး၏
သားမြေးတစ်ဦး ဖြစ်ထိုက်သည်။

ကျန်းချူဟန်က ဆန့်ကျင်ခြင်းမပြုသည့်အခါ လူငယ်
မျက်နှာပေါ်တွင် အပြုံးတစ်ခု ဖြစ်လာခဲ့လေသည်။

သူသည် ကျန်းမိသားစုတွင်နေပြီး အလွန်ကောင်းမွန်စွာ
ကြီးထွားနေခဲ့သည်။

ထို့နောက် ကျန်းချူဟန်ကိုလက်ထပ်ပြီး
မိသားစုကြီးထဲသို့ လုံးလုံးဝင်ရောက်ကာ သခင်လေး
ရာထူးကိုပင် ယှဉ်ပြိုင်နိုင်လိမ့်မည်။

လူငယ်က သူ့တွင် ထိုသို့ လုပ်နိုင်စွမ်းရှိသည်ဟုလည်း
တွေးထင်ထားကာ ယုံကြည်မှုရှိနေသည်။

ဤအခိုက်တွင်၊ ကျန်းချူဟန်၏ အစေခံတစ်ဦးက
စိတ်လှုပ်ရှားမှုကြောင့် နီရဲနေသည့် မျက်နှာဖြင့်
ရုတ်တရက် ပြေးလာကာ ပြောလိုက်သည်။

"သခင်မလေးချူဟန်၊ ကြီးကြီးမားမား
တစ်ခုခုဖြစ်သွားပြီ"

----------wunzinnosp

အခန်း ( ၃၀၂ ) ကျန်းမိသားစု၏ မျိုးရိုးအမည်ခံ ပါရမီရှင်၊ ဟင်းလင်းပြင်ဧကရာဇ် ခန္ဓာနှင့် ဟွာယွမ်ရှို့။

"ဟင်၊ ဘာဖြစ်လို့လဲ"

ကျန်းချူဟန်က မျက်လုံးပြူးကာ အစေခံလေးကို ကြည့်လိုက်သည်။

ဤသည်မှာ ရှေးဟောင်း ကျန်းမိသားစု၏ အခြေစိုက်စခန်းပင် မဟုတ်ပါလား။ အဘယ်အရာက ကြီးကြီးမားမားဖြစ်နိုင်ပါမည်နည်း။

"သခင်မလေး၊ ကျန်းမိသားစုကို ဘယ်သူလာတယ်လို့ ထင်လဲ"

အစေခံလေးက အလွန်စိတ်လှုပ်ရှားနေသော

အကြည့်ဖြင့် ကြည့်လိုက်သည်။

"ဘယ်သူလဲ"

ကျန်းချူဟန် အနည်းငယ် သိချင်လာခဲ့၏။

ယခင်ကလည်း အင်မော်တယ်မျိုးရိုးများမှ လူပုံချော သခင်လေးများ လာလည်ကြဖူးသည်။ သို့တိုင် သူ၏ အစေခံလေးက ဤမျှ စိတ်မလှုပ်ရှားခဲ့ပေ။

"ဒါက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပေါ့"

အစေခံက စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"ဘယ်လို"

ကျန်းချူဟန် မျက်နှာပေါ်မှ တည်ငြိမ်မှုများလည်း ချက်ခြင်း ပျက်သွား၏။

ဤအမည်အား မိုးထစ်ချုန်းသံဟုသာ
ဖော်ပြရနိုင်သည်။

မင်းသမီးလုံကျိုကို အနိုင်ယူပြီးနောက်
ကျွင်းရှောင်ယောက်သည် အင်မော်တယ်နယ်မြေကြီး၌
ရေပန်းအစားဆုံး လူငယ်တစ်ဦး ဖြစ်လာလုနီးပါးပင်
ဖြစ်သည်။

ထို့ပြင် ကျွင်းရှောင်ယောက်က
ကျန်းမိသားစုဝင်တစ်ပိုင်း ဖြစ်ချေသည်။

ကျန်းမိသားစုမှ လူငယ်များစွာကလည်း
ကျွင်းရှောင်ယောက်ကို ၎င်းတို့၏ စံပြအဖြစ်
မှတ်ယူပြီး ဂုဏ်ယူဝံ့ကြွားခဲ့ကြသည်။

ဤအထဲတွင် ကျန်းချူဟန်လည်း
ချွင်းချက်မဟုတ်ပေ။

သူမသည်လည်း ကျန်းမိသားစု၏ ပါရမီရှင်ဖြစ်ပြီး
လျှို့ဝှက်ဆန်းကြယ်သော ရေနတ်ဝိညာဉ်ခန္ဓာ ရှိသည်။
သူမသည် ကျန်းမိသားစု၏ မျိုးဆက်သစ်များ၌
ကျန်းစန်းယီနှင့် ကျန်းလော့လီပြီးလျှင် ဒုတိယ
လိုက်ပေသည်။

သို့ရာတွင် နာမည် အလွန်ကျော်ကြားနေသော
ကျွင်းမိသားစု၏ နတ်ဘုရားသားတော်အကြောင်းကိုမူ
သူမ အလွန်သိချင်နေခဲ့သည်။

"သွားကြည့်ရအောင်"
ကျန်းချူလည်း စူးစမ်းချင်စိတ်ကို မထိန်းနိုင်ဘဲ
သူ့ဘေးနားမှ လူငယ်ကို လျစ်လျူရှုကာ တိုက်ရိုက်

လှည့်ထွက်သွားတော့သည်။

ယင်းက လူငယ်လေး ဟွာယွမ်ရှို့၏
မျက်နှာအမူအရာကို အနည်းငယ်
ပြောင်းလဲသွားစေခဲ့သည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
ကျွင်းရှောင်ယောက်က ဘာလို့ ဒီကို
ရောက်လာတာလဲ'

ဟွာယွမ်ရှို့၏ စိတ်ထဲတွင် အံ့သြသွားသလို
ခံစားလိုက်ရသည်။

ကမန်းကတန်း ထွက်ခွာသွားသော
ကျန်းချူဟန်နောက်ကျောကိုကြည့်ကာ ဟွာယွမ်ရှို၏
မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားပြီး
အရောင်တစ်ခုလည်း လက်သွားခဲ့လေသည်။

ခဏစဉ်းစားပြီးနောက် သူလည်း နောက်မှ လိုက်ပါသွားခဲ့သည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်နှင့် အခြားသူများက ကျန်းမိသားစုထဲသို့ ဝင်ရောက်လာကြသည်။

နေရာမှာတော့ ကျန်းမိသားစု၏ မိသားစုဝင်များစွာ ရောက်နေခဲ့ချေပြီ။

လူများစွာဖြင့် ဝန်းရံထားခံရသောကြောင့် ကျွင်းရှောင်ယောက်မှာ တိရစ္ဆာန်ရုံရှိ မျောက်တစ်ကောင်ကဲ့သို့ပင် ခံစားခဲ့ရသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က

အင်မော်တယ်တစ်ပါးလိုပဲဆိုတာ အခုတော့
ကောလဟာလအတိုင်းပါပဲလား"

"ဟုတ်တယ်၊ နတ်ဘုရားသားတော်က ကမ္ဘာပေါ်မှာ
တုဖက်မဲ့တဲ့ သူပါပဲ"

ကျွင်းရှောင်ယောက်၏ အသွင်အပြင်နှင့်
အနေအထားအောက်တွင် ကျန်းမိသားစုမှ
မိန်းကလေးမည်မျှ ကျဆုံးသွားပြီမှန်းပင်
မသိနိုင်တော့ပေ။

ကျွင်းရှောင်ယောက်က ပြီးပြည့်စုံလွန်းသောကြောင့်
မည်သည့်ရှုထောင့်မှမဆို ချို့ယွင်းချက်မရှိသာ
ဖြစ်သည်။

ရုပ်ရည်အရဆိုလျှင် အင်မော်တယ်နယ်မြေကြီး၌

အချောမောဆုံးဟုပင် ပြောနိုင်သည်။

အရည်အချင်းအရဆိုလျှင်လည်း
ဆယ့်လေးနှစ်သားအရွယ်ဖြင့်
တုန့်ထျန်းနယ်ပယ်ရောက်ကာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာ၊ အနှိုင်းမဲ့အရိုး စသော
တာအိုခန္ဓာနှစ်ခုလည်း ရှိသေးသည်။

ခွန်အားအရဆိုလျှင် မင်းသမီးလုံကျိုကဲ့သို့သော
ရှေးဟောင်းလူထူးဆန်းကိုပင် အနည်းငယ်မျှ
ထိခိုက်ခြင်းမရှိဘဲ အနိုင်ယူနိုင်သည်။

ဝိသေသလက္ခဏာအရလည်း ကျွင်းမိသားစု၏
နတ်ဘုရားသားတော်၊ စီကွမ်သုညနှင့်
မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ မြင့်မြတ်သားတော်၊
စသည်တို့ ရှိသည်။ ယခု ကျန်းမိသားစုတွင်ပင် သူ၏

အဆင့်အတန်းက အသေးအဖွဲ့ မဟုတ်ပေ။

ရှုထောင့်ပေါင်းစုံမှ ကျွင်းရှောင်ယောက်ဟာ အပြစ်ကင်းစင်သည်။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင် ဤမျှ ပြီးပြည့်စုံသော ဒုတိယလူကို ရှာနိုင်ရန်မလွယ်ပေ။

ထို့ကြောင့် ကျန်းမိသားစုမှ မိန်းကလေးများ ကြွေကျကုန်သည်မှာ အံ့ဩစရာ မဟုတ်တော့ပါချေ။

နံဘေးတွင် ကျန်းလော့လီလည်း အနည်းငယ် မှင်တက်သွားမိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏

တောက်ပမှုအတွက်  ဝမ်းသာမိပေသည်။

အကြောင်းမှာ ကျွင်းရှောင်ယောက်ကို
သူမ၏လူအဖြစ်  ဆုံးဖြတ်ထားပြီးသောကြောင့်ပင်
ဖြစ်သည်။

ကိုယ့်ယောက်ျား တောက်ပခြင်းကို မပျော်ရွှင်သော
မိန်းမဟူ၍ အဘယ်မှာ ရှိနိုင်ပါမည်နည်း။

ထိုအချိန်တွင် သန်မာသော အရှိန်အဝါတချို့က
အဝေးမှ ထွက်ပေါ်လာသည်။

၎င်းတို့သည် ခန့်ညားသော လူလတ်ပိုင်း
အမျိုးသားများနှင့် လှပသော လူလတ်ပိုင်း
အမျိုးသမီးများ ဖြစ်သည်။ ၎င်းတို့အားလုံးက
ရတနာတစ်ပါးကို စိုက်ကြည့်သကဲ့သို့

ကျွင်းရှောင်ယောက်အား ကြည့်လိုက်ကြလေသည်။

"ဒါက ကျွင်းရှောင်ယောက်လား၊ မင်းကို ပထမဆုံးတွေ့ဖူးတာပဲ"

"လူက လူပုံချောပဲ၊ ငါတို့ ကျန်းမိသားစုရဲ့ ကောင်းတဲ့သွေးကို အမွေဆက်ခံထိုက်ပေတယ်"

ထိုသူများက ကျွင်းရှောင်ယောက်ထံသို့ လျှောက်လာကြကာ ပြုံးရွှင်စွာဖြင့် ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်လည်း ၎င်းတို့တွင် အားအနည်းဆုံးက သူတော်စင်အဆင့်ဖြစ်ကြောင်း ခံစားလိုက်ရသည်။

"လာလာ ရှောင်ယောက်၊ ဒါက
မင်းရဲ့သတ္တမမြောက်အဒေါ်၊ ဒါက
မင်းရဲ့အဋ္ဌမဒေါ်လေး၊ တတိယ ဦးလေး၊
ဒုတိယဦးလေး၊ စတုတ္ထသခင်..."

ကျန်းရို့က ပြုံးကာ မိတ်ဆက်ပေးလိုက်သည်။

ကျွင်းရှောင်ယောက်လည်း သူ့နှလုံးသားတွင် အနည်းငယ် အေးမြမှုကို ခံစားလိုက်ရသည်။

သူ့မိခင် ကျန်းရို့၏မျိုးရိုးက ကျန်းမိသားစုတွင် အသန်မာဆုံးမျိုးရိုး ဖြစ်ပုံရပေသည်။

"ရှောင်ယောက်က အကြီးအကဲတို့ကို ဂါရဝပြုပါတယ်"

ကျွင်းရှောင်ယောက်က လက်ယှက်ပြီး ပြောလိုက်သည်။

ထိုသို့သော သဘောထားက ကျန်းမိသားစုမှ ဆွေမျိုးများကို ကျေနပ်မှုအပြုံးများ ဖြစ်စေခဲ့လေသည်။ ၎င်းတို့ဟာ ကျွင်းရှောင်ယောက်ကို ကြည့်လေလေ၊ ပို၍ ကျေနပ်လာလေလေ ဖြစ်သည်။

ပတ်ဝန်းကျင်မှ ကျန်းမိသားစုဝင်များလည်း သက်ပြင်းချလိုက်ကြပေသည်။

မူလက ၎င်းတို့သည် ကျွင်းရှောင်ယောက်၏ ထူးကဲသော ဝိသေသလက္ခဏာများအရ သူ့စရိုက်မှာ ဤမျှအထိန်းအကွပ်မရှိလျှင်ပင် အံ့ဩမည်မဟုတ်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ အမူအရာက တည်ငြိမ်ပြီး ယဉ်ကျေးသိမ်မွေ့လွန်းမည်ဟုတော့

ထင်မထားခဲ့ပါချေ။

“နတ်ဘုရားသားတော်က ရက်စက်ပြီး ပြတ်သားသူလို့ ပြင်ပကမ္ဘာမှာ ကောလဟာလတွေ ရှိနေပေမဲ့ အခုတော့ ဒါတွေအားလုံး ကောလဟာလသက်သက် ဖြစ်နေတဲ့ပုံပဲ"

"ဟုတ်တယ်၊ နတ်ဘုရားသားတော်ရဲ့ စရိုက်က တကယ်ကောင်းတယ်"

ကျွင်းရှောင်ယောက်၏ အပြုအမူက ကျန်းမိသားစုဝင်တိုင်းကို ကျေနပ် နှစ်သက်သွားစေသည်။

တစ်ဖက်မှ ကျန်းရို့လည်း အလွန် သဘောကျသွားလေသည်။

သူမ အကြောက်ဆုံးအရာက ကျွင်းရှောင်ယောက်ဟာ ငယ်စဉ်ကတည်းက ကျွင်းမိသားစုထဲတွင် နေခဲ့ရ၍ ကျန်းမိသားစုနှင့် ဝေးကွာနေသော ခံစားချက်မျိုး ရှိမှာကို ဖြစ်သည်။

ယခုတော့ ဤကိစ္စမျိုးအတွက် လုံးဝ စိတ်ပူစရာ လိုပုံမရတော့ပေ။

'ဒီအတိုင်းဆိုရင် ရှောင်ယောက်အတွက် မိသားစုထဲမှာ အထောက်အထားတစ်ခု ပေးလို့ရလိမ့်မယ်'

ကျန်းရို့က စိတ်ထဲမှ ရေရွတ်လိုက်သည်။

ထိုအချိန်တွင် အလင်းတန်းနှစ်ခုက ကောင်းကင်မှ ထွက်ပေါ်လာပြန်သည်။

အလင်းများ ပျောက်ကွယ်သွားသောအခါ လူငယ်နှင့် မိန်းမပျိုတစ်ဦးကို မြင်လိုက်ရလေသည်။

မိန်းကလေးက အပြာနုရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး ရေပြာရောင်ဆံပင်များကလည်း လေထဲတွင် လွင့်မျောနေသည်။ သူမက ဖြူဖွေးသော အသားအရေနှင့် ချစ်စရာကောင်းပေသည်။

လူငယ်ကတော့ တောက်ပြောင်သော အဝတ်အစားနှင့် ချောမောသည်။

ယင်းက ကျန်းချူဟာန်နှင့် ဟွာယွမ်ရှို့တို့ ဖြစ်ချေသည်။

ကျန်းချူဟာန်က လူအုပ်ထဲတွင်ရပ်ကာ ကျွင်းရှောင်ယောက်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်

နှလုံးသားတွင်းမှ လှုပ်ရှားသွားခဲ့သည်။

အသံကြားသည်ထက် ရုပ်မြင်ခြင်းက
သာ၍ကောင်းပေသည်။

ကျန်းချူဟန်သည် မူလက သူ့ဘေးမှ ဟွာယွမ်ရှို့ကို
ထူးကဲပြီဟု ထင်မှတ်ထားခဲ့သည်။

သို့သော်လည်း အဆိုပါ အဖြူရောင်ဝတ်
လူငယ်လေးနှင့်တော့ လုံးဝ နှိုင်းယှဉ်၍မရပေ။

ကျွင်းရှောင်ယောက်က နေရာတွင်ရပ်နေရုံဖြင့်
လူတိုင်း၏အာရုံကို ဆွဲယူသွားခဲ့ပုံ ရသည်။

ကျွင်းရှောင်ယောက်ကို ကြည့်မိသောအခါ

ဟွာယွမ်ရှို့၏ မျက်လုံးမှာလည်း အံ့အားသင့်မှု အရိပ်အမြွက်များ ဖြစ်လာခဲ့လေသည်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါသည် နက်ရှိုင်းသော တွင်းနက်ကြီးတစ်ခုကဲ့သို့ နားမလည်နိုင်လောက်အောင်ပင်။

သူသည် ရည်ရွယ်ချက်ရှိရှိ စစ်ဆေးခဲ့သော်လည်း ကျွင်းရှောင်ယောက်၏ အရှိန်အဝါကို လုံးဝ ဖမ်းဆုပ်နိုင်ခြင်းမရှိသေးကြောင်း သိလာခဲ့ရသည်။

"ဟမ်"

ကျွင်းရှောင်ယောက်ကလည်း ကျန်းချူုဟန်နဲ့ ဟွာယွမ်ရှို့ကို သတိပြုမိသည်။

ကျွင်းရှောင်ယောက်က ကျန်းချူုဟန်ကို ကြည့်ရုံသာ

တစ်ချက်ကြည့်လိုက်၏။

ယင်းအစား ဟွာယွမ်ရှို့ကို စူးစိုက် ကြည့်လာသည်။

'ထူးခြားတဲ့ ခန္ဓာတစ်ခုပဲ'
ကျွင်းရှောင်ယောက် သူ့ဘာသာသူ တွေးလိုက်၏။

ကျွင်းရှောင်ယောက်က သူ့ကို ကြည့်နေသည်အား
မြင်ရသောအခါ ဟွာယွမ်ရှို့လည်း သူ့တကိုယ်လုံးကို
မြင်သွားသကဲ့သို့ ခံစားလိုက်ရသည်။

"ကျန်းချူဟန်က သခင် နတ်ဘုရားသားတော်ကို
ဂါရဝပြုပါတယ်"
ကျန်းချူဟန်က ရှေ့သို့ တိုးလာကာ
ကျွင်းရှောင်ယောက်ကို လက်ယှက်ပြီး

ဦးညွတ်လိုက်သည်။

"အင်း"

ကျွင်းရှောင်ယောက်လည်း ယဉ်ကျေးစွာပင် ပြုံးပြလိုက်လေသည်။

ဟွာယွမ်ရှူ့ကတော့ အနည်းငယ်သာ လက်ယှက်ပြပြီး ဘာမျှမပြောပေ။

ထိုအခါ ဘေးတွင်ရှိနေသော ကျန်းရှီလင်းက ကျွင်းရှောင်ယောက်ကို အသံပို့လွှတ်ပြီး မိတ်ဆက်ပေးလိုက်သည်။

'ဒီတော့ သူက ဒဏ္ဍာရီလာ ဟင်းလင်းပြင်ကောရာဇ် ရုပ်ခန္ဓာနဲ့ ဟွာယွမ်ရှူ့ပေါ့'

ကျွင်းရှောင်ယောက်က တိတ်တဆိတ် တွေးလိုက်၏။

ဟင်းလင်းပြင်ကောရာဇ်ခန္ဓာသည်
ဟင်းလင်းပြင်စွမ်းရည်ကို ထိန်းချုပ်ရာ၌
အလွန်ထူးကဲသော ခန္ဓာတစ်ခု ဖြစ်သည်။

ဤခန္ဓာမျိုးသည် အရှိန်လွန်ကဲရုံသာမက၊
အရိပ်မဲ့သည့်နှယ် သွားလာနိုင်ကာ
ဟင်းလင်းပြင်ကိုပင် ဖောက်ဖျက်သွားနိုင်သည်။

ထို့ပြင် ဟင်းလင်းပြင်လှောင်အိမ်နှင့်
အခြားနည်းလမ်းများကိုလည်း ထိန်းချုပ်နိုင်စွမ်း
ရှိသေးသည်။

ဎင်းတို့က အလွန်ထက်မြက်ကာ မတော်တဆ
ဖြစ်မလာသရွေ့ အနည်းဆုံး အဓိပမိများ

ဖြစ်လာနိုင်ကြသည်။

ထို့ကြောင့် ကျန်းမိသားစုက ဟွာယွမ်ရှို့ကို အခွင့်အရေးပေးထားသည်မှာ အံ့သြစရာ မရှိပေ။

သူက မျိုးရိုးနာမည်ခြား ဖြစ်နေလျှင်ပင် မိသားစုမှ အကြွင်းမဲ့ပျိုးထောင်ပေးရသည်။

၎င်းကို ကျန်းမိသားစုမှာပင် နေခွင့်ပြုပြီး ပါရမီရှင် ကျန်းချူဟာန်နှင့် လက်ထပ်ပိုင်ခွင့် ပေးထားကြလေသည်။

သို့ရာတွင် ယခုအခါ ဟွာယွမ်ရှို့၏ မနှိမ့်ချသော သဘောထားက ကျန်းမိသားစုဝင်အချို့ကို အနည်းငယ် မပျော်မရွှင် ဖြစ်စေခဲ့သည်။

ကျွင်းရှောင်ယောက်က ကျန်းမျိုးရိုးကို မယူသော်လည်း ကျန်းမိသားစု၏ သွေးတစ်ဝက် စီးဆင်းနေဆဲပင်။

အခြားတစ်ဖက်တွင် ဟွာယွမ်ရှို့ကလည်း မျိုးရိုးမတူ ပါရမီရှင်ဖြစ်သည့်တိုင် ကျန်းမိသားစု၏ သွေးတစ်စက်မျှ မရှိပေ။

၎င်းတို့အမြင်တွင် ဟွာယွမ်ရှို့၌ ကျွင်းရှောင်ယောက်ကို ထိုသို့သော သဘောထားဖြင့် ဆက်ဆံနေရန် အရည်အချင်းမရှိပါချေ။

----------wunzinnosp

အခန်း ( ၃၀၃ ) အဘိုးကျန်းတောက်ရှီ၏

လက်ဆောင်၊ ကျန်းမိသားစု၏ သခင်လေး
အထောက်အထား၊ ဟွာယွမ်ရှို့၏ မကျေနပ်မှု။

ကျွင်းရှောင်ယောက် ကိုယ်တိုင်ကတော့ ဟွာယွမ်ရှို့၏
သဘောထားကို သိပ်ဂရုမစိုက်ပေ။

ဟင်းလင်းပြင်ကေရာဇ်ခန္ဓာမှာ
အလွန်သန်မာသော်လည်း ကျွင်းရှောင်ယောက်က
လုံးဝမကြောက်ပါချေ။

တစ်ဖက်လူ၏ တာအိုခန္ဓာက သူ၏
ရှေးပဟောင်းမြင့်မြတ်ခန္ဓာနှင့်ပင် မယှဉ်နိုင်သောကြောင့်
မည်သို့မျှ ဂရုစိုက်ရန် မလိုပါ။

သူက ဟွာယွမ်ရှို့ကို လျစ်လျူရှုပြီး ကျန်းချူဟာန်အား
ခေါင်းညိတ်ပြကာ စကားအနည်းငယ်

ပြောလိုက်သည်။

ကျန်းချူဟန်ကလည်း ပျော်ရွှင်သောအပြုံးဖြင့် တုံ့ပြန်ခဲ့လေသည်။

ယင်းကြောင့် ဟွာယွမ်ရှို့မှာ ပို၍ မမှိန်မသုန် ဖြစ်လာသည်။

ကျန်းချူဟန်က သူ၏ စေ့စပ်ကြောင်းလမ်းမှုကို အတည်ပြုလိုက်ပြီ။

ထို့ကြောင့် ရှန်းကုကမ္ဘာ၏ အခွင့်အရေးများ ပြီးဆုံးပြီးနောက် လက်ထပ်ကြတော့မည် ဖြစ်သည်။

ထိုအချိန်တွင်၊ သူက ကျန်းမိသားစု၏

တရားဝင်အဖွဲ့ဝင်တစ်ဦးအဖြစ်နှင့် ကျန်းမိသားစု၏
သခင်လေးဖြစ်ရန်ပင်
အရည်အချင်းပြည့်မီပေလိမ့်မည်။

ကျန်းမိသားစု၏ သခင်လေးအနေအထားသည်
အလွန်မက်မောဖွယ်ကောင်း၍ ရှေးကတည်းကပင်
သူကြိုးစားနေခဲ့ခြင်း ဖြစ်သည်။

ဤအခြေအနေရှိမှသာလျှင် ကျန်းမိသားစု၏
အပြည့်အဝ ပံ့ပိုးကူညီမှုနှင့် လေ့ကျင့်ပေးမှုကို
အမှန်တကယ် ရရှိနိုင်လိမ့်မည်။

ကျန်းမိသားစု၏သွေးမရှိသောကြောင့်
ခေါင်းဆောင်နေရာအတွက် မယှဉ်ပြိုင်နိုင်သော်လည်း
နောင်တွင် ဒုခေါင်းဆောင်နှင့်
မဟာအကြီးအကဲတစ်ဦးဖြစ်ရန် လုံလောက်လာရမည်

ဖြစ်သည်။

ထိုအရာအားလုံးအတွက် ကျန်းချူဟာန်နှင့် လက်ထပ်ခြင်းသည် အရေးကြီးဆုံးအပိုင်းပင်။

ယခုမူ ကျွင်းရှောင်ယောက်နှင့် စကားစမြည်ပြောရင်း ရယ်မောနေသော ကျန်းချူဟာန်ကိုကြည့်ကာ...

ဟွာယွမ်ရှို့ဟာ သူ့ခေါင်းထက်တွင် စိမ်းလန်းသောမြက်ခင်းပြင်တစ်ခု ရှိလာသကဲ့သို့ ခံစားလိုက်ရသည်။

"အမချူဟာန် ပြောလို့ပြီးပြီလား၊ ပြီးပြီဆိုရင်လည်း အစ်ကိုရှောင်ယောက်ကို အရင်ဆုံး အနားယူဖို့ မျိုးနွယ်စုထဲကို ခေါ်သွားကြရအောင်"

ကျန်းလော့လီက မကျေမနပ်ဖြင့်

အနားလျှောက်လာကာ
ကျွင်းရှောင်ယောက်၏လက်ကို
တမင်တကာဆွဲလိုက်သည်။

ထိုမှသာ ကျန်းချူဟာန် သတိပြန်ဝင်လာပြီး
မျက်နှာနီမြန်းကာ အနည်းငယ်လည်း
ရှက်သွားခဲ့မိသည်။

သူမက ကျွင်းရှောင်ယောက်ကို တခါမှ မမြင်ဖူးခဲ့ပေ။
ထို့ကြောင့် ဤသို့ဖြစ်ရခြင်းမှာ လွန်မည်ဟုတော့
မထင်ပါချေ။

နောက်ပိုင်းတွင် ကျန်းမိသားစုမှ
ကျွင်းရှောင်ယောက်ကို မျိုးနွယ်စုရှိ
ဇိမ်ခံခန်းမတစ်ခုသို့ ခေါ်လာခဲ့ကြသည်။

"ရှောင်ယောက်၊ သား အနားယူချင်လား"
ကျန်းရှို့က မေးသည်။

"ဟုတ်တယ်၊ အစ်ကိုရှောင်ယောက် အနားယူပါဦး"
ကျန်းလော့လီက ပြောလိုက်လေသည်။

"မလိုပါဘူး၊ အဘိုးကို အရင်သွားတွေ့တာပေါ့"
ကျွင်းရှောင်ယောက်က သူ့လက်ကို
ဝှေ့ယမ်းလိုက်သည်။

ဤအမူအရာက ကျန်းမိသားစုမှလူတိုင်းကို
အနည်းငယ်စိတ်လှုပ်ရှားသွားစေခဲ့သည်။

ကျွင်းရှောင်ယောက်က မိသားစုတွင်
မနေဖူးသော်လည်း သူတို့ ကျန်းမိသားစုကို

အလွန်ဂရုစိုက်နေဆဲပင်။

ဤသိမ်မွေ့သော ဩဇာလွှမ်းမိုးမှုဖြင့် ကျွင်းရှောင်ယောက်ဟာ ကျန်းမိသားစုမှလူတိုင်းကို အနိုင်ယူခဲ့သည်။

ကျန်းမိသားစု၏ အနက်ရှိုင်းဆုံးနေရာတွင်... ရှေးဟောင်း အငွေ့အသက်များနှင့် ပြည့်နှက်နေသော ခန်းမတစ်ခု ရှိသည်။

ပုံမှန်အားဖြင့်၊ မျိုးနွယ်စုများဝင်များကိုပင် ဤနေရာသို့ ချဉ်းကပ်ရန် တားမြစ်ထားသည်။

အကြောင်းမှာ ဤနေရာက ကျန်းမိသားစု၏ အဓိပဓိ တန်ခိုးရှင်များ နေရာဖြစ်ပြီး အားလုံး အနားယူသည့် နေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။

ထိုအချိန်တွင် ကျန်းရို့နှင့် ကျန်းမိသားစု အကြီးအကဲအချို့၏ ဦးဆောင်မှုအောက်တွင် ကျွင်းရှောင်ယောက်နှင့် အခြားသူများဟာ ခန်းမအပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။

မျိုးနွယ်စု အကြီးအကဲတစ်ဦးက ရှေ့သို့လှမ်းကာ လက်ယှက်ပြီး ပြောလိုက်လေသည်။

"အမိပမိ အကြီးအကဲခင်ဗျာ၊ တစ်ယောက်ယောက်က ခင်ဗျားကိုတွေ့ဖို့ တောင်းဆိုနေပါတယ်"

"ငါ ဘယ်သူကိုမှ မတွေ့ဘူးလို့ မပြောဘူးလား"

ခန်းမ အတွင်းပိုင်းမှ အိုမင်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

"အကြီးအကဲခင်ဗျာ၊ အခုရောက်လာတာက

နတ်ဘုရားမ ကျန်းရိုနဲ့ ကျွင်းရှောင်ယောက်ပါ"

"ဘာ"

ထိုစကားများ ထွက်လာပြီးနောက် ပြန်လည်
ပိတ်သွား၏။ ထို့နောက်တွင်ကားား
အခိုင်အမာပိတ်ထားသောတံခါးမှာ ရုတ်တရက်
ပွင့်လာခဲ့တော့သည်။

"ဝင်လာခဲ့"

ဤနောက် ကျွင်းရှောင်ယောက်အပါအဝင် လူတိုင်း
ဝင်သွားခဲ့ကြသည်။

ဤသည်မှာ နန်းတော်တစ်ခုဖြစ်သော်လည်း
အတွင်းပိုင်းမှာတော့ စကြဝဠာတစ်ခုပါရှိသော

ကမ္ဘာငယ်လေး တစ်ခုကဲ့သို့ပင်။

ဤတွင် ဝိညာဉ်ရေးမြူခိုးများထူထပ်ပြီး
မြက်ပင်များလည်း ရှိနေသည်။ သက်တမ်းရင့်
ဆေးပင်မျိုးစုံတို့ကလည်း
ချောက်ကမ်းပါးများကြားတွင်
ပေါက်ရောက်နေကြ၏။

အတောင်ပံဖြန့်၍ ပျံသန်းနေသော
ဝိညာဉ်သားရဲများလည်း ရှိသေးသည်။

ထိုကဲ့သို့သော စကြဝဠာငယ်လေးတွင်၊
ဝိညာဉ်တောင်ကိုးလုံး ရှိသည်။

ဤအခိုက်တွင် တောင်လေးလုံးပေါ်၌
တင်ပျဉ်ခွေထိုင်နေသော လူရိပ်လေးခု ရှိ၏။

ယင်းမှာ ချောမောလှပသော မျက်နှာသွင်ပြင်ဖြင့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး၊ အနက်ရောင် ဝတ် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးနှင့် ထိပ်ပြောင်နေသော အဘိုးအိုတစ်ဦး ဖြစ်သည်။

ပုံပန်းသဏ္ဍာန် မတူညီကြသော်လည်း ၎င်းတို့၏ အရှိန်အဝါများကတော့ ကောင်းကင်ကိုတောင် ဖြိုခွင်းနိုင်တော့မည့်ပုံပင်။

ဤလူများအားလုံးက အဓိပဓိများ ဖြစ်ကြသည်မှာ သံသယရှိရန် မလိုတော့ပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ မျက်လုံးများက မျက်ခုံးဖြူ အဘိုးအိုပေါ်ကို ကျရောက်လာသည်။

ထိုအဘိုးအိုသည် ရိုးရှင်းသော ပိတ်အင်္ကျီကို
ဝတ်ဆင်ထားပြီး ဆံပင်နှင့် မုတ်ဆိတ်များ
ဖြူဖွေးနေကာ ခါးပင် အနည်းငယ်ကိုင်းနေပြီ
ဖြစ်သည်။

သူ့ခန္ဓာကိုယ်ကလည်း ပုပ်ပွနေသော
သစ်သားအပိုင်းတစ်ခုကဲ့သို့ ညိုးနွမ်းသော
အရှိန်အဝါများ ထွက်ပေါ်နေလေသည်။

သို့သော်ငြားလည်း အဘိုးအို၏ အရှိန်အဝါမှာ
ကြောက်စရာကောင်းပြီး ကောင်းကင်ကြီးပင်
သူ့ကြောင့် တုန်လှုပ်သွားပုံရသည်။

ဤမျက်ခုံးဖြူအဘိုးကြီးက ကျွင်းရှောင်ယောက်၏
အဘိုး၊ ကျန်းရို့၏ဖခင် ကျန်းတောက်ရှီပင် ဖြစ်သည်။

"ရှောင်ယောက်၊ မင်းပဲ..."

ကျန်းတောက်ရှီ၏ အေးချမ်းတည်ငြိမ်သော မျက်နှာက ကျွင်းရှောင်ယောက်ကို မြင်ရသောအခါ ချက်ချင်း လှုပ်ရှားလာသည်။

စိတ်လှုပ်ရှားမှုကြောင့် သူ့ခန္ဓာကိုယ်သည်ပင် အနည်းငယ် တုန်ခါနေခဲ့၏။ အဓိပတိတန်ခိုးရှင်တစ်ဦး စိတ်လှုပ်ရှားမှုကြောင့် ဤမျှဖြစ်နေခြင်းမှာ မယုံနိုင်စရာပင်။

ယင်းကိုမြင်ပြီးနောက် ကျွင်းရှောင်ယောက်က လက်ယှက်ပြီး ရိုရိုသေသေ ဦးညွှတ်ကာ ပြောလိုက်သည်။

"မြေး ကျွင်းရှောင်ယောက်က အဘိုးကို ဂါရဝပြုပါတယ်။ အဘိုးကိုလာတွေ့တာ

နောက်ကျသွားတဲ့အတွက် မြေးကို အပြစ်မတင်ဖို့ မျှော်လင့်တယ်"

"ဟားဟားဟား၊ ရှောင်ယောက်၊ မင်းလာရုံကတင် ရပါပြီ"

ကျန်းတောက်ရှီ၏ပုံရိပ်က မှုန်ဝါးသွားပြီး နောက်အခိုက်အတန့်တွင် ကျွင်းရှောင်ယောက် အရှေ့၌ ပေါ်လာသည်။

သူ၏ အိုမင်းသော မျက်လုံးများက ကျွင်းရှောင်ယောက်ကို လေးလေးနက်နက် စိုက်ကြည့်ပြီးနောက် ကောင်းကင်ကို မော့ကြည့်လိုက်ကာ အားပါးတရ ရယ်မောလိုက်လေသည်။

"ငါ ကျန်းတောက်ရှီရဲ့မြေးက

မျှော်လင့်ထားသလိုပါပဲ။  အနာဂတ်မှာ သူကို့
ခေတ်အဆက်ဆက်ရဲ့ အတက်အကျတွေကို ရှုမြင်ပြီး
ကောင်းကင်ကိုးဆင့်၊ အင်မော်တယ်နယ်မြေရဲ့ထိပ်မှာ
ရပ်တည်ဖို့ ရည်မှန်းထားတယ်"

ကျန်းတောက်ရှီ၏ မှတ်ချက်များက ကျန်းမိသားစု
အကြီးအကဲများနှင့် မျိုးနွယ်စုဝင်များ အားလုံး၏
မျက်လုံးများတွင် ပြောမပြနိုင်သော
ထိတ်လန့်မှုနှင့်အတူ အသက်ပြင်းပြင်း ရှူမိစေခဲ့သည်။

ဤစကားများ၏ အနက်က လေးလံလွန်းပေသည်။

အရေးကြီးဆုံးအချက်မှာ ဤသည်က
အဓိပဓိတန်ခိုးရှင်မှ ပြောလာခဲ့ခြင်း ဖြစ်သည်။

အဓိပဓိတန်ခိုးရှင်၏ စကားများသည်

ယေဘူယျအားဖြင့် ကြီးစွာသော အကြောင်းတရားနှင့် အကျိုးသက်ရောက်မှုကို ဆွဲဆောင်နိုင်သောကြောင့် လက်လွတ်စပယ် မပြောတတ်ပေ။

ယခုမူ ကျန်းတောက်ရှီက တွန့်ဆုတ်ခြင်းမရှိဘဲ ထိုစကားကို ပြောလာပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ နားလည်လိုက်ပေသည်။ ကျန်းတောက်ရှီ၏ အဆင့်အတန်းအရ သူ့ခန္ဓာကိုယ်ထဲမှ နတ်ဘုရား၏မူလကို တစ်ချက်ကြည့်လိုက်ရုံဖြင့် သိနိုင်သည်။

ထို့ကြောင့်ပင် ကျန်းတောက်ရှီက ချီးမွမ်းလိုက်ခြင်း ဖြစ်ပေမည်။

“အဖေ…"

ကျန်းတောက်ရှီ၏ အခြေအနေကိုကြည့်ကာ ကျန်းရို့မျက်လုံးများက အနည်းငယ်နီသွားသည်။

ယခုအခါ ကျန်းတောက်ရှီက အလွန်အိုမင်းနေခဲ့ပြီ။

အစောပိုင်းနှစ်များတွင် ကျန်းတောက်ရှီက ကျန်းမိသားစုအတွက် အရပ်ရပ်ကို အောင်နိုင်ခဲ့သော်လည်း ရောဂါအမြစ်များစွာကို ကျန်ရစ်စေခဲ့သည်။

ယခုအခါတွင် ထိုရောဂါက သူ၏ အဓိကမဓိ ကျင့်ကြံခြင်းအခြေခံဖြင့်ပင် ဖိနှိပ်ရန် ခက်ခဲနေချေပြီ။

ယခုအခါ ကျန်းတောက်ရှီအဖို့ ကမ္ဘာငယ်လေးတွင်သာ အမြဲနေခဲ့ရပြီ ဖြစ်သည်။

"ဟားဟား၊ မင်းက ဘာလို့ငိုနေရတာလဲ၊ ဒီနေ့ ရှောင်ယောက် ရောက်လာတဲ့အတွက် ဒီအဘိုးကြီး ပျော်ရွှင်ရပါတယ်"

ကျန်းတောက်ရှီက ရယ်မောကာ ပြောလိုက်သည်။

"ဒီလို မြေးကောင်းလေးရထားတာ ခင်ဗျား တကယ်ကံကောင်းတာပဲ"

တောင်ထိပ်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော အခြား အစိပမိ သုံးဦးကလည်း ပြုံးလျက် ပြောလိုက်သည်။

"ဒါထက် ရှောင်ယောက်၊ မင်းရဲ့ဆယ်နှစ်ပြည့်စားပွဲမှာ အဘိုးမင်းကို ပေးချင်ခဲ့တဲ့လက်ဆောင်တစ်ခု ရှိခဲ့တယ်၊ ဒါပေမယ့် အခုမှ မင်းကိုပေးရရင်လည်း သိပ်တော့ နောက်မကျသေးပါဘူး"

ကျန်းတောက်ရှီက ရုတ်တရက် တစ်ခုခုကို

တွေးမိသွားကာ တံဆိပ်ပြားတစ်ခုကို
ထုတ်လိုက်သည်။

တံဆိပ်ပြားပေါ်တွင် 'ကျန်း'ဟူသော စာလုံးတစ်လုံးကို
ရေးထိုးထား၏။

"ဒါက......"

ဤအမှတ်အသားကို မြင်သောအခါ ရောက်ရှိလာသော
ကျန်းမိသားစုဝင်များ၏ မျက်လုံးများမှာ ချက်ချင်း
အေးခဲသွားတော့သည်။

ကျန်းချူဟာန်၊ ကျန်းလော့လီ၊ ကျန်းစန်းယီနှင့်
အခြားသူများသည်ပင် အံ့အားသင့်နေသော
အကြည့်များကို လှစ်ဟလာခဲ့ကြသည်။

"အဲဒါ... ကျန်းမိသားစုရဲ့ သခင်လေးအမိန့်ပဲ"

ကျန်းမိသားစုမှ အကြီးအကဲတစ်ယောက်က အသက်ပြင်းပြင်းရှူလိုက်သည်။

သခင်လေးအမိန့်သည် ကျန်းမိသားစု၏ သခင်လေး အထောက်အထားကို ကိုယ်စားပြုသည်။

ကျွင်းရှောင်ယောက်၏ နတ်ဘုရားသားတော် တံဆိပ်ပြားကဲ့သို့ပင် ကျန်းမိသားစုမှ နတ်ဘုရားသားတော်ကို ကိုယ်စားပြုပေသည်။

ကျန်းမိသားစုတွင် သခင်လေးတစ်ဦးသာ ရှိနိုင်ပြီး ၎င်းကလည်း ယောကျ်ားဖြစ်ရမည်။

ထို့ကြောင့် ကျန်းစန်းယီနှင့် ကျန်းလော့လီကဲ့သို့ ထူးချွန်သူများ ရှိသော်လည်း သခင်လေးအမိန့်ကို မရနိုင်ခဲ့ကြပေ။

ကျန်းမိသားစု၏ မျက်မှောင်ခေတ်မှ မျိုးဆက်သစ်များမှာ အခြေအနေထူးသည်။

ကျန်းစန်းယီ၊ ကျန်းလော့လီနှင့် ကျန်းချူဟန်တို့က ထူးကဲသော အရည်အချင်းများရှိသော်လည်း ပါရမီရှင် မိန်းကလေးများသာ ဖြစ်သည်။

ဆန့်ကျင်ဘက်အနေဖြင့် ယောကျ်ားများကြားတွင် ထူးထူးခြားခြား သိပ်မရှိပါ။

ကျန်းရှီလင်း တစ်ဦးတည်းသာ သားကောင်းဟု ယူဆရနိုင်သည်။

ထို့ပြင် ကျန်းမိသားစုက ကျွင်းမိသားစုနှင့်မတူဘဲ ကျော်ကြားသော ထိပ်တန်းစီကွမ်ဆယ်ဦးလည်း မရှိပေ။

ထို့ကြောင့် ကျန်းမိသားစု၏ သခင်လေး ရာထူးကို ဆိုင်းငံ့ထားခဲ့ရသည်။

မူလက ဟွာယွမ်ရှို့သည် ဤသခင်လေး အဆင့်အတန်းကို ရနိုင်ခြေအရှိဆုံး ဖြစ်သည်။

သူက မိသားစုထဲဝင်ကာ ကျန်းမိသားစုဝင်တစ်ဦး ဖြစ်လာသရွေ့ သခင်လေး အဆင့်အတန်းအတွက် အရည်အချင်းပြည့်မီပေလိမ့်မည်။

သို့ရာတွင် ယခုတော့ အားလုံး ပြီးသွားပြီ ဖြစ်သည်။

ဟွာယွမ်ရှို့၏ ရေရှည်စီမံကိန်း၊ ကြိုးစားအားထုတ်မှု၊ ရုန်းကန်မှုပန်းတိုင်...

အားလုံးကို ကျွင်းရှောင်ယောက်က အလွယ်တကူ ဝင်ယူသွားခဲ့ပြီ။

ယင်းက ဟွာယွမ်ရှို့၏ ခေါင်းထဲတွင် မိုးကြိုးပစ်ခွင်းသကဲ့သို့ ခံစားလိုက်ရသည်။

သွေးများ ယိုစီးလာ၏။

သူ့တွင် သတ္တိများ ဘယ်ကလာမှန်း မသိသော်လည်း မနေနိုင်တော့ဘဲ ပြောလိုက်သည်။

"ယွမ်ရှို့က အတင့်ရဲစွာနဲ့ မေးခွန်းနည်းနည်း
မေးလို့နိုင်မလား"

----------wunzinnosp

အခန်း ( ၃၀၄ ) ဟင်းလင်းပြင်ကောရာဇ်

ခန္ဓာဆိုရင်ကော ဘာအရေးလဲ၊ မင်းကို
တစ်ချက်တည်းနဲ့ အနိုင်မယူနိုင်ရင် ငါအရှုံးလို့
မှတ်လိုက်ပါ။

ဟွာယွမ်ရှို့ကိုယ်တိုင်ပင် ဘယ်က သတ္တိများရ၍
မေးလိုက်မိမှန်း မသိပေ။

သူပြောပြီးသည်နှင့် ချက်ချင်း နောင်တရသွားသည်။

ပတ်ဝန်းကျင်ရှိ ကျန်းမိသားစုဝင်ကလည်း
ဟွာယွမ်ရှို့ကို အံ့အားသင့်စွာ ကြည့်လိုက်ကြ၏။

ဤသည်မှာ အစိပမိအကြီးအကဲ၏
ဆုံးဖြတ်ချက်ဖြစ်သည်။ ၎င်းက မှန်သည်ဖြစ်စေ၊
မမှန်သည်ဖြစ်စေ အငယ်ဖြစ်သော ဟွာယွမ်ရှို့
ဝင်ရောက်စွက်ဖက်၍ ရနိုင်သောအရာ မဟုတ်ပေ။

"ယွမ်ရှို့၊ နင်ဘာတွေပြောနေတာလဲ"
ကျန်းချူဟန်၏ မျက်နှာမှာလည်း ဖြူဖျော့သွားသည်။

ဟွာယွမ်ရှို့က အလွန်တရာမှ
မဆင်မခြင်ပြုမူခဲ့ကြောင်း  ပထမဆုံးအကြိမ်
ခံစားခဲ့ရလေသည်။

ဟွာယွမ်ရှို့ဆိုသည်မှာ သူမရှေ့တွင် အမြဲတည်ငြိမ်ပြီး

စိတ်အေးသူဖြစ်သည်။

ယခုတော့ မိုက်မိုက်မဲမဲ ပြောလာခဲ့ချေပြီ။

"ဟမ်"

ကျန်းတောက်ရှီလည်း အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

သူဒဏ်ရာများ ပြန်ကောင်းလာရန်
ကမ္ဘာငယ်လေးထဲတွင်  နှစ်အတန်ကြာအောင်
အထီးကျန်နေခဲ့သည့်အတွက်
မျိုးဆက်သစ်လူငယ်များအကြောင်း
သိပ်မသိသေးပေ။

"ယွမ်ရှို့၊ မင်း အတင့်ရဲလွန်းသွားပြီ"

မျိုးနွယ်စုအကြီးအကဲတစ်ယောက်က ကြိမ်းမောင်းပြီး ရှေ့ကို ကမန်းကတန်း လျှောက်လာကာ ကျန်းတောက်ရှီအား ဦးညွှတ်ရင်း ပြောလိုက်သည်။

"တောင်းပန်ပါတယ် မဟာအကြီးအကဲ၊ ဒီကောင်လေးက အောက်ခြေကနေ စုဆောင်းခံရတဲ့ မျိုးရိုးခြား ပါရမီရှင်တစ်ဦးပါ။ သူ့မှာ ဟင်းလင်းပြင် ဧကရာဇ်ခန္ဓာရှိတယ်။ နောက်ပြီး သူ့မှာ ထူးကဲတဲ့စွမ်းရည်ရှိတာကြောင့် ကျန်းမိသားစုအတွက် အကောင်းဆုံးလုပ်ဖို့ ရည်မှန်းထားတာပါ"

"မင်းက ငါ့မျိုးနွယ်မဟုတ်ရင် မင်းရဲ့နှလုံးသားက ခြားနားလိမ့်မယ်"

ကျန်းတောက်ရှီ၏ လေသံက ဘာမျှမထူးခြားပေ။

သူသည် ဂုဏ်သိက္ခာရှိသော အဓိပတိတန်ခိုးရှင်တစ်ဦးဖြစ်၍ သူ့ကိုယ်သူ နှိမ့်ချကာ

အငယ်တစ်ယောက်ကို ဂရုစိုက်မည်မဟုတ်ပေ။

သို့ရာတွင် ဤစကားက ဟွာယွမ်ရှို့၏မျက်နှာကို အလွန် အရုပ်ဆိုးစေခဲ့သည်။

အမှန်တကယ်ပင်။

သူ့အရည်အချင်းက ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ၊ ဟင်းလင်းပြင်ကောရာဇ်ခန္ဓာ ရှိထားလျှင်ပင်...

ကျန်းမိသားစုမှ မဟုတ်သရွေ့ မိသားစု၏ယုံကြည်မှုနှင့် ပြုစုပျိုးထောင်မှုကို မည်သည့်အခါမျှ ရရှိလိမ့်မည်မဟုတ်ပေ။

သို့ဆိုလျှင် ကျွင်းရှောင်ယောက်ကော ဘယ်လိုလဲ။

သူ့မျိုးရိုးနာမည်က ကျွင်းဆိုသော်လည်း ကျန်းမိသားစု၏ သွေးတစ်ဝက်လောက်ဟာ သူ့ခန္ဓာကိုယ်ထဲတွင် စီးဆင်းနေသည်။

ထို့ကြောင့် သူ၏ အရည်အချင်း၊ ခွန်အားနှင့် ဩဇာလွှမ်းမိုးမှုတို့အရ ကျန်းမိသားစုမှ သခင်လေးဖြစ်လာလျှင်ပင် မည်သူမျှ ဘာမှ မပြောနိုင်ပေ။

'သေစမ်း'

ဟွာယွမ်ရှို့ သူ့လက်သီးကို တင်းတင်းဆုပ်ထားရင်း သူ့နှလုံးသားထဲမှာလည်း မငြိမ်သက်နိုင် ဖြစ်လာသည်။

သူဟာ ဤအတွက် အချိန်အတော်ကြာအောင် ရှန်းကန်ခဲ့ရသော်လည်း မရနိုင်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က အလွယ်တကူ ရနိုင်ခဲ့၏။

ဘုရားသခင်သည်ကား သူ့အပေါ်တွင် မည်မျှအထိ မတရားခဲ့သနည်း။

ဟွာယွမ်ရှို့၏ မျက်လုံးများမှ အေးစက်မှုကို ကျွင်းရှောင်ယောက်ကလည်း မြင်နေသည်။

"မင်းသဘောမတူဘူးလား"
ကျွင်းရှောင်ယောက်က ရိုးရှင်းစွာပင် တိုက်ရိုက်မေးလိုက်၏။

ဟွာယွမ်ရှို့က အသက်ပြင်းပြင်းရှူကာ စိတ်တည်ငြိမ်အောင် အစွမ်းကုန်ကြိုးစားပြီးနောက် ပြောလိုက်သည်။

"ကျုပ်က နတ်ဘုရားသားတော်ကို မနာခံဖို့ သတ္တိမရှိပါဘူး"

ပြောသာ ပြောရသော်လည်း ဟွာယွမ်ရှို့၏ လေသံထဲမှ နာကြည်းမှုများကို လူတိုင်းကြားရနိုင်သည်။

"မင်းလျှပ်ရှားပါ၊ ဒီနတ်ဘုရားသားတော်က မင်းကို အခွင့်အရေးမပေးဘူးလို့ မပြောနဲ့"

ကျွင်းရှောင်ယောက်က ပွင့်လင်းသည်။

နောက်ဆုံးတွင် လက်သီးကြီးသူက

စကားပြောနိုင်ဆုံးသူပင်။

"ဟမ်"

ဟွာယွမ်ရှို့၏ မျက်လုံးများက
အရောင်ပြောင်းသွားသည်။ ကျွင်းရှောင်ယောက်၏
ရည်ရွယ်ချက်ကို ခဏချင်း သူ နားမလည်နိုင်ပေ။

ထို့ပြင် ကျွင်းရှောင်ယောက်ကို သူတိုက်ခိုက်ပါက
ကျန်းမိသားစု၏ မကျေနပ်မှုကို ပိုတိုးလာစေမည်မှာ
ကြောက်ရသည်။

"မင်းစိုးရိမ်နေစရာမလိုပါဘူး။
ဒီနတ်ဘုရားသားတော်ကို အနိုင်ယူနိုင်ရင်
ကျန်းမိသားစုရဲ့ သခင်လေးရာထူးကို
ဘာလို့မပေးနိုင်ရမှာလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး

ထူးခြားမှုမရှိဟန်ဖြင့် ပြောလိုက်သည်။

"ဒါအမှန်ပဲလား"

ဟွာယွမ်ရှူ့၏ မျက်လုံးများက အလင်းရောင် တောက်ပလာသည်။

"ဟုတ်တယ်၊ ဒါပေမယ့် အခြေအနေတစ်ခုရှိတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"ယို... အခြေအနေတွေရှိသေးတယ်လား"

ဟွာယွမ်ရှူ့ကလည်း ယင်းကို မျှော်လင့်ထားပြီးပြီမို့ ပြုံးပြလိုက်လေသည်။

ကျွင်းရှောင်ယောက်က ငတုံးမဟုတ်ပါ၊ ကျွင်းရှောင်ယောက်အနေဖြင့် သခင်လေးရာထူးကို

မည်သို့ အလွယ်တကူ စွန့်နိုင်ပါမည်နည်း။

ထို့ပြင် ဟွာယွမ်ရှို့က ဟင်းလင်းပြင်ကောရာဇ်ခန္ဓာနှင့် ထိပ်တန်းပါရမီရှင်များထဲမှ တစ်ဦးအဖြစ် အဆင့်သတ်မှတ်ခံရနိုင်သည်။

ကျွင်းရှောင်ယောက်က ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းလိုသောကြောင့် ဤမျှမရိုးရှင်းမှန်း သိနိုင်ကြပေသည်။

"လှူပ်ရှားမှုတစ်ခုနဲ့ ရလဒ်ကို ဆုံးဖြတ်မယ်၊ ဒီနတ်ဘုရားသားတော်က မင်းကို တစ်ချက်တည်းနဲ့ အနိုင်ယူမယူနိုင်ရင် ငါရှုံးပြီလို့ မှတ်လိုက်ပါ" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူပြောပြီးသည်နှင့် တပြိုင်နက် ကျန်းမိသားစုဝင်များ

အားလုံး အေးခဲသွားကြ၏။

ဟွာယွမ်ရှို့ကို တစ်ချက်တည်းဖြင့် အနိုင်မယူနိုင်ပါက ကျွင်းရှောင်ယောက် ရှုံးမည်။

ယင်းက ဘယ်လောက်တောင် မောက်မာလိုက်သနည်း။

"နတ်ဘုရားသားတော်ရဲ့ လေသံက မြင့်လွန်းတယ်"

"ဒါက သန်မာတဲ့လူရဲ့ စိတ်ဓာတ်ပဲလား"

"အို.. အရမ်းမိုက်တာပဲ၊ နတ်ဘုရားသားတော်ကို ပိုပြီး သဘောကျလာမိပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

ဤကျန်းမိသားစုဝင်များက ဟွာယွမ်ရှို့၏ အင်အားကို နားလည်ကြဆုံးပင်။

ကျန်းရှီလင်းပင်လျှင် ဟွာယွမ်ရှို့နှင့် မနှိုင်းယှဉ်နိုင်သေးပါ။

အရေးကြီးဆုံးအချက်က ဟွာယွမ်ရှို့မှာ ဟင်းလင်းပြင်ကေရာဇ်ခန္ဓာကိုယ် ရှိသည်။

၎င်းက ကျွင်းရှောင်ယောက်ကို မယှဉ်နိုင်လျှင်ပင် ဟင်းလင်းပြင်ကေရာဇ်ခန္ဓာ၏ စွမ်းအားဖြင့် တိုက်ကွက်တစ်ခုကိုတော့ သေချာပေါက် ခံနိုင်ရည်ရှိသည်။

ကျွင်းရှောင်ယောက်အနေဖြင့် ဟွာယွမ်ရှို့ကို တစ်ချက်တည်းဖြင့် ချေမှုန်းချင်လျှင်တော့ လုံးဝ ခက်ခဲပေလိမ့်မည်။

"ဘာလဲ၊ နတ်ဘုရားသားတော် နောက်နေတာ မဟုတ်လား"

ဟွာယွမ်ရှို့ ကိုယ်တိုင်ပင် နားကြားလွဲနေသည်ဟု ထင်ကာ မယုံနိုင်မှုအား ခံစားခဲ့ရသည်။

သူက ဟင်းလင်းပြင်စွမ်းရည်ကို ထိန်းချုပ်နိုင်သော ဟင်းလင်းပြင်ဧကရာဇ် ခန္ဓာရှင်ပင်တည်း။

သူက မည်မျှပင် အားနည်းနေပါစေ၊ တစ်ချက်တည်းဖြင့် ရှုံးနိမ့်ရန်ကား မဖြစ်နိုင်ပါချေ။

"ဒီနတ်ဘုရားသားတော် နောက်နေတယ် ထင်လို့လား"
ကျွင်းရှောင်ယောက်က ပြောလိုက်၏။

ကျန်းတောက်ရှီ၏ မျက်လုံးများလည်း
တောက်ပသွားလေသည်။

ဤမြေးကို ပိုပိုပြီး သူကျေနပ်လာသည်။

ကျွင်းရှောင်ယောက်က တစ်ချီတည်းဖြင့် လူအများကို
ဆွဲဆောင်ချင်ကြောင်း သိသာထင်ရှားလှပေသည်။

ဤစိတ်ထားမျိုးက အသက်ဆယ့်လေးနှစ်အရွယ်
ကောင်လေးတစ်ယောက်တွင် ရှိသင့်သောအရာ
မဟုတ်ပါ။

"ကောင်းပြီ၊ ဒါဆိုရင်လည်း ကျုပ်က သင်ယူပါရစေ"
ဟွာယွမ်ရှို့၏ မျက်လုံးများတွင်
စိတ်လှုပ်ရှားမှုအလင်းများ လက်ဖြာလာသည်။

ကျွင်းရှောင်ယောက်က အပိုစကားမပြောဘဲ
လက်ဝါးဖြင့် ရိုက်ချလိုက်၏။

တောက်ပသော နတ်စွမ်းအားများ ထွက်ပေါ်လာပြီး
မိုးနှင့်မြေက တုန်ခါသွားတော့သည်။

ကောင်းကင်နှင့်မြေပြင် အက်ကွဲသွားသကဲ့သို့
လက်ဝါးတစ်ခုက ကမ္ဘာငယ်လေးတစ်ခုလုံးကို
တုန်ခါသွားစေသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

ဤကြောက်မက်ဖွယ်စွမ်းအားဖြင့်
ကောင်းကင်ပြိုကျနေသကဲ့သို့ ဟွာယွမ်ရှို့၏
မျက်နှာကလည်း သိသိသာသာပြောင်းလဲသွားကာ
သူ့တာအိုခန္ဓာကိုယ်ကို အရှိန်အဟုန်ဖြင့်
ထုတ်ဖော်လိုက်သည်။

သူ့ပတ်ဝန်းကျင်မှ ဟင်းလင်းပြင်က တုန်ခါသွားကာ
ကြောက်စရာကောင်းသော ကျောက်တုံးကြီးများ
ထလာခဲ့၏။

သို့သော်လည်း ဤလှုပ်ရှားမှုသည် သစ်ပင်တစ်ပင်ကို
လှုပ်ခါနေသည့် ယင်ကောင်နှင့် မခြားပေ။

ကျွင်းရှောင်ယောက်၏ တွန်းအားအောက်တွင်
ခုခံနိုင်ခြင်း လုံးဝမရှိသလို အသုံးလည်းမဝင်ပါ။

ဟွာယွမ်ရှို့လည်း မျက်နှာအမူအရာ
ပြောင်းလဲသွားကာ အံကြိတ်ပြီး တာအိုခန္ဓာဖြင့်
ဟင်းလင်းပြင်ထဲသို့ ဝင်ပြေးရန် ကြိုးစားလိုက်သည်။

မည်သို့ဆိုစေ၊ ဤတိုက်ခိုက်မှုကို
အရင်ဖြတ်ကျော်ရဦးမည်။

သို့ရာတွင် ကြောက်စရာကောင်းအောင် သူက
ဟင်းလင်းပြင်နှင့် မပေါင်းစည်းနိုင်ကြောင်း
သိလိုက်ရသည်။

သူ၏ တာအိုခန္ဓာက ပျက်ယွင်းသွားပုံရပေသည်။

ကြောက်ရွံ့စွာဖြင့် ကျွင်းရှောင်ယောက်ကို
ကြည့်လိုက်သောအခါ လှောင်ပြောင်သရော်မှုများအား

လှမ်းမြင်လိုက်ရသည်။

သူ့လက်ဝါးထဲတွင် စကြာဝဠာ၏ မူလစွမ်းအား
သဲလွန်စတစ်ခု ရှိနေသည်။

ဤစွမ်းအားက ဟင်းလင်းပြင်
လမ်းကြောင်းအားလုံးကိုပင် လုံးဝ
ချုပ်နှောင်ထားခဲ့၏။

သို့ဖြစ်ပေရာ ဟွာယွမ်ရှို့အဖို့
မည်သို့လွတ်မြောက်နိုင်မည်နည်း။

သူက ဟင်းလင်းပြင်ကေရာဇ်ဖြစ်လျှင်ပင်၊
သူ၏နယ်ပယ်က ကျွင်းရှောင်ယောက်ထက်
အလွန်မြင့်မားခြင်းမရှိလျှင်
လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာသည်။

ဟွာယွမ်ရှို့ဟာ ရှေးဟောင်းဆင်ကြီးတစ်ကောင်
ဖိနှိပ်ခြင်းကို ခံရသကဲ့သို့ ခံစားရပြီး အရိုးများ
တဆတ်ဆတ်တုန်ခါလာခဲ့၏။ သူ့ပါးစပ်ထဲမှလည်း
သွေးများနှင့်အတူ ကွဲအက်နေသော အတွင်းအင်္ဂါများ
ရောနှောကာ အန်ထွက်လာတော့သည်။

သူ့ခန္ဓာက အမြောက်ဆန်ကဲ့သို့ အဝေးမှ
ချောက်ကမ်းပါးပေါ်ကို ပြင်းပြင်းထန်ထန်
လွင့်စဉ်သွားခဲ့သည်။

ဆံပင်များ ဖရိုဖရဲဖြစ်ကာ သွေးများစွန်းပေပြီး
အရှိန်အဝါများလည်း မတည်ငြိမ်တော့ပေ။

တစ်ချက်တည်း။

ဟင်းလင်းပြင်ကောရာဇ်ကို အနိုင်ယူခြင်း။

ကျန်းမိသားစုဝင်များအားလုံး တိတ်ဆိတ်သွားကာ တုန်လှုပ်သွားကြသည်။

ကျွင်းရှောင်ယောက်က တကယ်ကို စွမ်းအားကြီးမားပြီး မျိုးဆက်သစ်လူငယ်များကြား၌ ပြိုင်ဘက်ကင်းနေမည်ဟု ဘယ်သူမှ မတွေးနိုင်ခဲ့ကြပေ။

"ကောင်းတယ်"

ကျန်းတောက်ရှီက ကျေနပ်စွာ ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်၏ စွမ်းဆောင်မှုက
အလွန်ကောင်းပေသည်။

ကျန်းတောက်ရှီသည်ပင်
ကျွင်းရှောင်ယောက်၏အရွယ်က အများကြီး
နိမ့်ကျနိုင်သည်။

ကျွင်းရှောင်ယောက်က အဓိပဓိအသွင်အပြင်
မဟုတ်တော့ဘဲ မဟာကေရာဇ်အသွင် ရှိနေခဲ့ပေပြီ။

သူ့တွင် အင်မော်တယ်ဖြစ်လာရန်ပင် အလားအလာ
ရှိသည်။

"ဒါက နတ်ဘုရားသားတော်ရဲ့

ပြိုင်ဘက်ကင်းစွမ်းအားပဲလား"

"ဟင်းလင်းပြင်ကေရာဇ်ကို တစ်ချက်တည်း အနိုင်ယူတာက အစွမ်းထက်လွန်းတယ်"

"နတ်ဘုရားသားတော်က ငါတို့ ကျန်းမိသားစုရဲ့ သခင်လေးဖြစ်လာတာဟာ ဂုဏ်ယူစရာပါပဲ"

ကျွင်းရှောင်ယောက်၏ စွမ်းဆောင်မှုက ကျန်းမိသားစုဝင်အားလုံးကို လုံးလုံးလျားလျား အနိုင်ယူခဲ့သည်။

ယခင်က ဟွာယွမ်ရှို့ကို သဘောကျသည့် မျိုးနွယ်စုအကြီးအကဲများပင် ယခုအချိန်တွင် နှုတ်ဆိတ်နေခဲ့ကြချေပြီ။

ကျွင်းရှောင်ယောက်က ဟွာယွမ်ရှို့ထက်
များစွာသာလွန်ကြောင်း ဝန်ခံရမည် ဖြစ်သည်။

ဤမြင်ကွင်းကိုမြင်ရသောအခါ ဟွာယွမ်ရှို့
အလွန်ဒေါသထွက်ပြီး သွေးများ
ထပ်မံအန်ကျလာခဲ့သည်။

နောက်ဆုံးတော့ သူနားလည်သွားပြီ။

ကျွင်းရှောင်ယောက်က သူ့ကို အခွင့်အရေး
လုံးဝမပေးလိုပါ။

ယင်းအစား၊ သူ၏ဂုဏ်သိက္ခာကို ထူထောင်ရန်
ခြေနင်းကျောက်အဖြစ် သူ့အား အသုံးပြုခဲ့သည်။

ကျွင်းရှောင်ယောက်က ရက်စက်လွန်းလှသည်။

"အခု ဘယ်သူမဆို စိန်ခေါ်ချင်ရင်
ဒီနတ်ဘုရားသားတော်ဆီကို လာနိုင်ကြပါတယ်"

ကျွင်းရှောင်ယောက်က ဟွာယွမ်ရှို့ကို
လှောင်ပြောင်ဟန်ဖြင့် ကြည့်ပြီး
ပတ်ဝန်းကျင်ကိုကြည့်ကာ ပြောလိုက်သည်။

"သခင်လေး အသက်ရှည်ပါစေ"

ကျန်းရှီလင်းက ဦးစွာ အော်လိုက်၏။

"သခင်လေး အသက်ရှည်ပါစေ"

ကျန်သော ကျန်းမိသားစုဝင်များလည်း
အသံကျယ်ကျယ်ဖြင့် အော်ဟစ်လာကြတော့သည်။

ကျန်းချူဟန်ပင်လျှင် ကျွင်းရှောင်ယောက်ကို
ကြည်ညိုလေးစားမှုဖြင့် ကြည့်လိုက်သည်။

ဆန့်ကျင်ဘက်အနေဖြင့် ယခင်က
လက်ခံနိုင်လောက်သော ဟွာယွမ်ရှူ့ကို
ယခုအချိန်တွင် အလွန်အားနည်းသကဲ့သို့
ခံစားလိုက်မိလေတော့သည်။

ဤနှစ်ခုကြားတွင် နှိုင်းယှဉ်စရာမရှိပါ။

ရှန်းကုကမ္ဘာ ပြီးသွားပြီးနောက် ဤလူနှင့်
လက်ထပ်ရန်စဉ်းစားမိသောအခါ ကျန်းချူဟန်
စိတ်ထဲတွင် အနည်းငယ်မသက်မသာ
ခံစားလိုက်မိသည်။

ကျန်းမိသားစု၏ သခင်လေးအဖြစ်
ကျွင်းရှောင်ယောက်၏ အထောက်အထားကိုတော့
လုံးဝအတည်ပြုနိုင်ခဲ့ချေပြီ။

ဤအခိုက်အတန့်တွင်၊ ကမ္ဘာငယ်လေးအပြင်ဘက်မှ
မျိုးနွယ်အကြီးအကဲတစ်ဦး ရောက်လာကာ
ဦးညွှတ်ပြီး ပြောလိုက်သည်။

"အကြီးအကဲများကို သတင်းပို့ပါတယ်၊
မြောက်ပိုင်းပြည်ရဲ့ ဝမ့်မိသားစု
ရောက်လာကြပါတယ်"

"ဟာမ်၊ မြောက်ပိုင်းဒေသက ဝမ့်မိသားစုလား၊ သူတို့က
ဘာလာလုပ်တာလဲ"

ကျန်းတောက်ရှီ၏ မျက်လုံးများတွင် သံသယများ
ဖြစ်လာသည်။

ကျန်းတောက်ရှီ၏ မျက်လုံးများက
အရောင်ပြောင်းသွားခဲ့လေသည်။

မြောက်ပိုင်း ဒေသမှ ဝမ့်မိသားစုပင်လော။

ဧကရာဇ်ငယ်ဝမ့်ထန့်က မြောက်ဘက်ပိုင်း
ဝမ့်မိသားစု၏ လူတစ်ဦး ဖြစ်ပုံရသည်။

သို့ရာတွင် ၎င်းတို့က ကျန်းမိသားစုကို
ဘာလာလုပ်သနည်း။

----------wunzinnosp

အခန်း ( ၃၀၅ ) မြောက်ပိုင်း ဝမ့်မိသားစု၏
လက်ထပ်ရန် ရည်ရွယ်ချက်၊ ကျန်းစန်းယီ၏ စိတ်ကူး။

ကျန်းမိသားစုနှင့် ဝမ့်မိသားစုတို့သည် အဆက်အစပ်မရှိပေ။ ၎င်းတို့သည် စကားအပြောအဆို၊ ရန်ငြိုးထားခြင်းလည်း မရှိဘဲ ဖြတ်သွားဖြတ်လာများကဲ့သို့ပင်။

ထို့ကြောင့်ပင် ကျန်းတောက်ရှီ သိချင်သွားမိသည်။ မြောက်ပိုင်းဝမ့်မိသားစုမှ လူများက ကျန်းမိသားစုဆီကို ဘာလာလုပ်ကြပါသနည်း။

"ဒီတစ်ခေါက် အဖွဲ့မှာ ဝမ့်မိသားစုက အဓိပဓိတစ်ပိုင်းလည်း ပါလာပုံရတယ်၊ သူတို့က ကျွန်တော်တို့ ကျန်းမိသားစုနဲ့ တစ်ခုခုဆွေးနွေးဖို့လာတာ ဖြစ်နိုင်တယ်"

မျိုးနွယ်စု အကြီးအကဲတစ်ဦးက ပြောလိုက်သည်။

ယေဘူယျအားဖြင့်ပြောရလျှင် အစိပဓိတစ်ပိုင်းများ
ပေါ်လာပါက ဆွေးနွေးရန် အရေးကြီးသောအရာများ
ရှိတတ်သည်။

ဤသည်က လာရောက်ရန်စခြင်းတော့ မဖြစ်နိုင်ပေ။

ကျန်းမိသားစုက မည်သူမဆို အလွယ်တကူ
နှိုးဆော်နိုင်သော တည်ရှိမှုမျိုး မဟုတ်ပါ။

မြောက်ပိုင်းဝမ့်မိသားစုသည် သန်မာသော်လည်း၊
အကြောင်းပြချက်မရှိဘဲ ကျန်းမိသားစု၏
ရန်သူဖြစ်သည်အထိ မိုက်မဲမည်မဟုတ်ပါချေ။

အကယ်၍ ရန်စလိုလျှင်လည်း
အစိပဓိတစ်ပါးတည်းကို စေလွှတ်လိုက်မည်
မဟုတ်ပေ။ မဟုတ်လျှင် ယင်းက လာရောက်

အသေခံစေလိုသကဲ့သို့ ဖြစ်နေမည်။

"သွားကြပါ"

ကျန်းတောက်ရှီက သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

"လာလာ၊ ကျန်းရို့နဲ့ ရှောင်ယောက်၊ မင်းတို့ ငါနဲ့ စကားပြောလို့ရတယ်"

ကျန်းတောက်ရှီက ကြင်နာဟန်ဖြင့် ပြုံးလိုက်သည်။

သူ့ခန္ဓာကိုယ်က အချိန်အကြာကြီး ထောက်ပံ့နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် သူ၏ လက်ကျန်အချိန်များတွင် မိသားစု၏ နွေးထွေးပျော်ရွှင်မှုကို ခံစားခြင်းမှာ နောက်ဆုံးနှစ်သိမ့်မှုဖြစ်သည်။

သေခြင်း၊ ရှင်ခြင်းကိုတော့ အဓိပဓိတန်ခိုးရှင်ဖြစ်သော ကျန်းတောက်ရှီအနေဖြင့် မတုန်လှုပ်တော့ပါ။

ဤအဆင့်အထိ အသက်ရှင်ခဲ့သူ ကျန်းတောက်ရှီဟာ အရာများစွာကို ဖြတ်သန်းခဲ့ဖူးသည်။

ဤအချိန်တွင် စိတ်မသက်မသာ ဖြစ်ရသူက ကျန်းရို့၊ ကျွင်းရှောင်ယောက်နှင့် တခြားဆွေမျိုးများပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ခေါင်းညိတ်လိုက်ပြီး တစ်ချိန်တည်းမှာပင် သူ့အဘိုးကို ကယ်တင်ရန် နည်းလမ်းမရှိဘူးလားဟု တွေးနေမိသည်။

ထိုအချိန်တွင် ကျန်းမိသားစုမှ

အကြီးအကဲအချို့ကလည်း မြောက်ပိုင်းရှိ
ဝမ့်မိသားစုနှင့် ဆက်ဆံရန် အပြင်သို့
ထွက်သွားကြလေသည်။

ကျန်းမိသားစု၊ တံခါးအပြင်ဘက်မှ
ကောင်းကင်ယံတွင် အဖွဲ့တစ်ဖွဲ့က
အရှိန်အဝါကြီးစွာဖြင့် ရပ်နေသည်။

ရှေးဟောင်းသားရဲဆွဲသော ရထားလုံးများ၊
လှေပျံများနှင့် 'ဝမ့်'ဟူသော စာလုံးကြီးဖြင့်
အလံများကလည်း တဖျတ်ဖျတ် လူးလွန့်နေသည်။

ရှေးဟောင်းဝမ့်မိသားစုသည်
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ မြောက်ဘက်၌
ထိပ်သီးဖြစ်ပြီး တာအိုစီရင်စု သုံးဆယ်ကျော်အား

သိမ်းပိုက်ထားကာ တန်ခိုးထွားလှသည်။

တော်ဝင်မိသားစုသုံးစုအနက်မှ တစ်ခုဖြစ်သည့်
ရှေးဟောင်း မင်းမျိုးနွယ် ကျန်းမိသားစုသည်ပင်
မြောက်ပိုင်းဝမ့်မိသားစုနှင့် ရင်ဆိုင်ရသည့်အခါ
သတိဖြင့် ဆက်ဆံရပေသည်။

ကျန်းမိသားစုမှ အကြီးအကဲများလည်း လေးနက်သော
မျက်လုံးများဖြင့် ထွက်လာသည်။

ဤတစ်ခေါက်တွင် ကျန်းမိစားစုထံ
မြောက်ပိုင်းဝမ့်မိသားစု ရောက်လာရသော
ရည်ရွယ်ချက်ကို သူတို့ နားမလည်ကြသေးပေ။

မြောက်ပိုင်း ဝမ့်မိသားစုနှင့် ကျန်းမိသားစုတို့သည်
တစ်ဦးနှင့်တစ်ဦး အနည်းငယ်မျှ သက်ဆိုင်ခြင်းမရှိပါ။

၎င်းတို့သည် မဟာမိတ်များ မဟုတ်သလို ရန်လိုသူများလည်း မဟုတ်ပါချေ။

ယခုအခါတွင်၊ မြောက်ပိုင်း ဝမ့်မိသားစုက ကျန်းမိသားစုသို့ ရောက်ရှိလာပြီး အဓိပမဓိတစ်ပိုင်းကလည်း ဦးဆောင်နေသည်။

ဤသည်မှာ ဝမ့်မိသားစုနှင့် ကျန်းမိသားစုတို့ အဓိက ဆွေးနွေးရမည့် အရာဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

"ဟားဟားဟား၊ မြောက်ပိုင်းရဲ့ အုပ်စိုးရှင်က ကျုပ်တို့ ကျန်းမိသားစုဆီ လာဖို့ မမျှော်လင့်ထားဘူး။ ဒါက ကျန်းမိသားစုအတွက် ဝမ်းသာစရာပါပဲ"

ကျန်းမိသားစု၏ အကြီးအကဲတစ်ဦးက ယဉ်ကျေးစွာ ပြောသည်။

"ယဉ်ကျေးလွန်းပါပြီ၊ ရှေးဟောင်း ကျန်းမိသားစုကလည်း တော်ဝင်မိသားစု သုံးခုထဲက တစ်ခု ဖြစ်ထိုက်ပါပေတယ်။ မိသားစုက ကြီးကျယ်ခမ်းနားပြီး မြောက်ပိုင်းက ကျုပ်တို့ ဝမ့်မိသားစုကိုတောင် ရှက်ရွံ့သွားစေတယ်"

ကြီးကျယ်ခမ်းနားသော အရှိန်အဝါဖြင့် ကောင်းကင်ပေါ်တွင် လူရိပ်တစ်ခု ထွက်ပေါ်လာသည်။

ယင်းက ရည်ရွယ်ချက်ရှိရှိမဟုတ်ဘဲ သဘာဝ အရှိန်အဝါသာ ဖြစ်သည်။

ဝမ့်မိသားစုမှ အဓိပတိ၏ ချီးမွမ်းမှုကို ကျန်းမိသားစု အကြီးအကဲတစ်ဦးက ဂရုမစိုက်ဘဲ တိုက်ရိုက် ပြောလိုက်သည်။

"ခင်ဗျားတို့ ဝမ့်မိသားစုက ကျန်းမိသားစုဆီ

ဒီလောက်အများကြီး လာကြတာ ဘာကိစ္စရှိလို့လဲ"

မြောက်ပိုင်းဝမ့်မိသားစုနှင့် ရင်ဆိုင်နေရလျှင်ပင် ကျန်းမိသားစုက မကြောက်သေးပါ။

မိတ်ဆွေအဖြစ်လာလျှင် ဤတွင် အရက်ရှိသည်။

ရန်သူဆိုလျှင်တော့ ဓားနှင့် ဆီးကြိုရပေမည်။

"ဟားဟားဟား၊ ဒီလောက်သတိထားနေစရာ မလိုပါဘူး။ ကျုပ်တို့ ဝမ့်မိသားစုက ရိုးသားပြီး စိတ်ရင်းမှန်နဲ့ ဒီကိုရောက်လာတာဟာ ကျန်းမိသားစုနဲ့ အဆုံးသတ် ပဋိညာဉ်စာချုပ်ချင်လို့ပါ"

ဝမ့်မိသားစု၏ အဓိပမိတစ်ပိုင်းက အပြုံးမပျက်ဘဲ ပြောလိုက်သည်။

"အဆုံးသတ် ပဋိညာဉ်စာချုပ်လား"
ကျန်းမိသားစု၏ အကြီးအကဲ အံ့သြသွားခဲ့သည်။

ထိုသို့ဆိုလျှင် အင်အားစုနှစ်ခုက ပူးပေါင်းသွားပြီး
မတိုက်ခိုက်နိုင်တော့ပေ။

ဝမ့်မိသားစုက ယခုမှ ဘာကြောင့် မဟာမိတ်ဖွဲ့ရန်
စီစဉ်နေသနည်း။

"ခင်ဗျားတို့က ကျန်းမိသားစုရဲ့ အရက်ချိုးကြီးလည်း
ကောင်းကင်နက္ခတ်နဲ့ လျှို့ဝှက်ချက်တွေကို
တွက်ချက်ပြီး ကံကြမ္မာကို တွက်ကြည့်ပြီးပြီ
မဟုတ်လား။ အပြိုင်ကမ္ဘာကြီးက ထကြွလာနေပြီ၊
အခြေအနေတွေကလည်း မတည်ငြိမ်တော့ဘူးဆိုတာ
သိထားသင့်တယ်"

"မဖြစ်နိုင်ဘူးဆိုတဲ့ အရာအားလုံးက ဒီခေတ်မှာ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ အင်မော်တယ် အင်အားစုတွေတောင် ဒီခေတ်မှာ ပျက်ဆီးသွားနိုင်ချေရှိတယ်"

"ဒါကြောင့် မဟာမိတ်ဖွဲ့တာက နှစ်ဖက်စလုံးအတွက် အကျိုးရှိပါတယ်" ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းက ပြောလိုက်သည်။

ကျန်းမိသားစု အကြီးအကဲ၏ မျက်လုံးများက အရောင်ပြောင်းသွားသည်။

ယင်းက မမှားပေ။

အပြိုင်ကမ္ဘာကြီး နိုးထလာခြင်းက နှစ်ပေါင်းများစွာ

တည်ရှိခဲ့သော ရှေးဟောင်းမိသားစုများကိုပင် တုန်လှုပ်စေသည့် အပြောင်းအလဲများ ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဤအတိုင်း အခိုင်အမာထိုင်နေရန် မဖြစ်နိုင်ပါချေ။

"ဒါဆို ခင်ဗျားတို့ ဝမ့်မိသားစုက ဘာကိုဆိုလိုတာလဲ..."

ကျန်းမိသားစု အကြီးအကဲက ချက်ချင်း မပြောလိုသေးပေ။

"လက်ထပ်ဖို့ပါ"

ဝမ့်မိသားစု အဓိပဓိတစ်ပိုင်း အကြီးအကဲက ပြောသည်။

"လက်ထပ်မှာလား"

ကျန်းမိသားစု အကြီးအကဲ မျက်ခုံးပင့်လိုက်၏။

ဝမ့်မိသားစုက လက်ထပ်ရန်အတွက်
ကျန်းမိသားစုထံကို မိုင်သိန်းချီပြီး
ခရီးထွက်လာခဲ့သလော။

"မှန်ပါတယ်၊ ဝမ့်မိသားစုက ကေရာဇ်ငယ်ကို
ခင်ဗျားလည်း ကြားဖူးပြီးသားဖြစ်မှာပါ"

ဝမ့်မိသားစု၏ အဓိပဓိတစိပိုင်းက ဂုဏ်ယူဟန်ဖြင့်
မေးစေ့ကို အနည်းငယ်မော့လိုက်သည်။

ဝမ့်မိသားစုမှ ကေရာဇ်ငယ်ဝမ့်ထန့်သည် ဝမ့်မိသားစုရှိ
လူတိုင်းနီးပါး၏ ဂုဏ်ယူမှုတစ်ခု ဖြစ်သည်။

ဝမ့်ထန့် တိုးတက်ရေးအတွက် ဝမ့်မိသားစုမှာ

မည်သည့်တန်ကြေးကိုမဆို  ပေးဆောင်နိုင်ကြသည်။

"ဝမ်မိသားစုက ကေရာဇ်ငယ်ရဲ့ နာမည်ကတော့ မိုးခြိမ်းသံပါပဲ၊ ဘယ်သူက မသိဘဲနေမှာလဲ"
ကျန်းမိသားစု၏ အကြီးအကဲက ပြုံးလိုက်သည်။

အကယ်၍ ယခင်ကဆိုလျှင် ကျန်းမိသားစုမှ အကြီးအကဲများအနေဖြင့် ဝမ့်မိသားစုတွင် ထိုသို့သော ပါရမီရှင်ရှိသည့်အတွက် မနာလိုဖြစ်မိပေလိမ့်မည်။

ယခုမူ ကျန်းမိသားစု၏ အကြီးအကဲက အလွန်တည်ငြိမ်နေပြီ ဖြစ်သည်။

အကြောင်းမှာ ယခုအခါ သူတို့၏ ကျန်းမိသားစုမှ သခင်လေးက ကျွင်းရှောင်ယောက် ဖြစ်သည်။

ယင်းက ဝမ့်မိသားစု၏ ကျောင်ဇင်ယယ်ကို
အားမနည်းစေမည့် တည်ရှိမှုတစ်ခုပင်။

ကျန်းမိသားစုအကြီးအကဲ၏
တည်ငြိမ်သောအမူအရာကို မြင်ရသောအခါ
ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်းပင်
မျက်မှောင်ကြုတ်လိုက်မိသည်။

သို့သော်လည်း ၎င်းက ဆက်ပြောလိုက်ဆဲပင်။
"ခင်ဗျားတို့ ကျန်းမိသားစုထဲမှာ ဝမ့်မိသားစုရဲ့
ကျောင်ဇင်ယယ်နဲ့ ထိုက်တန်သူရှိတယ်"

“အိုး ဟုတ်လား၊ အဲတာက ဘယ်သူများလဲ”
ကျန်းမိသားစု အကြီးအကဲက အနည်းငယ်

မျက်ခုံးပင့်လိုက်၏။

ဝမ့်မိသားစု အဓိပဓိတစ်ပိုင်းက ကျန်းမိသားစုတွင် ဝမ့်မိသားစု၏ ကေရာဇ်ငယ်နှင့် ထိုက်တန်ကြောင်း ပြောလာသည်။

ဤစကားက သူတို့ ကျန်းမိသားစု၏ ဂုဏ်သိက္ခာကို အနည်းငယ် ထိခိုက်စေပေသည်။

"ကျန်းမိသားစုရဲ့ နတ်သမီး ကျန်းစန်းယီ" ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်းက ပြောလိုက်သည်။

"ဘာ၊ စန်းယီလား"

မိသားစု အကြီးအကဲများအားလုံး အနည်းငယ် အံ့သြသွား၏။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်က ကျန်းစန်းယီကို
ဦးတည်လာမည်ဟု မမျှော်လင့်ထားပေ။

ကျန်းစန်းယီတွင် မူလတာအိုသန္ဓေခန္ဓာရှိ၍
သူမမွေးဖွားလာမည့် ကလေးများ၏ အနာဂတ်
အောင်မြင်မှုများမှာ အကန့်အသတ်မရှိပေ။

အခြားအရာများကို ဘေးဖယ်ထားလျှင်ပင်
တစ်စုံတစ်ဦးက ကျန်းစန်းယီ၏ တာအိုလက်တွဲဖော်
ဖြစ်လာနိုင်လျှင် အကျိုးကျေးဇူးများကလည်း
အဆုံးမရှိပေ။

သူနှင့်သာ နှစ်ထပ်ကျင့်ကြံပါက ကြီးမားသော
အကျိုးကျေးဇူးများ ရရှိပေလိမ့်မည်။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်မှာ ဤကိစ္စကို ကြံစည်နေကြောင်း ထင်ရှားသည်။

ထို့ပြင်၊ ကျန်းစန်းယီက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၏ ခေတ်ပြိုင် ပါရမီရှင်များကြားတွင် အလွန်သာလွန်ထူးကဲသော ပါရမီရှင်တစ်ဦး ဖြစ်နေပါသေးသည်။

"ဒါက ရုတ်တရက်ဆိုတော့ ကျုပ်တို့ စန်းယီရဲ့ အမြင်ကို မေးဖို့ လိုသေးတယ်"

ကျန်းမိသားစု၏ အကြီးအကဲက ပြောလိုက်သည်။

ယေဘူယျအားဖြင့် အင်အားစုများကြားတွင် ပါရမီရှင် မိန်းကလေးများက မဟာမိတ်ဖွဲ့ခြင်းအတွက် လက်ဖက်တစ်ပွဲ ဖြစ်နိုင်သည်။

သို့သော်လည်း ရှေးဟောင်းမင်းမျိုးနွယ်
ကျန်းမိသားစုက ကိုယ်တိုင် အားကောင်းသည့်အပြင်
ကျွင်းမိသားစုကဲ့သို့ အလွန်အစွမ်းထက်သော
မဟာမိတ်လည်းရှိသည်။

၎င်းတို့အတွက် ဝမ့်မိသားစုကို အနိုင်ယူရန်
ကျန်းစန်းယီ၏ ပျော်ရွှင်မှုကို စတေးဖို့မလိုပါ။

ယင်းက ကျန်းစန်းယီ၏ ဆန္ဒအတိုင်းသာ ဖြစ်သည်။

အနည်းဆုံးတော့ ကျန်းမိသားစုက ကျန်းစန်းယီကို
လက်ထပ်ခြင်းအတွက် အတင်းအကျပ်
တွန်းအားပေးမည် မဟုတ်ပါချေ။

အနည်းငယ် မရေရာသော အဖြေကိုကြားတော့
ဝမ့်မိစားစု၏ အဓိပဓိတစ်ပိုင်းမှာ မကျေမနပ်ဖြစ်ပြီး

အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်သည်
အလွန်အံ့သြဖွယ်ကောင်းသည့် ပါရမီရှင် ဖြစ်သည်။

သူ၏အမြင်တွင် ကျန်းမိသားစုက အလွန်ပျော်ရွှင်ပြီး
တိုက်ရိုက်သဘောတူသင့်ပေသည်။

သို့သော်လည်း ဝမ်မိသားစုသည်
ဤအခြေအနေအတွက် ပြင်ဆင်ထားပြီးဖြစ်သည်။

ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းက နားလည်ရခက်စွာ
ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ကျုပ်တို့ ဝမ့်မိသားစုက ဒီတစ်ခေါက်မှာ ရိုးသားပြီး
ကြင်နာမှုတွေနဲ့ လာရောက်ခဲ့တာပါ"

"တစ်ချိန်က ခင်ဗျားတို့ ကျန်းမိသားစုရဲ့
ထိပ်တန်းခေါင်းဆောင်
အဓိပမိကျန်းတောက်ရှီကလည်း အခုတော့
အခြေအနေ နည်းနည်းဆိုးလာခဲ့ပြီ မဟုတ်လား"

ထိုစကား ထွက်ပေါ်လာပြီးချိန်မှာတော့ ကျန်းမိသားစုမှ
အကြီးအကဲများအားလုံး မျက်နှာများ
အေးခဲသွားတော့သည်။

----------wunzinnosp

အခန်း ( ၃၀၆ ) အမ ဆန္ဒမရှိရင် နတ်ဘုရားကိုယ်တိုင်
ရောက်လာရင်တောင် အမကို ခေါ်သွားနိုင်မှာ
မဟုတ်ဘူး။

ဝမ့်မိသားစုက ကျန်းတောက်ရှီ၏အခြေအနေကို မည်သို့ သိကြပါသနည်း။

ကျန်းတောက်ရှီသည် မကြာသေးမီနှစ်များအတွင်း မည်သည့်အခါမှ လှုပ်ရှားမှုမရှိခဲ့ဘဲ ကမ္ဘာငယ်လေးသို့ ဆုတ်ခွာသွားခဲ့သည်။

ထို့ကြောင့် ပုံမှန်ဆိုလျှင် ဤအကြောင်းကို အပြင်လူများ သိရန်မဖြစ်နိုင်ပါချေ။

"ခင်ဗျားဘယ်လိုသိတာလဲ"

ကျန်းမိသားစုဝင် အကြီးအကဲတစ်ဦးက လေးနက်သောလေသံဖြင့် မေးသည်။

ယခင်က ၎င်းတို့၏ ဝမ့်မိသားစုအပေါ် သဘောထားသည် တော်တော်ယဉ်ကျေးသော်လည်း

ယခုမူ အနည်းငယ် အေးစက်လာချေပြီ။

ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းက အနည်းငယ်ပြုံးကာ ခေါင်းခါယမ်းပြီး ပြောလိုက်သည်။

"ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ကျုပ်တို့ ဝမ့်မိသားစုဟာ စိတ်ရင်းမှန်နဲ့ ကျန်းတောက်ရှီကို ကျန်းမာစေချင်တယ်"

"ဘာ"

ထိုစကားကိုကြားတော့ ကျန်းမိသားစုမှ အကြီးအကဲများ မျက်နှာအမူအရာ  အနည်းငယ် ပြောင်းလဲသွားကြသည်။

ဝမ့်မိသားစုက အခြေအနေကို သိပြီးသားမို့ ဘာမျှ ဖုံးကွယ်ထားရန် မလိုတော့ပေ။

သို့သော်လည်း ဝမ့်မိသားစုက ကျန်းတောက်ရှီကို ကယ်တင်နိုင်ခဲ့လျှင်တော့ ဤသည်မှာ ကောင်းမွန်သော ကျေးဇူးတစ်ခုဖြစ်သွားမည်မှန်း သိသာသည်။

နောက်ဆုံးတွင် အဓိပဓိတစ်ဦး၏ ကျဆုံးခြင်းက ကျန်းမိသားစုကဲ့သို့ ရှေးဟောင်းမိသားစုအတွက်ပင် အကျိုးသက်ရောက်မှုနှင့် ဆုံးရှုံးမှုက ကြီးမားမည်ဖြစ်သည်။

"အိုး၊ ဝမ့်မိသားစုမှာ ဒီအဘိုးကြီးကို ကျန်းမာစေမဲ့ နည်းလမ်းရှိတာလား"

ဤအချိန်တွင် လေထဲ၌ အဘိုးကြီးတစ်ယောက် ထွက်လာသည်။

ယင်းက ကျန်းတောက်ရှီပင် ဖြစ်ချေသည်။

၎င်း၏နောက်ဘက်တွင် ကျန်းရို့၊ ကျွင်းရှောင်ယောက်နှင့် အခြားသူများလည်း ချက်ချင်းရောက်လာသည်။

ကျန်းတောက်ရှီ၏ ခန္ဓာကိုယ်က အိုမင်းယိုယွင်းသော အငွေ့အသက်များ ပြည့်နေသည်။

သို့သော်လည်း အဓိပဓိတစ်ပါး၏ ဖိအားက ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်းကို ခံစားရခက်စေသည်။

နောက်ဆုံးတွင် ကျန်းတောက်ရှီက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၌ လူသိများသော တန်ခိုးရှင်တစ်ဦး ဖြစ်နေခဲ့သည်

မဟုတ်ပါလား။

မကြာသေးမီနှစ်များအတွင်း၌ သူသည် ထပ်မံ
မတိုက်ခိုက်တော့သော်လည်း
အလွန်ကျော်ကြားနေဆဲပင်။

"ဟားဟား၊ ကျွန်းလောင်လို
အင်အားကြီးသူတစ်ယောက် ကျဆုံးသွားရင်
စိတ်မကောင်းစရာပဲ"

"ကျုပ်တို့ မိသားစုက အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်ကို ကျွန်းမိသားစုက
နတ်သမီးနဲ့ ဝမ့်မိသားစုက ဧကရာဇ်ငယ်တို့ကြား
လက်ထပ်ထိမ်းမြားရာမှာ သုံးဖို့ ဆန္ဒရှိပါတယ်"

ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်း၏စကားက နေရာရှိ

ကျန်းမိသားစုဝင်အားလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာပေါ်တွင်လည်း ထူးဆန်းသော အရိပ်အယောင်များ ဖြစ်လာသည်။

ဝမ့်မိသားစုမှ ကေရာဇ်ငယ်သည် ကျန်းစန်းယီအား အမှန်တကယ် အာရုံစိုက်နေပါသလော။။

ရုတ်တရက် ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင် အေးစက်စက်အလင်းများ တောက်ပလာသည်။

အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကို ကျွင်းရှောင်ယောက်လည်း ကြားဖူးသည်။

၎င်းသည် အလွန်ရှားပါးသော
အင်မော်တယ်ဆေးတစ်မျိုးဖြစ်ပြီး
အင်မော်တယ်ဆေးများကြား၌ပင် ၎င်းကို
ထိပ်တန်းအဖြစ် သတ်မှတ်နိုင်သည်။

ဤအံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်က
လူတစ်ယောက်ကို လုံးဝပြန်လည်ပုံဖော်နိုင်စွမ်းရှိ၏။
၎င်းက ဝေဒနာ၊ အမှောင်ရောဂါများ၊
အပြစ်အနာအဆာအားလုံးကို ဖယ်ရှားနိုင်သည်။
၎င်းက ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ထောက်ပံ့ပေးကာ
လူတို့ကို ပြီးပြည့်စုံသောအခြေအနေသို့
ရောက်ရှိစေသည်ဟူသော ကောလဟာလများပင်
ရှိပေသည်။

ဟုတ်သည်၊ ကောလဟာလအတိုင်း ဤဆေး၏
အာနိသင်ကလည်း မယုံနိုင်စရာကောင်းအောင်
ဖြစ်နိုင်လောက်ပေသည်။

ထို့ကြောင့်ပင် ရှေးခေတ်မှ ယနေ့အထိ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်က အပင်များစွာ မရှိခဲ့ပေ။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင် အပင်တစ်ပင် သို့မဟုတ် နှစ်ပင် မတွေ့နိုင်ဟု ခန့်မှန်းရသည်။

ဤဆေးကိုသာ လွယ်လွယ်ကူကူရနိုင်ပါက ကျန်းမိသားစုအနေဖြင့် ရှေးယခင်ကပင် ရယူထားပြီး ဖြစ်လိမ့်မည်။

ဤဆေးသည် ထာဝရသင်္ချိုင်းကဲ့သို့ အန္တရာယ်ရှိသောနေရာများတွင်သာ ပေါ်လာသည်ဟု ကောလဟာလများ ရှိသည်။

ယခုမူ ဝမ့်မိသားစု၌ အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက် ရှိနေခဲ့ချေပြီ။

ကျန်းမိသားစုက မယုံမှာကို သိနေဟန်ဖြင့်
ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်းက လက်တစ်ဖက်ကို
ဝှေ့ယမ်းလိုက်သည်။

ထိုအခါ သူ့လက်ထဲတွင် မြက်တစ်ပင် ပေါ်လာခဲ့၏။

မြက်ပင်တွင် အရွက် ခုနစ်ရွက်ရှိပြီး
အရောင်အမျိုးမျိုးရှိသည်။

၎င်းသည် အလွန်မွှေးကြိုင်သောရနံ့ဖြင့် ဝန်းရံနေသော
ပြင်းထန်သော ချီစက်ဝန်းတစ်ခုလည်း ရှိသေးသည်။

ထိုရနံ့ကို ရှူရှိုက်မိရုံဖြင့် လူတစ်ယောက်ကို အလွန်
စိတ်လှုပ်ရှားလာစေနိုင်သည်။

"တကယ်ကို အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်ပဲ"

ကျန်းမိသားစုမှ လူများစွာမှာ အနည်းငယ်
တုန်လှုပ်သွားကြသည်။

ဝမ့်မိသားစုက ဤအဆင့်မြင့် အင်မော်တယ်ဆေးကို
အမှန်ပင် ပေးအပ်လိုစိတ် ရှိနေလေသည်။

လူတိုင်းမမျှော်လင့်ထားသည့်အတိုင်း
တီထွင်လိုစိတ်ရှိခဲ့သည်။

"ကောင်းပြီ၊ ကျုပ်တို့ ဝမ့်မိသားစုက ဒီအံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်ကို လက်ထပ်ထိမ်းမြားခြင်း

လက်ဆောင်အဖြစ် သုံးဖို့ လိုလောက်သင့်တယ် မဟုတ်လား"

"ပြီးတော့ ဝမ့်မိသားစုရဲ့ ကောရာဇ်ငယ်က ခင်ဗျားတို့ ကျန်းမိသားစု နတ်သမီးနဲ့ သေချာပေါက် ထိုက်တန်ပါတယ်၊ ဒီလိုဆိုရင် ကျန်းလောင်လည်း ပြန်ကောင်းလာနိုင်မယ်။ ဒါက နှစ်ဦးနှစ်ဖက် ကောင်းမွန်တဲ့ အရာဖြစ်တာကြောင့် ဘာကြောင့်မလုပ်ရမှာလဲ"

ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်း၏ စကားကြောင့် ကျန်းမိသားစု အကြီးအကဲအချို့ အနည်းငယ် စိတ်လှုပ်ရှားသွားခဲ့သည်။

နောက်ဆုံးတွင် ကျန်းမိသားစုနှင့် ဝမ့်မိသားစုက မည်သည့်အခါမျှ အာဃာတမရှိခဲ့ပါ။

သို့ဖြစ်ပေရာ မဟာမိတ်ဖွဲ့ခြင်းကလည်း
မဖြစ်နိုင်သောအရာ မဟုတ်ပါချေ။

ထို့ပြင် ယင်းက ကျန်းမိသားစုအတွက်လည်း
ကောင်းသည်။

မဟာမိတ်များ၏ အကျိုးကျေးဇူးများကို
ဖော်ပြထားခြင်းမရှိလျှင်ပင် အနည်းဆုံးတော့
ကျန်းတောက်၍ ကယ်တင်ခံရမည် ဖြစ်သည်။

အမိပမိတစ်ဦးကို ကယ်တင်နိုင်ခြင်းက
ကျန်းမိသားစုအတွက် အလွန်အရေးကြီးသည်။

ယခုကြည့်ရမည့် တစ်ခုတည်းသောအရာမှာ

ကျန်းစန်းယီ၏ သဘောထားပင် ဖြစ်တော့သည်။

ထိုအချိန်တွင် ကျန်းစန်းယီက သူ့နှုတ်ခမ်းနီရဲရဲကို ကိုက်လိုက်ပြီး လှပသောမျက်နှာကလည်း အနည်းငယ် ဖျော့တော့သွားခဲ့သည်။

ဝမ့်မိသားစုက သူမထံကို ရောက်လာမည်ဟု မမျှော်လင့်ထားပေ။

သူမကို ဝမ့်မိသားစု၏ ကောရာဇ်ငယ်နှင့် လက်ထပ်စေလိုနေသည်။

အမှန်အတိုင်းပြောရလျှင် ကျန်းစန်းယီလည်း ဝမ့်မိသားစုမှ ကောရာဇ်ငယ်၏အမည်ကို သဘာဝအတိုင်းကြားဖူးသည်။

သို့ရာတွင် ယင်းက ဘာများဖြစ်သနည်း။

ကျန်းစန်းယီ၏ နှလုံးသားကို လူတစ်ယောက်က သိမ်းပိုက်ထားပြီးမှတော့ တခြားသူများကို မည်သို့နေရာချနိုင်ပါမည်နည်း။

သို့သော်လည်း သူသဘောမတူလျှင် ကျန်းတောက်ရှီအတွက် အကူအညီမဲ့ရပေလိမ့်မည်။

မိသားစု၏အမြင်အရ ကျန်းစန်းယီ သဘောတူလိုက်သင့်သည်။

ကျန်းရို့လည်း အနည်းငယ်စိတ်လှုပ်ရှားသော အမူအရာများ ဖြစ်ပေါ်လာခဲ့၏။

နောက်ဆုံးတွင်၊ ဤအခြေအနေက ကျန်းတောက်ရှီ ပြန်လည်ကောင်းမွန်ရန်အတွက် အလားအလာရှိသည်။

သို့သော်လည်း ကျန်းရို့က ကျန်းစန်းယီကို မတိုက်တွန်းခဲ့ပေ။

ဤကိစ္စမျိုးက ကျန်းစန်းယီအတွက်တော့ တကယ်ကို မတရားပါ။

ကျန်းမိသားစုဝင်များစွာက ကျန်းစန်းယီ၏ ဆုံးဖြတ်ချက်ကို စောင့်မျှော်နေခဲ့ကြသည်။

"အမစန်းယီ..."

ကျန်းလော့လီ၏ မျက်နှာမှာလည်း စိုးရိမ်သော

အကြည့်များ လှုစ်ဟလာသည်။

ကျန်းစန်းယီနှင့် ကျွင်းရှောင်ယောက်ကြားတွင် မတော်တဆ တစ်ခုခု ဖြစ်သွားသည်ကိုတော့ သူမ မသိခဲ့ပါချေ။

သို့သော်လည်း ကျန်းစန်းယီ၏ ကိုယ်ပိုင်ပျော်ရွှင်မှုကို စတေးရန်တော့ မလိုလားခဲ့ပါ။

ထိုအချိန်တွင် ဟွာယွမ်ရှို့၏ မျက်လုံးများ အနည်းငယ် အရောင်လက်သွားကာ ပြောလိုက်သည်။

"ဝမ့်မိသားစုရဲ့ ကေရာဇ်ငယ်က လူတွေကြားထဲမှာ လူစွမ်းကောင်း တစ်ယောက်ပါပဲ။ ဒါကြောင့် နတ်သမီးနဲ့ လက်ထပ်မယ်ဆိုရင်တောင် ပြဿနာရှိမှာ မဟုတ်ဘူး။ အကြီးအကဲလည်း အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကို ရနိုင်မယ်။ ဒီလိုဆိုရင်

ဘာကြောင့် မလုပ်ရမှာလဲ"

ဟွာယွမ်ရှို့၏ စကားများကို ကျန်းမိသားစုမှ လူအချို့ကလည်း အသိအမှတ်ပြုလေသည်။

အကယ်၍ တစ်ဖက်လူသည် ကြောင် သို့မဟုတ် ခွေးတစ်ကောင် ဖြစ်နေလျှင်တော့ ကျန်းစန်းယီအတွက် စိတ်မကောင်းဖြစ်မည်မှာ အမှန်ပင်။

သို့ရာတွင် ဝမ့်မိသားစု၏ ကေရာဇ်ငယ်က ခွေးလေး၊ ကြောင်လေးများ မဟုတ်ပေ။

ဆန့်ကျင်ဘက်အနေဖြင့် ၎င်းသည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ် နယ်မြေကြီးတစ်ခုလုံး၌ ဂုဏ်သိက္ခာအရှိဆုံး

လူငယ်များထဲမှတစ်ဦး ဖြစ်သည်။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်ကို လက်ထပ်ခြင်းမှာ ကျန်းစန်းယီအတွက် အရှက်ရစရာ မဟုတ်ပေ။

"ဝမ့်မိသားစုရဲ့ ကေရာဇ်ငယ်ကို လက်ထပ်ခွင့်ရတာ မင်းအတွက် ကံကောင်းတာပါပဲ၊ မင်းက ဒီလောက်ကောင်းတဲ့အချက်ကို စဉ်းစားဖို့ လိုသေးလို့လား"
ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းက ပြောလိုက်သည်။

ထိုစကားကို ကြားသောအခါတွင် ကျန်းစန်းယီလည်း သူမ၏ ကျောက်စိမ်းလက်လေးနှစ်ဖက်ကို ဆုပ်ထားလိုက်မိ၏။

မနေနိုင်ဘဲ သူမမျက်လုံးထောင့်မှ

ကျွင်းရှောင်ယောက်ကို တစ်ချက်ကြည့်လိုက်မိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေပြီး
သူ့မျက်နှာအမူအရာကလည်း မပြောင်းလဲပေ။

ယင်းက ကျန်းစန်းယီ၏ နှလုံးသားကို
နာကျင်သွားစေသည်။

ကျွင်းရှောင်ယောက်က သူမကို လုံး၀ ဂရုမစိုက်တာ
ဖြစ်နိုင်သလား။

ထိုအချိန်က အဓိပ္ပာယ်မဲ့သော အရာများကို
တွေးတောရင်း ကျန်းစန်းယီဟာ သူ့နှလုံးသား
ကွဲကြေသွားသလို ခံစားလိုက်ရသည်။

ဤခံစားချက်မျိုးက ဘယ်သောအခါမှ ဖြစ်သင့်သောအရာ မဟုတ်ပေ။

"ကျွန်မ..လုပ်မယ်"

ကျန်းစန်းယီက ခက်ခက်ခဲခဲပြောလိုက်ပြီး သူ့နှုတ်ခမ်းထောင့်မှာလည်း မချိသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

ဤအဖြေကိုကြားသောအခါ ကျန်းမိသားစုဝင်အားလုံးလည်း နှလုံးသားထဲမှ အနည်းငယ် သက်ပြင်းချလိုက်သည်။

ကျန်းစန်းယီ၏ မျက်နှာပေါ်မှ တွန့်ဆုတ်မှုနှင့် လက်မခံနိုင်မှုကိုတော့ သူတို့လည်း မမြင်ဘဲမနေပါ။

သို့သော်လည်း ကျန်းစန်းယီက
တကယ်လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ
အနည်းဆုံးတော့ သဘောတူသည်။

ဝမ့်မိသားစုမှ ကောရာဇ်ငယ်က
ကျန်းစန်းယီကိုလက်ထပ်လိုရခြင်း၏
အဓိကအကြောင်းအရင်းကလည်း သူမ၏
မူတာအိုသန္ဓေသားကို အခွင့်ကောင်းယူ၍
အဆင့်အတန်းမြင့်မားစေရန်အတွက်သာ ဖြစ်သည်။

ထို့ကြောင့် ခံစားချက်ကဲ့သို့ အရာများမှာ ရှိရှိ၊ မရှိရှိ
အရေးမကြီးပေ။

ထိုစဥ်မှာပင် တည်ငြိမ်သော အသံတစ်ခု
ထွက်ပေါ်လာသည်။

"အမစန်းယီ၊ ဒါက အမရဲ့ တကယ့် ဆန္ဒပဲလား"

ယင်းကိုကြားသောအခါ ကျန်းစန်းယီ၏
ခန္ဓာကိုယ်လေးက တုန်လှုပ်သွားခဲ့သည်။

လှပသော သူ့မျက်လုံးများတွင်လည်း
အရည်ကြည်လေးများ စိမ့်လာခဲ့၏။

သူဟာ ခေါင်းကို ချက်ချင်းလှည့်၍
ကျွင်းရှောင်ယောက်အား ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများကလည်း
ကျန်းစန်းယီကို ကြည့်နေသည်။

နှစ်ယောက်သား တစ်ယောက်ကို
တစ်ယောက်ကြည့်ကာ
အကြည့်ချင်းဆုံသွားခဲ့ကြသည်။

"ဒါက အမစန်းယီရဲ့ ဆန္ဒအမှန်ဆိုရင်တော့ ကျွန်တော်
စကားတစ်ခွန်းမှ မပြောတော့ပါဘူး"

ကျွင်းရှောင်ယောက်က စကားကို
ခေတ္တရပ်လိုက်သည်။ သူ့လေသံမှာလည်း
လွှမ်းမိုးချုပ်ကိုင်မှုတစ်ခု ပါဝင်နေလေသည်။

“ဒါပေမယ့်၊ ဒီလို မဟုတ်ရင်တော့ မြောက်ပိုင်းက
ဝမ့်မိသားစုမပြောနဲ့၊ နတ်ဘုရားကိုယ်တိုင်
ရောက်လာရင်တောင် အမကို ခေါ်သွားနိုင်မှာ
မဟုတ်ဘူး"

----------wunzinnosp

အခန်း ( ၃၀၇ ) ဝမ့်မိသားစု၏ ကေရာဇ်ငယ်၊ ဝမ်ထန့် ထွက်ပေါ်လာခြင်း။

ကျွင်းရှောင်ယောက်၏ စကားများက လူတိုင်း၏နားထဲတွင် ပွဲတင်ထပ်သွားသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကျန်းစန်းယီအတွက် စကားပြောလာမည်ဟု မည်သူမျှ မမျှော်လင့်ထားပေ။

ကျန်းစန်းယီ၏ နူးညံ့သော ခန္ဓာကိုယ်လေးက တုန်ယင်နေပြီး နှလုံးသားမှာလည်း ထုံကျင်နေသွားကာ ဖော်မပြနိုင်သော စိတ်ခံစားမှုနှင့် ပျော်ရွှင်မှု ခံစားချက်တို့က ပြည့်နှက်သွားသည်။

ကျွင်းရှောင်ယောက်၏ စကားက ချစ်တယ်ဆိုသည့် စကားမဟုတ်သော်လည်း ချစ်တယ်ဆိုသော စကားကဲ့သို့ပင်။

ကျန်းစန်းယီ၏ နားထဲတွင် ယင်းက ကမ္ဘာပေါ်တွင် အချိုသာဆုံး ချစ်ခြင်းမေတ္တာ စကားလုံးများ ကဲ့သို့ပင်။

ထိုအချိန်တွင်၊ ကျန်းစန်းယီ၏နှလုံးသားက လုံးဝ လှုပ်ရှားသွားခဲ့သည်။

ကျွင်းရှောင်ယောက်သည် သူမထက် ဆယ်နှစ်ငယ်သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်ထံမှ နွေးထွေးမှုနှင့် လုံခြုံမှုကို ဖွေရှာနေမိသည်။

ကျန်းစန်းယီ၏ ဘဝတွင် ဤခံစားချက်ကို
ပထမဆုံးအကြိမ် ခံစားမိခြင်းပင်။

ဤနေရာတွင် လူများ ရှိနေသောကြောင့်သာ
မဟုတ်ပါက ကျန်းစန်းယီအား ပွေ့ဖက်မိပြီး
ဖြစ်နေပေလိမ့်မည်။

ရောက်နေကြသော ကျန်းမိသားစုဝင်များလည်း
ကျွင်းရှောင်ယောက်နှင့် ကျန်းစန်းယီကို
ထူးဆန်းသောအကြည့်များဖြင့် ကြည့်လိုက်သည်။

နှစ်ယောက်စလုံးက အဖြူရောင် အဝတ်အစားများကို
ဝတ်ဆင်ထားသည်။

ကျွင်းရှောင်ယောက်က ကောင်းကင်မှ မသေမျိုး

နတ်တစ်ပါးကဲ့သို့ တည်ငြိမ်ကာ ချောမောသည်။

ကျန်းစန်းယီသည်ကား လနန်းတော်ရှိ
လနတ်သမီးကဲ့သို့ အလွန်တရာ လှပ၏။

ယင်းက လိုက်ဖက်နေသလို အဘယ်ကြောင့်
ခံစားနေရပါသနည်း။

ကျန်းလော့လီသည်ပင် သူတို့နှစ်ယောက်ကို
သံသယဝင်သွားမိသည်။

ကျန်းလော့လီသည် အများအားဖြင့် မိုက်မဲသော
မိန်းကလေးဖြစ်ပုံရသော်လည်း... ပါးနပ်လိမ္မာသော
အချိန်များလည်း ရှိသေးသည်။

ယခုအခါ ဤနှစ်ယောက်၏ ဆက်ဆံရေးက
တစ်ခုခုလွဲမှားနေသကဲ့သို့ ဘာကြောင့်
ခံစားနေရပါသနည်း။

ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းလည်း
မျက်နှာအနည်းငယ် သုန်မှုန်သွားသည်။

သူသည် ကျွင်းရှောင်ယောက်ကို အရင်က
မမြင်ဖူးသည့်အတွက် ဤအဖြူရောင်ဝတ်လူငယ်ဟာ
ကျွင်းမိသားစု၏ ကျော်ကြားသော
နတ်ဘုရားသားတော်မှန်း မသိပေ။

"မသိနားမလည်တတ်တဲ့ ကောင်လေး၊ မင်း
ဘယ်ကလာတာလဲ၊ မင်းမှာ လူကြီးတွေကြား
ဝင်ရောက်စွက်ဖက်ဖို့ အရည်အချင်းရှိလို့လား"
ကျန်းစန်းယီက သဘောတူလိုက်သော်လည်း

ဤလူငယ်က ဝင်စွတ်ဖက်နေပြန်ရာ ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်း မကျေမနပ် ဖြစ်သွားသည်။

အကယ်၍ ဤလူငယ်သည်သာ ကျန်းမိသားစုမှမဟုတ်လျှင် ဝမ့်အဓိပဓိတစ်ပိုင်းက ရိုက်နှက်ပြီးချေပြီ။

"ဒီသခင်ငယ်လေးက အရည်အချင်းပြည့်မီတယ်ဆိုရင် ခင်ဗျား ဘာပြောချင်သေးလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး ဝမ့်အဓိပဓိတစ်ပိုင်းကို ရင်ဆိုင်လိုက်သည်။

"မင်းက ကျန်းမိသားစုရဲ့ သခင်လေး မဟုတ်ဘူးလား"

ဝမ့်အဓိပဓိက မျက်မှောင်ကြုတ်ပြီး ဟွာယွမ်ရှို့ကို စိုက်ကြည့်လိုက်သည်။

ယခုလေးတင် ကျွင်းရှောင်ယောက် ကြေငြာသည့်က နတ်ဘုရားသားတော်မဟုတ်ဘဲ သခင်လေး ဖြစ်သည်။

ဤနှစ်ခုကြားမှ ကွာခြားချက်က ကြီးမားသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကျန်းမိသားစု၏ သခင်လေးကို ကိုယ်စားပြုပြီး ကျွင်းမိသားစု၏ နတ်ဘုရားသားတော် မဟုတ်ပေ။

"ကျွင်းရှောင်ယောက်က ကျုပ်တို့ ကျန်းမိသားစုရဲ့ သခင်လေးအသစ်ပဲ၊ သူကမှ အရည်အချင်းမပြည့်မီဘူးဆိုရင် ကျုပ်တို့ ကျန်းမိသားစုမှာ ဘယ်သူမှ အရည်အချင်းပြည့်မီမှာ မဟုတ်ဘူး"

ကျန်းမိသားစုဝင် အကြီးအကဲတစ်ဦးက

အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဘာ၊ မင်းက ကျွင်းရှောင်ယောက်လား"

ဝမ့်အဓိပဓိတစ်ပိုင်း၏ မျက်နှာအမူအရာက ပြောင်းလဲသွားခဲ့သည်။

ယင်းက သူမျှော်လင့်ထားသည်ထက် များစွာ ကျော်လွန်ခဲ့ပေသည်။

သာမာန်လူငယ်လေးများက သူနှင့် စကားပြောရန် အရည်အချင်းမရှိပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏ နတ်ဘုရားသားတော်သာမကဘဲ ကျန်းမိသားစုမှ သခင်လေးပင် ဖြစ်လာပြီ ဖြစ်သည်။

ဤသတင်းသာ ပြန့်နှံ့သွားပါက
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင် တုန်လှုပ်ဖွယ်ရာ
ဖြစ်လာပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ ဝိသေသလက္ခဏာမှာ
အလွန်မွန်မြတ်သည်။

ကျွင်းရှောင်ယောက်ကို စော်ကားခြင်းက
ကျွင်းမိသားစု၊ ကျန်းမိသားစုနှင့်
မြင့်မြတ်ဝိညာဉ်အကယ်ဒမီဟူသော
အင်အားစုသုံးခုကို စော်ကားလိုက်ခြင်း ဖြစ်သည်။

ဝမ့်မိသားစုက ထိပ်တန်းအင်အားစုကြီးတစ်ခု
ဖြစ်နေလျှင်ပင် ခံနိုင်ရန်မလွယ်ပေ။

တကယ်တော့ ကျွင်းရှောင်ယောက်
ထိုသို့ပြောရခြင်းမှာ တခြားအဓိပ္ပါယ်မရှိပါချေ။

သူနှင့် ကျန်းစန်းယီကြားတွင် ထိုသို့ အဓိပ္ပါယ်မဲ့သော
ကိစ္စမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့လျှင်ပင်
ကျွင်းရှောင်ယောက်က ရပ်တည်နေဦးမည် ဖြစ်သည်။

အံ့ဖွယ်ကိုးပါးပြန်လည်ဝင်စားခြင်းမြက်
အပင်တစ်ပင်အတွက် ကျန်းစန်းယီ၏ ကိုယ်ပိုင်
ပျော်ရွှင်မှုကို စတေးရန်မှာ မဖြစ်နိုင်ပေ။

ကျန်းစန်းယီနှင့် သူ့ကြားမှ ရှုပ်ထွေးသည့်
ဆက်ဆံရေးကိုတော့...

ကျွင်းရှောင်ယောက်အနေဖြင့် ယခုအချိန်တွင်

မတွေးလိုသေးပေ။

"ကျွန်မ ငြင်းတယ်"

ကျန်းစန်းယီက ခဏတုံ့ဆိုင်းသွားပြီးနောက်
ပြောလိုက်သည်။

နောက်ဆုံးမှာတော့ သူ့နှလုံးသားကို
မလွန်ဆန်နိုင်ပါချေ။

ပို၍အရေးကြီးသည်မှာ သူမ တုံ့ဆိုင်းနေသေးပါက
ကျွင်းရှောင်ယောက် နားလည်မှုလွဲသွားမည်
မဟုတ်ပါလား။

ကျန်းစန်းယီအနေဖြင့် သူမ အမှားလုပ်မိလျှင်ပင်
ကျွင်းရှောင်ယောက်က နားလည်မှုလွဲမှာကိုတော့

မလိုလားပါ။

ကျွင်းရှောင်ယောက်က ပေါ့ပေါ့တန်တန် ခေါင်းညိတ်ပြီး ဝမ့်အဓိပဓိတစ်ပိုင်းကို ပြောလိုက်သည်။

"ခင်ဗျားလည်း ကြားပါတယ်၊ အဲ့ဒါကြောင့် ကျေးဇူးပြုပြီး ပြန်သွားကြပါ"

ကျွင်းရှောင်ယောက်၏ စကားကြောင့် ဝမ့်အဓိပဓိတစ်ပိုင်းမှာ မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

မူလ ချောမွေ့နေသော အခြေအနေမှာ ကျွင်းရှောင်ယောက်၏ ဖျက်ဆီးခံလိုက်ရချေပြီ။

ဝမ့်မိသားစုအတွက် ကျွင်းရှောင်ယောက်

ဖျက်ဆီးခဲ့သည်မှာ အိမ်ထောင်ရေးသာမကပေ။

ဝမ့်မိသားစု၏ အခြား အစီအစဉ်များကိုလည်း ကျွင်းရှောင်ယောက်မှ သွယ်ဝိုက်၍ ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

ဤအရာက ဝမ့်အဓိပဓိတစ်ပိုင်းကို ကျွင်းရှောင်ယောက်အား အေးစက်စက် မျက်လုံးများဖြင့် ကြည့်စေခဲ့သည်။

ထိုအချိန်တွင် ဝမ့်မိသားစုအဖွဲ့နောက်ရှိ ရထားတစ်စီးမှ ရုတ်တရက် အသံထွက်လာသည်။

"ကျွင်းရှောင်ယောက်က ကောလဟာလအတိုင်း တကယ်ကို မာနကြီးပြီး အထိန်းအကွပ်မဲ့နေတာပဲ"

ထိုအသံကိုကြားတော့ လူတိုင်းလိုလို အေးခဲသွား၏။

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ ရထားက ချက်ချင်းပေါက်ကွဲသွားတော့သည်။

ချက်ခြင်းပင်၊ ထက်မြက်သော အသွင်တစ်ခုက ချက်ချင်း  ထွက်လာသည်။

၎င်းက ခြေတစ်ချက် လှမ်းလိုက်တိုင်းမှာ ကမ္ဘာကြီးပင် ပြောင်းလဲသွား၏။

"သူက...အဲ့ဒါက ဝမ့်မိသားစုရဲ့ ကေရာဇ်ငယ်ပဲလား"

"ဝမ့်မိသားစုရဲ့ ကေရာဇ်ငယ်က
လူကိုယ်တိုင်လာတာလား"

ကျန်းမိသားစုထဲမှ လူငယ်များလည်း မထိန်းနိုင်ဘဲ
အော်ပြောလိုက်ကြသည်။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်ဝမ့်ထန့်သည်
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၌
နာမည်ကောင်းရှိသည်။

ဤအတွက် အဓိကအကြောင်းအရင်းကတော့
ဝမ့်မိသားစုဟာ နေရာတိုင်းမှာ ကြော်ငြာနေ၍
ဖြစ်သည်။

ဤတွင် သူ့သားအကြောင်းကို တခြားသူများ မသိမှာ
ကြောက်နေဟန်ဖြင့် အမြဲပြောတတ်သည့်

ဝမ့်ထန့်၏ဖခင်က အသည်းဆုံးပင်။

ယခုမူကား၊ ဤဖရိုဖရဲ စွမ်းအင်ကို ခံစားလာရပြီ ဖြစ်သည်။

ဝမ့်မိသားစု၏ ဧကရာဇ်ငယ်က နာမည်ဂုဏ်သတင်းအတိုင်း လျော်ညီမှုရှိသည်။

"အိုး၊ ဝမ့်ထန့်"

ကျွင်းရှောင်ယောက်၏ အမူအရာမှာ မပြောင်းလဲဘဲ အဆုံးမဲ့ ထက်မြက်သောအလင်းများ ဖုံးလွှမ်းထားသည့် ပုံရိပ်ကို ကြည့်လိုက်သည်။

ဤတည်ရှိမှုသည် အလွန်ကျော်ကြား၏။

သို့သော်လည်း ကျွင်းရှောင်ယောက်ရ
ဘယ်လိုဖြစ်တည်မှုကိုမှ မကြောက်ပေ။

ယခုအချိန်တွင် ဝမ့်ထန့်၏ပုံရိပ်က အဆုံးမဲ့
ထက်မြက်မှုဖြင့် ဖုံးလွှမ်းနေ၍ သူ၏အသွင်အပြင်ကို
မမြင်နိုင်ပေ။

သူ့ပတ်ဝန်းကျင်တွင်ကား အမျိုးမျိုးသော မြင့်မြတ်
အာရုံများ ပေါ်လာသည်။

အစစ်အမှန်နဂါးက ပင်လယ်သို့ဆင်းသည်၊
နတ်ဖီးနစ်သည် အတောင်ပံများကိုဖြန့်ထား၏၊
ချီလင်ကလည်း ကောင်းကင်၌ ခုန်လွှားနေလေသည်။

အားကောင်းပြီး ကြောက်မက်ဖွယ်ကောင်းသော
ဤအရှိန်အဝါမှာ အင်မော်တယ်နယ်မြေကြီးရှိ

မျိုးဆက်သစ်လူငယ်များကြား၌ အလွန်ထူးကဲသော အနေအထားရှိသည်။

၎င်းက ကျွင်းရှောင်ယောက်ကို ရင်ဆိုင်လိုက်၏။

ဤနှစ်ဦးတွင်...

လူတစ်ယောက်က အစွမ်းထက်ပြီး ရှေးဦးဖရိုရဲ အရှိန်အဝါများ ရှိသည်။

တစ်ဦးကတော့ အဖြူရောင်ဝတ်စုံဖြင့် တည်ငြိမ်ကာ စကြာဝဠာကြီးကို လွှမ်းမိုး၏။

ဝမ့်မိသားစု၏ ကောရာဇ်ငယ်။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်။

ရှေးယခင်ကတည်းက ဝှင်းတို့နှစ်ယောက်
ထိပ်တိုက်တွေ့ဆုံလျှင် မည်သို့သော လှိုင်းမျိုး
ဖြစ်မလဲဟု အားလုံး စိတ်ကူးယဉ်မိကြဖူးသည်။

ယခုတော့ နှစ်ဦးသား အမှန်တကယ် ဆုံနေခဲ့ချေပြီ။

ဝမ့်ထန့်က ကျန်းစန်းယီကိုကြည့်ကာ ပြောလိုက်သည်။
"ကျန်းစန်းယီ၊ မင်းက မူလတာအိုသန္ဓေနဲ့
မွေးဖွားလာတဲ့သူပဲ၊ မင်းက ဒီကောရာဇ်ငယ်နဲ့
ထိုက်တန်ပါတယ်"

ထိုစကားကြားတော့ ကျန်းစန်းယီ၏ လှပသော
မျက်လုံးများတွင် ရှုံ့ရှာမှု အရိပ်အယောင်များ

ထွက်ပေါ်လာသည်။

ဝမ့်ထန့်က နောက်မှပေါက်သော ရွှေကြာပင်တည်း။

သူက ကျန်းစန်းယီကို ပြန်လှည့်စေချင်လျှင် မည်သို့ အရည်အချင်းပြည့်မီပါမည်နည်း။ သူမ၏ နှလုံးသားက ကျွင်းရှောင်ယောက်အတွက်သာ ဖြစ်သည်။

"မင်းက မူလတာအိုသန္ဓေကို မက်မောတယ်ဆိုတာ အသိသာကြီးပဲ၊ ဒါပေမဲ့ မင်းက ဘယ်လောက်မြင့်တယ်ပြောပြော၊ ဆိုးဆိုးရွားရွား ပြန်ပြုတ်ကျနိုင်တယ်"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး သရော်ဟန်ဖြင့် ပြောလိုက်သည်။

"အိုး၊ မင်းကကော မဟုတ်ဘူးလား"

ဝမ့်ထန့် လှောင်ပြောင်လိုက်၏။

အမြင့်မှာ ရပ်နေသူဟုဆိုလျှင်... သူဝမ့်ထန့်က ထိုသို့သော လူဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကကော၊ အမြင့်မှာ မရပ်တည်ဘဲနေလို့လား။

"မင်းနဲ့ငါက မတူဘူး၊ ဒီနတ်ဘုရားသားတော်က ကိစ္စမရှိဘူး၊ ဒါပေမဲ့ မင်း... မင်းက နာမည်အတုပဲရှိတယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

ယင်းကြောင့် လူတိုင်း အသက်ရှူရပ်လုမတတ်

ဖြစ်ခဲ့ရသည်။

စတွေ့သည်နှင့် သူတို့နှစ်ယောက်ထံမှ ယမ်းနံ့များကို ရရှိလာခဲ့ကြချေပြီ။

ဝမ့်မိသားစုမှ အဓိပဓိတစ်ပိုင်း၏ မျက်လုံးမှာလည်း ဒေါသများ ဖြစ်ပေါ်လာသည်။

ကျွင်းရှောင်ယောက်က ဝမ့်မိသားစု၏ ကေရာဇ်ငယ်ကို အတင့်ရဲပြီး စော်ကားဝံ့သည်။

"ဟားဟားဟား၊ နောက်ဆုံးတော့
ဒီကေရာဇ်ငယ်ထက်တောင် ပိုပြီးရူးတဲ့
အရူးတစ်ယောက်နဲ့ တွေ့ရပြီ"
ဝမ့်ထန့်က ရယ်မောလိုက်သည်။

"ကေရာဇ်ငယ်လား၊ ဒါက မင်းနဲ့ ထိုက်တန်ရဲ့လား"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

စကားဆုံးသည်နှင့် သူ့တစ်ကိုယ်လုံးက

နတ်ဘုရားစွမ်းအင်များ ပြည့်နှက်သွားကာ

သူ့လက်ကိုဆန့်ထုတ်၍ ကြီးစိုးနေသော

အနေအထားဖြင့် ဝမ့်ထန့်ကို ဖိနှိပ်လိုက်တော့သည်။

---------wunzinnosp

အခန်း ( ၃၀၈ ) ကေရာဇ်ငယ်နှင့် တိုက်ခိုက်ခြင်း၊

သိုင်းတာအိုကောင်းကင်မျက်လုံး၊

ခြေတစ်ဖက်တည်းဖြင့် ဖျက်ဆီးပစ်လိုက်သည်။

အားလုံး တုန်လှုပ်ခြောက်ခြားကာ တကိုယ်လုံး

ထုံကျင်သွားကြသည်။

ကျွင်းရှောင်ယောက်သည် ဤမျှ လွှမ်းမိုးမှုရှိလိမ့်မည်ဟု မည်သူမျှ မထင်ထားခဲ့ပေ။

သဘောထား ကွဲလွဲသည်နှင့် ဝမ့်ထန့်ကို တိုက်ခိုက်သည်။

ဤရုတ်တရက်လှုပ်ရှားမှုက လူတိုင်း၏မျှော်လင့်ချက်ကို ကျော်လွန်သွားချေပြီ။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်နှင့် ဝမ့်မိသားစုမှကေရာဇ်ငယ်... ၎င်းတို့နှစ်ဦးစလုံးက သာလွန်ထူးကဲသော ဇာတ်ကောင်များဖြစ်ကာ မည်သူမျှ ပြိုင်ဘက်မရှိပေ။

ထိုနှစ်ယောက်က ထိပ်တိုက်တွေ့သောအခါ အမှန်ပင်

စတင်တိုက်ခိုက်ကြတော့မည် ဖြစ်သည်။

ဘုရင်က ဘုရင်ကိုမမြင်ပေဟူသော
ဆိုရိုးစကားအတိုင်းပင်။

ဘုရင်နှစ်ပါးဆုံမိပါက တိုက်ခိုက်ကြရတော့မည်

ကျွင်းရှောင်ယောက်၏ လွှမ်းမိုးစွာဖြင့် တိုက်ခိုက်မှုကို
မြင်လိုက်ရသောအခါ ဝမ့်ထန့်လည်း အေးစက်စက်ဖြင့်
နှာခေါင်းရှုံ့လိုက်သည်။

သူက ခြေတစ်ချက် ဆောင့်နင်းလိုက်ရာ
မရေမတွက်နိုင်သော နတ်ဘုရားများက လမ်းကြောင်း
ဆယ်ခုကို ခွဲထုတ်လိုက်သကဲ့သို့ ချွန်ထက်သော
ဓားများအဖြစ်သို့ ပြောင်းလဲသွား၏။

ကျွင်းရှောင်ယောက်ကလည်း လက်တစ်ဖက်ဖြင့်
ကောင်းကင်ကို ဖိနှိပ်လိုက်ရာ
အနှိုင်းမဲ့နတ်ဆင်ခွန်အားက ထိုးတက်လာပြီး
စကြာဝဠာရှိ လမ်းကြောင်းဆယ်ခုကို ဖြိုခွင်းနိုင်သော
ရွှေရောင် ဆင်ရုပ်တုအဖြစ်
ပြောင်းလဲသွားတော့သည်။

"ဝုန်း"

ဆင်နှာမောင်းက ရိုက်ချလိုက်ရာ
ရွှေရောင်စွမ်းအင်လှိုင်းများ ဖြာထွက်လာပြီး
နတ်ဘုရားများ၏ ဓားရှည်အားလုံးကို
ဖယ်ရှားသွားခဲ့သည်။

"အိုး၊ စိတ်ဝင်စားစရာပဲ"

ဝမ့်ထန့်က ပေါ့ပေါ့ပါးပါး ပြုံးကာ ပြောလိုက်သည်။

"ဒါပေမဲ့ ဒီလောက်က အပျင်းပြေလောက်ပဲ ရှိမယ်"

ဝမ့်ထန့်၏ ထိုမှတ်ချက်က ကျန်းမိသားစုဝင်များကို ဒေါသထွက်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်၏ လက်ရှိအထောက်အထားက ကျန်းမိသားစု၏ သခင်လေးဖြစ်ရာ ဝမ့်ထန်မှ အကဲခတ်ရန် မည်သည့်အရည်အချင်းများ ရှိထားပါမည်နည်း။

သို့သော်လည်း နောက်အခိုက်အတန့်တွင် ဝမ့်ထန့်၏ မျက်လုံးများမှ သုံးပေခန့်အထိ အလင်းများ တောက်ပလာခဲ့သည်။ ယင်းက သူ့ခေါင်းထက်တွင် ကမ္ဘာကြီးတစ်ခုလုံးကို မြင်နိုင်သကဲ့သို့ မျက်လုံးကြီးအသွင် ဖြစ်သွားခဲ့၏။

"အဲဒါ... သိုင်းတာအိုကောင်းကင်မျက်လုံးပဲ"

ကျန်းမိသားစုမှ ဒေါသထွက်သွားသော
လူငယ်များလည်း ဝမ့်ထန့်၏
ထိုမျက်လုံးကိုမြင်ရသောအခါ
အသက်ပြင်းပြင်းရှူလိုက်မိကြသည်။

သိုင်းတာအိုကောင်းကင်မျက်လုံးသည်
သိုင်းပညာများကို အလွန်နက်နဲသောအဆင့်ထိ
ဆင့်ကဲပြောင်းလဲစေသည့် ကြောက်စရာကောင်းသော
စွမ်းရည်တစ်မျိုး ဖြစ်သည်။

သိုင်းတာအို ကောင်းကင်မျက်လုံး ပေါ်လာသောအခါ
သိုင်းပညာအားလုံး၏ အပြစ်အနာအဆာများကို
မြင်နိုင်သည်ဟူသော ကောလဟာလများပင် ရှိ၏။

သိုင်းတာအို ကောင်းကင်မျက်လုံးရှေ့တွင် မည်သည့်

တိုက်ခိုက်မှုမဆို အပြစ်အနာအဆာများဖြင့်
ပြည့်နှက်နေပြီး ဖုံးကွယ်ထားစရာမရှိနိုင်ပေ။

"ဝုန်း"

ဝမ့်ထပ်က ခြေတစ်ချက်လှမ်းကာ ထပ်မံ
လက်ညိုးညွှန်ပြီး ရွှေရောင် ဆင်ရုပ်တုကြီးအား
ဖယ်ရှားပစ်လိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာကတော့
အပြောင်းအလဲမရှိပါ။

ဤတိုက်ခိုက်မှုက တစ်ဖက်လူကို စမ်းသပ်ရန်အတွက်
ထုတ်ဖော်လိုက်ခြင်းသာ ဖြစ်သည်။

ရုတ်တရက် ကျွင်းရှောင်ယောက်၏ မျက်နှာတွင်

လျှောင်ပြိုးတစ်ခု ထွက်ပေါ်လာသည်။

ဝမ့်ထန့်၏အသေးစိတ်အချက်အလက်များကို
သူသိလိုက်ချေပြီ။

ကျွင်းရှောင်ယောက်က ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းကို
လက်တစ်ဖက်တည်းဖြင့် ထုတ်ဖော်ကာ
ကြောက်မက်ဖွယ်ရာ ဝါးမျိုးခြင်း ရေဝဲကြီးဖြင့်
ဝမ့်ထန့်အား ဖိနှိပ်လိုက်သည်။

"ကောင်းကင်သူတော်စင်ကျမ်း"

ဝမ့်ထန့်က လက်နှစ်ဖက်စလုံးဖြင့် လှုပ်ရှားလိုက်ရာ
စွမ်းအင်များက ပိုးဖြူမိုးကြိုးလုံးများအဖြစ်
လိမ့်တက်လာပြီး ကမ္ဘာကြီးကိုပင်
ဖျက်ဆီးပစ်နိုင်ပုံရ၏။

ထိုစွမ်းအားကြောင့် ကျန်းရှီလင်းကဲ့သို့
ပါရမီရှင်များပင် မျက်နှာအမူအရာ
ပြောင်းလဲသွားရသည်။

ဤသည်မှာ ကေရာဇ်ငယ်၏ စွမ်းအားဖြစ်ပြီး
ကြောက်မက်ဖွယ်ကောင်းသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
မတုန်မလှုပ်ဖြစ်နေဆဲပင်။

သူ၏ ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းက ဝမ့်ထန့်၏
ကောင်းကင်သူတော်စင်ကျမ်းနှင့် တိုက်မိသွားခဲ့သည်။

တစ်ချိန်တည်းမှာပင်၊ ကျွင်းရှောင်ယောက်ထံမှ
လက်သီးအလင်းက ကောင်းကင်တွင် လင်းလက်၏။
ထာဝရအင်အော်တယ်အရိုး တစ်ရာ့လေးဆယ်၏

ထောက်ပံ့မှုဖြင့် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းက ထွက်ပေါ်လာတော့သည်။

ယင်းက ဝမ့်ထန့်ကိုပင် ထိတ်လန့်သွားစေခဲ့သည်။

သူ၏ သိုင်းတာအိုကောင်းကင်မျက်လုံးဖြင့်ပင် ဤလက်သီးချက်တွင် မည်သည့် အပြစ်အနာအဆာမှ မတွေ့ခဲ့ရပေ။

ကျွင်းရှောင်ယောက်၏ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းက အပြစ်ကင်းစင်လုနီးပါး ဖြစ်သည်။

"ဝုန်း"

ကျွင်းရှောင်ယောက်၏ လက်သီးများက ဝမ့်ထန့်ကို

ကမ္ဘာငယ်ခြောက်ခုကဲ့သို့ ချေမှုန်းလိုက်သည်။

ထို့နောက်မှာတော့...

"ဝုန်း"
ဝမ့်ထန့်၏ တည်ရှိမှုက
တိုက်ရိုက်ပျက်စီးသွားတော့သည်။

ဤမြင်ကွင်းက လူတိုင်းကို တုန်လှုပ်စေခဲ့သည်။

ကျန်းမိသားစု၏ ပါရမီရှင်များလည်း မျက်လုံးများ
ပြူးကျယ်သွားကာ တကိုယ်လုံး
ထုံကျင်သွားကြသည်။

ဝမ့်မိသားစု၏ ဂုဏ်သိက္ခာရှိသော ဧကရာဇ်ငယ်

ဝမ့်ထန့်က ဤနည်းဖြင့်ပင် ရှုံးနိမ့်သွားသလော။

ဤအရာက လူတိုင်းကို မတုံ့ပြန်နိုင် ဖြစ်စေသည်။

"မင်း..."

ဝမ့်အမိပမိနှင့် အခြားသူများလည်း
အံ့အားသင့်သွားခဲ့ကြသည်။

ဤအချိန်တွင် ဖျက်ဆီးခြင်းခံရတော့မည့် ဝမ့်ထန့်က
စကားပြောလာသည်။

"သိပ်ကောင်းတယ်၊ မင်းက ငါ့ဝိညာဉ်ခန္ဓာကို
ဖျက်ဆီးရဲတဲ့ ပထမဆုံးလူပဲ"

"ဘာ"

ထိုစကားကိုကြားသောအခါ ကျန်းမိသားစုဝင်အားလုံး

အလွန် အံ့သြသွား၏။

ဤမျှအစွမ်းထက်သော ဝမ့်ထန့်က အမှန်ပင် ဝိညာဉ်ခန္ဓာကိုယ်ပဲလား။

ဟုတ်သည်၊ အလွန် အံ့သြနေသူများက ကျန်းမိသားစု၏ မျိုးဆက်သစ်များပင် ဖြစ်သည်။

မျိုးနွယ်စု အကြီးအကဲများနှင့် တခြားသူများကတော့ ဤအရာမျိုးကို မြင်ဖူးကြ၍ မျက်နှာအမူအရာ မပြောင်းလဲပေ။

သို့ရာတွင် ကျန်းမိသားစုဝင်အချို့က အံ့သြသွားကြ၏။

ဝမ့်ထန်၏ ဝိညာဉ်ခန္ဓာတစ်ခုကပင် ဤမျှ
အစွမ်းထက်နေပါက... အစစ်အမှန်
လူရောက်လာလျှင် မည်မျှ အစွမ်းထက်သင့်သနည်း။

"မင်းမျက်နှာကို ရှေ့သွင်းမနေနဲ့၊ မင်းရဲ့
တကယ့်ကိုယ်ခန္ဓာရှိရင်တောင် ဒီသခင်လေးရဲ့ရှေ့မှာ
ဝိညာဉ်ခန္ဓာနဲ့ မခြားဘူး"
ကျွင်းရှောင်ယောက်က တည်ငြိမ်စွာ ပြောလိုက်သည်။

သူက အတုမဲ့သော တာအိုနှလုံးသားကို
ပိုင်ဆိုင်ထားပြီးပြီဖြစ်ရာ မည်သည့်ပြိုင်ဘက်နှင့်
စိန်ခေါ်မှုများကိုမျှ မကြောက်ပေ။

ကျွင်းရှောင်ယောက်က ခြေတစ်ချက်လှမ်းပြီး
ကြီးစိုးသော ကိုယ်ဟန်အနေအထားဖြင့် ဝမ့်ထန်၏
ဝိညာဉ်ခန္ဓာကို တိုက်ရိုက်နင်းချေပစ်လိုက်သည်။

"ကျွင်းရှောင်ယောက်၊ ဒီကောရာဇ်ငယ်က ရှန်းကုကမ္ဘာမှာ မင်းကို ပြန်ပြီး အနိုင်ယူမယ်"

ထိုစကားများကို ပြောပြီးချိန်မှာတော့ ဝမ့်ထန့်၏ ဝိညာဉ်ခန္ဓာဟာ အဆုံးမဲ့အလင်းအစက်အပြောက်များအဖြစ် ကွဲအက် ပျောက်ကွယ်သွားတော့သည်။

"လေကတော့ တကယ်မြင့်တာပဲ၊ မင်းငါ့ကို နည်းနည်းပိုပြီး စိတ်ဝင်စားစေနိုင်မယ်လို့ ငါမျှော်လင့်တယ်"

ကျွင်းရှောင်ယောက်က ထူးခြားမှုမရှိဟန်ဖြင့် ပြောလိုက်သည်။

သူ့ကို ထိုသို့ လေကြီးမိုးကြီးဖြင့် ပြောဆိုခဲ့ကြသူမနည်းပေ။

သို့ရာတွင် နောက်ဆုံးရလဒ်များက...
သနားစရာကောင်းပုံရသည်။

ကျွင်းရှောင်ယောက်က ဝမ့်ထန့်၏ ဝိညာဉ်ခန္ဓာကို
အလွယ်တကူ အနိုင်ယူသည်အား မြင်ရသောအခါ
ဝမ့်အဓိပမိ၏မျက်နှာက သုန်မှုန်သွားခဲ့သည်။

နောက်ဆုံးတွင် ဝမ့်ထန့်၏ ဝိညာဉ်ရေးခန္ဓာက
တော်ရုံပါရမီရှင်များ ယှဉ်နိုင်သောအရာ မဟုတ်ပါ။

သို့ရာတွင်... ရလဒ်အနေဖြင့် နှစ်ကွက်၊ သုံးကွက်
လှုပ်ရှားပြီးနောက် တိုက်ရိုက် ပြိုကျသွားခဲ့ရသည်။

ဝမ့်အဓိပမိတစ်ပိုင်းက ကျွင်းရှောင်ယောက်ကို

လက်မခံလိုလျှင်ပင် မတတ်နိုင်ပေ။

ကျွင်းရှောင်ယောက်က ဝမ့်မိသားစု၏
ကေရာဇ်ငယ်နှင့် ယှဉ်ပြိုင်ရန်
အရည်အချင်းပြည့်မီကြောင်း ဝန်ခံရမည် ဖြစ်သည်။

"မင်းရဲ့ ကျန်းမိသားစုက ငါ့ ဝမ့်မိသားစုရဲ့
ကြင်နာမှုကို ငြင်းပယ်လိုက်ပုံရတယ်"
ဝမ့်အဓိပမိက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"မင်းဘယ်ကလာတာလဲ၊ မင်းဘယ်ကိုပြန်မှာလဲ၊ ဒါက
ငါတို့နဲ့ ဘာဆိုင်လဲ"
ကျွင်းရှောင်ယောက်၏ သဘောထားက
တင်းမာလာသည်။

"သိပ်ကောင်းတယ်၊ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်က ဒီတစ်ပင်ပဲ ရှိတာနော်။ ဒုတိယတစ်ခုကို အချိန်တိုအတွင်း ရှာချင်တယ်ဆိုရင်တော့ ဒါက စိတ်ကူးယဥ်နေတာပဲ၊ ကျန်းမိသားစုရဲ့ အဓိပဓိတစ်ဦး ကျဆုံးတော့မဲ့သတင်းတွေ ကြားရတော့မယ် ထင်တယ်"

ဝမ့်အဓိပဓိတစ်ပိုင်းက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဟမ့်"

ထိုအချိန်တွင် ကျန်းတောက်ရှီက အရှေ့ထွက်လာကာ ကြောက်မက်ဖွယ် ဖိအားများလည်း ဖြစ်လာခဲ့၏။

"ဝုန်း"

ဝမ့်မိသားစု၏ အဓိပဓိတစ်ပိုင်းလည်း

ခြေဆယ်လှမ်းကျော် နောက်ပြန်ဆုတ်သွားရကာ နှုတ်ခမ်းမှ သွေးများ စီးကျလာတော့သည်။

သူ့မျက်နှာက ဖြူဖျော့ပြီး ကျန်းတောက်ရှီကို ကြောက်စိတ်ဖြင့် ကြည့်လိုက်သည်။

ကျန်းတောက်ရှီက သေဆုံးတော့မည်ဖြစ်သော်လည်း ထိုအင်အားက သူရန်စနိုင်သောအရာ မဟုတ်ပေ။

ဝမ့်အဓိပမိတစ်ပိုင်းလည်း တိတ်ဆိတ်သွားကာ ဘာမျှ ထပ်မပြောတော့ပေ။ ထပ်ပြောပါက ကျန်းတောက်ရှီ၏ သတ်ဖြတ်ခြင်းကို ခံရမည်အား ကြောက်မိသည်။

ထိုအခါ အရာအားလုံးကို ဆုံးရှုံးသွားရမည်မို့ လုံးဝ မတန်ပေ။

ထို့ကြောင့် နောက်ပြန်လှည့်ကာ အခြား
ဝမ့်မိသားစုဝင်များနှင့်အတူ ကမန်းကတန်း
ထွက်ခွာသွားတော့သည်။

ဝမ့်မိသားစုမှ ထွက်ခွာသွားသောအခါ
တင်းမာသောအငွေ့အသက်များလည်း တစ်ဖန်
ပြေလျော့သွားခဲ့သည်။

သို့သော်လည်း ကျန်းမိသားစုမှ အကြီးအကဲအချို့၏
မျက်နှာများကတော့ အလွန် လေးနက်နေဆဲပင်။

အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်က
ကျန်းတောက်ရှို၏အသက်ကို အမှန်တကယ်
ကယ်တင်နိုင်ခဲ့မည်ဖြစ်သည်။

ကျွင်းရှောင်ယောက်က ရုတ်တရက် ကျန်းတောက်ရှီဘက်လှည့်ကာ လေးလေးနက်နက် ဦးညွတ်ပြီး ပြောလိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး အဘိုး၊ ဒါတွေအားလုံးက မြေးရဲ့ မဆင်မခြင် ပြုမူမှုကြောင့်ပါ။ ဒါက ကျန်းမိသားစုနဲ့ ဝမ့်မိသားစုကြားမှာ အဖုအထစ်ဖြစ်စေတဲ့အပြင် အဘိုးအတွက် အံ့ဖွယ်ကိုးပါး အင်မော်တယ်မြက်ကိုလည်း ဆုံးရှုံးစေခဲ့တယ်"

"မဟုတ်ဘူး... မဟုတ်ပါဘူး၊ ဒါတွေအားလုံးက စန်းယီရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်ပြီး ရှောင်ယောက်နဲ့ ဘာမှမဆိုင်ပါဘူး"

ကျွင်းရှောင်ယောက်က ကိုယ်တိုင် တာဝန်ယူနေခြင်းအား မြင်ရသောအခါ... ကျန်းစန်းယီက ကျွင်းရှောင်ယောက်ဘေးတွင်

ဝင်ရပ်ကာ တာဝန်ယူပေးရန် ကြိုးစားလိုက်သည်။

"အမစန်းယီ၊ မင်း..."

ကျွင်းရှောင်ယောက်လည်း ခဏတာ ဘာပြောရမည်မှန်း မသိတော့ပေ။

"မပြောနဲ့တော့ ရှောင်ယောက်၊ မင်းက ငါ့အတွက်ပဲ လုပ်ခဲ့တာ၊ ဒါကြောင့် မင်းက ဒီတာဝန်ကိုယူမှာ ငါ ခွင့်မပြုနိုင်ဘူး"

ကျန်းစန်းယီက အခိုင်အမာပြောလိုက်သည်။

လှပသော သူ့မျက်လုံးများတွင်လည်း ငဲ့ညှာမှုအရိပ်အမြွက်များ ဖြစ်ပေါ်လာကာ ကျွင်းရှောင်ယောက်အား ကြည့်လိုက်၏။

ဤနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အကာအကွယ်ပေးနေသည်အား မြင်လိုက်ရသောအခါ ကျန်းမိသားစုဝင်များလည်း အနည်းငယ် ထူးဆန်းသွားတော့သည်။

ဒီနှစ်ယောက်မှာ ဇာတ်လမ်းလေးတွေ ရှိနေတယ်။

----------wunzinnosp

အခန်း ( ၃၀၉ ) လက်မှတ်ထိုးဝင်ရန် နေရာအသစ်၊ ရှေးဟောင်းသင်္ချိုင်းမြေသို့ သွားကိုသွားရမည်။

ပိုင်းခြားသိမြင်မှုရှိသူတိုင်း ကျွင်းရှောင်ယောက်အပေါ် ကျန်းစန်းယီ၏ သဘောထားသည် အနည်းငယ်ထူးခြားနေကြောင်း ခံစားရနိုင်သည်။

ဟုတ်ပေသည်၊ ဤကိစ္စက တကယ်
ဟုတ်မဟုတ်ကိုတော့ မည်သူမျှ ဂရုမစိုက်ပါ။

ကျန်းရို့က ကျန်းစန်းယီကိုကြည့်ကာ တစ်စုံတစ်ခုကို
တွေးတောနေသကဲ့သို့ သံသယအချို့ကလည်း သူမ၏
လှပသော မျက်လုံးများလှစ်ဟလာသည်။

'အမစန်းယီနဲ့ အစ်ကိုရှောင်ယောက်က တကယ်ပဲလား'
ကျန်းလော့လီ၏ မျက်လုံးဝိုင်းဝိုင်းလေးမှာလည်း
သံသယများ ပို၍ ကြီးမားလာသည်။

ဤအကြောင်းကို သူမ ပိုတွေးလေလေ
တစ်ခုခုဖြစ်နေသကဲ့သို့ ခံစားရလေပင်။

မိသားစုဝင်အချို့၏ မျက်လုံးများနှင့် အပြုံးများကို မြင်ရသောအခါမှ ကျန်းစန်းယီဟာ ရှက်ရွံ့လာမိသည်။

ထိုအခါ ဖွေးနုသော နားရွက်လေးများပင် နီတွတ်လာတော့သည်။

ကကျန်းစန်းယီသည် မူလတာအိုသန္ဓေရှိ၍ လှပသည့်တိုင် အလွန်တည်ငြိမ်မှုရှိသည်။

သူမအနေဖြင့် ဤသို့ ရှက်ရွံ့မှုမျိုးကို တစ်ခါမှ မပြသဖူးပေ။

ကျန်းမိသားစုမှ လူငယ်အချို့ကလည်း အားကျစွာဖြင့် ဤမြင်ကွင်းကို ကြည့်နေခဲ့ကြသည်။

ကျန်းတောက်ရှီကတော့ သူတို့နှစ်ယောက်ကိုကြည့်ကာ
အနည်းငယ် သက်ပြင်းချလိုက်လေသည်။

"ရှောင်ယောက်၊ မင်းအမြင်မှာ ဒီအဘိုးက
တစ်ကိုယ်ကောင်းဆန်တဲ့လူလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"စိတ်မပူပါနဲ့ ရှောင်ယောက်၊ မင်းဘာပဲလုပ်လုပ်
မင်းအဖိုးက မင်းကို ထောက်ပံ့လိမ့်မယ်။
ဝမ့်မိသားစုက မင်းကို အဘိုးကြီးရဲ့အသက်နဲ့
အနိုင်ယူချင်နေရင်... အဲဒါကို တွေးတောင်မတွေးနဲ့!"

ကျန်းတောက်ရှီ၏ လေသံက တင်းမာ
ပြတ်သားသည်။

သူ့အတွက် ကျွင်းရှောင်ယောက်ကို ဝမ့်မိသားစု၏

အရှက်ခွဲခံရခြင်းထက် အသေသာ
ခံသွားလိုက်ပေမည်။

"ဟုတ်ပါတယ် သခင်လေး၊
မင်းဘာအမှားမှမလုပ်ပါဘူး၊ ငါတို့အားလုံး
မင်းကိုထောက်ခံတယ်!"

"မြောက်ပိုင်းက ဝမ့်မိသားစုဆိုရင်တောင် ဘာဖြစ်လဲ။
ငါတို့ ကျန်းမိသားစုက လုံးဝမကြောက်ဘူး"
ပတ်ဝန်းကျင်တွင် ကျန်းမိသားစုဝင်များက
ကျွင်းရှောင်ယောက်ကို ထောက်ခံကာ
အသံကျယ်ကျယ်ဖြင့် အော်ဟစ်လိုက်ကြသည်။

ကျွင်းရှောင်ယောက်ကဲ့သို့ တည်ငြိမ်သောသူပင်
ဤမြင်ကွင်းကြောင့် ရင်ထဲမှာ ခံစားသွားရသည်။

ဤသည်က ကျန်းမိသားစုကို ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သော်လည်း အားလုံးက သူ့ကို ထောက်ခံကာ ယုံကြည်ပေးကြ၏။

မဟုတ်လျှင် သူ့မိခင်မျိုးရိုးတွင် မည်သို့နေထိုင်နိုင်မည်နည်း။

သူက အသက်ပြင်းပြင်းရှူကာ ပြောလိုက်သည်။

"အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကိုရှာတွေ့ဖို့ တကယ်မဖြစ်နိုင်ဘူးလား"

ကျွင်းရှောင်ယောက် အနေဖြင့် ကျန်းတောက်ရှီ၏အသက်ကို ကယ်တင်ရနိုင်လျှင် ကယ်လိုသည်။

အဆုံးတွင် အကြောင်းရာများက

နည်းလမ်းမရှိတော့ပါ။

ကျွင်းမိသားစု၏ စွမ်းအားကို စုစည်းထားရလျှင်ပင်
ဝမ့်မိသားစုထံမှ အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်ကို ရယူကြရပေလိမ့်မည်။

ဟုတ်သည်၊ ယင်းက အစွန်းရောက်
ချဉ်းကပ်မှုတစ်ခုပင်။

နောက်ဆုံးအချိန် မရောက်ခင်အထိတော့
ကျွင်းရှောင်ယောက်က ထိုသို့လုပ်မည် မဟုတ်ပါ။

ထို့ပြင် ကျန်းတောက်ရှီက သူ့အတွက် ကျွင်းမိသားစုမှ
ဝမ့်မိသားစုကို ရင်ဆိုင်မည်အား သဘောတူမည်
မဟုတ်လောက်ပေ။

နောက်ဆုံးတွင် ကျွင်းမိသားစုက ရန်သူများစွာ ရရှိနေခဲ့ပြီ ဖြစ်သည်။

မြောက်ပိုင်း ဝမ့်မိသားစုပင် ထပ်ပါလာလျှင် ဖိအားများလည်း ပိုကြီးလာလိမ့်မည်။

ထိုအချိန်တွင် ဟွာယွမ်ရှို့၏ မျက်လုံးများက အရောင်လက်သွားပြီး ရုတ်တရက် ပြောလိုက်သည်။

"အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်က ရှေးဟောင်းသင်္ချိုင်းမြေကနေ ထွက်လာတာလို့ ငါကြားဖူးတယ်"

"ဝမ့်မိသားစုက အခွင့်အရေးတစ်ခုကြောင့် ရှေးဟောင်းသင်္ချိုင်းမြေကနေ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကို ရခဲ့တာဖြစ်မယ်"

ဟွာယွမ်ရှို့၏ စကားကြောင့် ကျန်းမိသားစုဝင်အချို့ မျက်လုံး အရောင်လက်သွားသည်။

ထာဝရသခ်ျိုင်းမြေက အလွန်အန္တရာယ်များသော တားမြစ်နယ်မြေတစ်ခု ဖြစ်ချေသည်။

လူအများစုကတော့ အမှောင်ထဲတွင် ကံဆိုးမည်ကို စိုးရိမ်သောကြောင့် ၎င်းကို မပြောဝံ့ကြပေ။

"ဟင်"

ကျွင်းရှောင်ယောက်က ဟွာယွမ်ရှို့ကို တစ်ချက်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က ၎င်းကို ခွေးတစ်ကောင်လို

ရိုက်ခဲ့သောကြောင့် သူ့ကို
အလွန်မုန်းတီးသင့်ပေသည်။

ထို့ကြောင့်ပင် ယခု သတင်းပေးလာခြင်း
ဖြစ်နိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ကျန်းမိသားစုမှ
အကြီးအကဲများအား သက်သေပြရန်
တောင်းဆိုနေဆဲပင်။

"ဒါအမှန်ပါပဲ။ ရှေးဟောင်းသင်္ချိုင်းမြေမှာ
အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ရှိတယ်ဆိုတဲ့
သတင်းတွေ ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့
တကယ်ဟုတ်မဟုတ်ကတော့ မသေချာဘူး"
ကျန်းမိသားစုဝင် အကြီးအကဲတစ်ဦးက
ပြောလိုက်သည်။

ဤအချက်နှင့်ပတ်သက်၍ ဟွာယွမ်ရှို့သည် အမှန်တကယ် မလိမ်ညာခဲ့ပေ။

"ဒါဆို ခင်ဗျားတို့ ရှေးဟောင်း သင်္ချိုင်းမြေမှာရှာဖို့ ဘာလို့ မသွားတာလဲ"
ကျွင်းရှောင်ယောက် အံ့သြသွားသည်။

အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်သတင်းကို ကျန်းမိသားစုက ရထားခဲ့လျှင် အကောင်းဆုံး ရယူနိုင်ရန် ကြိုးစားငံ့သည် မဟုတ်ပါလော။

သို့သော်လည်း ကျန်းမိသားစုသည် ရှေးဟောင်းသင်္ချိုင်းမြေသို့ မည်သူ့ကိုမျှ မစေလွှတ်ခဲ့ပေ။

"သခင်လေး မသိဘူးနော်၊ ထာဝရသင်္ချိုင်းမြေက
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးရဲ့
တာအိုစီရင်စုသုံးထောင်မှာ မပါဝင်တဲ့
တားမြစ်နေရာတစ်ခုပဲ။ အဲဒီမှာ ထူးဆန်းပြီး
ကြောက်စရာကောင်းတဲ့ အရာအမျိုးမျိုးရှိပြီးတော့
ရေက အရမ်းရှုပ်ထွေးတယ်"

ကျန်းမိသားစုဝင် အကြီးအကဲတစ်ဦးက
အကူအညီမဲ့စွာ ပြောလိုက်သည်။

ယင်းကိုတော့ ကျွင်းရှောင်ယောက်လည်း
နားလည်သည်။

ထာဝရသင်္ချိုင်းမြေသည် ယခင်က သူကြားဖူးခဲ့သော
အင်မော်တယ်နယ်မြေကြီး၏ အံ့ဖွယ်ခုနစ်ပါးနှင့်

ဆင်တူသည့်ပုံပင်။

၎င်းတို့အားလုံးသည် ကြီးမားသော အကြောင်းနှင့် အကျိုး၊ ထူးဆန်းမှု၊ ကြောက်မက်ဖွယ်ရာ တစ်မျိုးမျိုးကို ကိုယ်စားပြုထားသည်။

ထို့ကြောင့် ၎င်းတို့သည် သာမာန်လူများ ပါဝင်နိုင်သည့် တည်ရှိမှုမျိုး မဟုတ်တာတော့ အသိသာကြီးပင်။

ကျန်းမိသားစုမှ အကြီးအကဲတစ်ဦးကလည်း ကျွင်းရှောင်ယောက်ကို  ဆက်လက်ရှင်းပြခဲ့လေသည်။

ကျင့်ကြံခြင်း အဆင့်မြင့်သော ကျွမ်းကျင်သူတစ်ဦးက ထာဝရသင်္ချိုင်းမြေသို့ ဝင်ရောက်လာလျှင် သင်္ချိုင်းမြေရှိ ကြောက်စရာကောင်းသော သတ္တဝါများ၏ အာရုံစိုက်မှုကို

ဆွဲဆောင်သွားနိုင်သည်။ ၎င်းမှာ
ညအမှောင်ထုအတွင်းမှ တောက်ပသော
အလင်းရောင်ကဲ့သို့ သိသာထင်ရှား၍ ဝင်ရောက်နိုင်ရန်
ခက်ခဲလွန်းလှသည်။

အားနည်းသူများအတွက်မူ ၎င်းတို့က
ထာဝရသခ်ျိုင်းမြေသို့ ချဉ်းကပ်နိုင်သော်လည်း
ရှင်သန်ရန် ခွန်အားမရှိသောကြောင့် နက်နဲစွာ
ထိုးဖောက်ရန် ခက်ခဲလွန်း၏။

ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ
အင်မော်တယ်နယ်မြေကြီးမှ ထာဝရသခ်ျိုင်းမြေသို့
သွားဝံ့သောသူ သိပ်မရှိတော့ပေ။

ထို့ပြင် ထာဝရသခ်ျိုင်းမြေတွင် ထူးဆန်းသော
ဒဏ္ဍာရီများနှင့် လျှို့ဝှက်ဆန်းကြယ်စွာ

မြှုပ်နှံထားသော သတ္တဝါများစွာလည်း ရှိသည်။

ထို့ကြောင့်ပင် ထိုနေရာက သာမန်လူများ
ဝင်ရောက်ခြင်းအတွက် တားမြစ်ထားသော
နေရာတစ်ခု ဖြစ်လာခဲ့ပေသည်။

ကျွင်းရှောင်ယောက်လည်း ယခုအခါ ကျန်းမိသားစုက
ထာဝရသင်္ချိုင်းမြေသို့ ဘာကြောင့် မသွားရခြင်းကို
နားလည်လာခဲ့ပြီ ဖြစ်သည်။

"နယ်ပယ်မြင့်တဲ့ ကျင့်ကြံသူတွေက နက်နက်နဲနဲဝင်ဖို့
ခက်တယ်ဆိုရင်... နယ်ပယ်နိမ့်တဲ့သူတွေလည်း ဝင်ဖို့
ခက်တယ်ပေါ့၊ ဒီလိုဆိုရင် ကျွန်တော်သွားပါရစေ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

စကားဆုံးသည်နှင့် စနစ်၏အသံက သူ့စိတ်ထဲတွင် ပေါ်လာသည်။

"ဒင်၊ ဂုဏ်ယူပါတယ် ပိုင်ရှင်၊ လက်မှတ်ထိုးဝင်မယ့်နေရာကို အသစ်ပြန်စလိုက်ပါပြီ၊ ထာဝရသင်္ချိုင်းမြေမှာ ကျေးဇူးပြုပြီး လက်မှတ်ထိုးဝင်ပါ"

စနစ်မှ အချက်ပြသံကို ကြားလိုက်ရပြီးနောက် ကျွင်းရှောင်ယောက်၏ ထာဝရသင်္ချိုင်းမြေကို သွားလိုစိတ်ဟာ ပို၍ ခိုင်မာသွားသည်။

သို့သော် ထိုစကားကိုကြားသောအခါ အားလုံးက အမူအရာ ပြောင်းသွားကြ၏။

အထူးသဖြင့် ကျန်းတောက်ရှီ၊ ကျန်းရို့၊ ကျန်းစန်းယီ၊

ကျန်းလော့လီနှင့်  အခြားသူများ မျက်နှာအရောင် ပြောင်းသွားကြတော့သည်။

"ရှောင်ယောက်၊ ဒီလောက် အန္တရာယ်ရှိတဲ့နေရာကို သွားလို့မရဘူး"
ကျန်းရို့က တိုက်ရိုက်ပြောလိုက်သည်။

"ရှောင်ယောက်၊ ထာဝရသင်္ချိုင်းမြေက အန္တရာယ်များလွန်းပါတယ်"
ကျန်းစန်းယီကလည်း ပြောလိုက်၏။

"အစ်ကိုရှောင်ယောက်၊ နင်အဲဒီနေရာကို မသွားနိုင်ဘူး၊ ဒါက ကြောက်စရာကောင်းလွန်းတယ်"
ကျန်းလော့လီကလည်း တားဆီးလိုက်လေသည်။

ကျန်းတောက်ရှီပင် ပြောလိုက်သည်။

"ရှောင်ယောက်၊ မင်းရဲ့နှလုံးသားက
မြင့်မြတ်လွန်းပေမဲ့ အဲဒီနေရာဟာ
အန္တရာယ်များလွန်းတယ်၊ နောက်ပြီး အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်က ရှိ၊ မရှိတောင်
မသေချာတာကြောင့် သွားစရာ မလိုဘူး"

အခြားတစ်ဖက်တွင် ဟွာယွမ်ရှူ့၏ မျက်လုံးများက
အေးစက်သောအလင်းရောင်တစ်ခု
လင်းလက်လာသည်။

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုက
သူလိုချင်သည့်အတိုင်း အတိအကျပင်။

ထာဝရသင်္ချိုင်းမြေတွင် ကျွင်းရှောင်ယောက်
သေဆုံးသွားခဲ့ပါက၊ သူ့အတွက် ပိုကောင်းမည်မှာ

သေချာသည်။

"အဘိုး၊ ခင်ဗျား ကျွန်တော်ကိုမယုံသေးဘူးလား၊ ဒါက ကျွန်တော်အတွက် ဘာခက်ခဲမှာဘဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"ရှောင်ယောက်၊ အနာဂတ်မှာ မင်း ကြီးပြင်းလာမယ်မှ ထာဝရသင်္ချိုင်းမြေကို သွားမယ်ဆိုရင် ငါမတားပါဘူး၊ ဒါပေမဲ့ အခုသွားဖို့က စောလွန်းနေသေးတယ်"

ကျန်းတောက်ရှီက ခေါင်းခါယမ်းလိုက်သည်။

လက်ရှိ ကျွင်းရှောင်ယောက်သည် ကျွင်းမိသားစုနှင့် ကျန်းမိသားစုဟူသော ရှေးဟောင်းမင်းမျိုးနွယ် မိသားစုနှစ်ခု၏ သခင်လေး ဖြစ်သည်။

သူသည်သာ ထာဝရသခင်ချိုင်းမြေ၌
ကျဆုံးသွားခဲ့ပါက...

ထိုကဲ့သို့သော အကျိုးဆက်သည်
ရှေးဟောင်းမိသားစုကြီးနှစ်ခု၏
စိတ်ကူးယဉ်နိုင်စွမ်းထက် ကျော်လွန်နေလိမ့်မည်။

ကျန်းတောက်ရှီအနေဖြင့် ကျွင်းရှောင်ယောက်၏
အသက်ဖြင့် သူ့ဘဝကို မရှင်သန်လိုပါ။

"အဘိုး၊ မြေး ဆုံးဖြတ်ထားပြီးပြီ၊ အမေလည်း
မတားပါနဲ့တော့။ ထာဝရသခင်ချိုင်းမြေကို ကျွန်တော်
ကျွင်းရှောင်ယောက် သေချာပေါက် သွားမယ်"

ကျွင်းရှောင်ယောက်၏ လေသံက တည်ကြည်ပြီး
ကန့်ကွက်ခွင့် မပြုပေ။

ထာဝရသခ်ျိုင်းမြေဆိုလျှင်ပင် ဘာများ
ဖြစ်သေးသနည်း၊ သူ ကျွင်းရှောင်ယောက်က
ရောက်အောင်၍ သွားမည်။

----------wunzinnosp

အခန်း ( ၃၁၀ ) ကျွင်းရှောင်ယောက်
မတော်တဆမှုဖြစ်သွားခဲ့ရင်
ရှေးဟောင်းမိသားစုကြီးနှစ်ခုက မရပ်တန့်ဘူး။

ကျွင်းရှောင်ယောက်သည် မွေးဖွားပြီးကတည်းက
သူ၏မျိုးဆက်တွင် ပြိုင်ဘက်ကင်းသော တာအိုနှင့်
ကြီးမြင့်သော စိတ်ဓာတ်ကို ဖော်ထုတ်ခဲ့သည်။

သူ့အတွက်တော့ ကမ္ဘာကြီးက ကြီးလွန်းလျှင်ပင်
ဘာကြောင့် မသွားရပါမည်နည်း။

လူတို့အတွက် ခေတ်အဆက်ဆက်မှ
တားမြစ်နယ်မြေဖြစ်လျှင်ပင် ကျွင်းရှောင်ယောက်က
လုံးဝမကြောက်ပေ။

ယင်းက မဆင်မခြင် ပြုမူခြင်း မဟုတ်ဘဲ သူ့ကိုယ်သူ
ယုံကြည်မှုအပြည့်ရှိ၍ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါက
အခြားသူများကိုလည်း ကူးစက်ခဲ့လေသည်။

ဤသည်မှာ သူတို့ ကျန်းမိသားစု၏
သခင်လေးဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ပြတ်သားသည့်
သဘောထားကို မြင်သောအခါ ကျန်းရို့နှင့်

အခြားသူများလည်း ဘာပြန်ပြောရမှန်း မသိတော့ပေ။

ကျန်းတောက်ရှီ၏ အိုမင်းသော မျက်နှာထက်မှာပင် ခံစားသွားရဟန်ဖြင့် အရိပ်အမြွက်တို့ လှစ်ဟလာသည်။

ဤမြေးမျိုးကို ရထားသောကြောင့် သူသေလျှင်ပင် နောင်တရစရာ မရှိတော့ပါချေ။

ကျွင်းရှောင်ယောက်၏ သဘောထားက အလွန်ခိုင်မာသည်ကို တွေ့လိုက်ရသဖြင့် ကျန်းတောက်ရှီ မတားလိုတော့ပေ။

အကြောင်းမှာ အတင်းအကြပ်တားခြင်းက ကျွင်းရှောင်ယောက်၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သည်။

"ကောင်းပြီ ရှောင်ယောက်၊ မင်းရဲ့ သဘောထားက သိပ်ပြီး ခိုင်မာတဲ့အတွက် မတားတော့ဘူး။ တကယ်လို့ ထာဝရသင်္ချိုင်းမြေမှာ တကယ်ပဲ မတော်တဆဖြစ်ရင်..."

ကျန်းတောက်ရှီက ခေတ္တရပ်ပြီးနောက် အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဒီအဘိုးက ထာဝရသင်္ချိုင်းမြေကို မြေလှန်ပစ်ဖို့ အကောင်းဆုံး ကြိုးစားမယ်"

"ဟုတ်တယ်၊ သခင်လေးသာ ထာတရသင်္ချိုင်းမြေမှာ အန္တရာယ်ရှိနေရင် ငါတို့ ကျန်းမိသားစုက ဘယ်တော့မှ မရပ်ဘူး"

ကျန် ကျန်းမိသားစုမှ အကြီးအကဲများကလည်း အေးစက်စက်ဖြင့် ပြောလိုက်သည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးရှိ ရှေးဟောင်းမိသားစု၏ ဒေါသက လူတိုင်းသည်းခံနိုင်သောအရာ မဟုတ်ပေ။

ခေတ်အဆက်ဆက် တည်ငြိမ်ခဲ့သည့် ထာဝရသင်္ချိုင်းမြေသည်ပင် အရေခွံဆုပ်ခံရမည် ဖြစ်သည်။

"ဟုတယ် ရှောင်ယောက်၊ ကျွင်းမိသားစုက မင်းကို အန္တရာယ်ထဲမှာ ဘယ်တော့မှ ထားရှိမှာ မဟုတ်ဘူး" ကျန်းရို့ကလည်း ပြောလိုက်သည်။

ကျွင်းရှောင်ယောက်သာ ထာဝရသင်္ချိုင်းမြေ၌ မတော်တဆမှုတစ်ခု ဖြစ်ခဲ့ပါက...

ကျွင်းမိသားစုနှင့် ကျန်းမိသားစုတို့သည်
ထိုင်ကြည့်နေကြမည် မဟုတ်ပေ။

ရှေးဟောင်းမိသားစုကြီးနှစ်စုက
ရှေးဟောင်းသင်္ချိုင်းမြေကို တိုက်ခိုက်ရန်
ပူးပေါင်းလိုက်လျှင်
စွမ်းအားမည်မျှကြီးမားလာမည်နည်း။

ဤအခါ ထာဝရသင်္ချိုင်းမြေသည်ပင်
သည်းမခံနိုင်တော့ဘဲ ဆုံးရှုံးမှုကြီးကြီးမားမား
ကြုံတွေ့ရမည်ဟု ခန့်မှန်းရနိုင်သည်။

'ဒီပုံစံအရ ငါ ပိုပြီးသက်တောင့်သက်သာ
ခံစားလိုက်ရပြီ'
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

အကယ်၍ သူသာ ထာဝရသင်္ချိုင်းမြေတွင် ပိတ်မိနေပါက ကျွင်းမိသားစုနှင့် ကျန်းမိသားစုတို့က ဘယ်တော့မှ ထိုင်ပြီး စောင့်ကြည့်နေမည်မဟုတ်ကြောင်းကိုလည်း သူသိသည်။

ကျွင်းမိသားစုသည် ထာဝရသင်္ချိုင်းမြေနှင့်ပတ်သက်၍ အနည်းငယ်ထူးဆန်းသော်လည်း ၎င်းမှာ ထာဝရသင်္ချိုင်းမြေကိုကြောက်သည်ဟု မဆိုလိုပေ။

တကယ်ဖြစ်လာခဲ့လျှင် ကျွင်းမိသားစုက အားလုံးကို ဆန့်ကျင်သွားနိုင်သည်။

"ရှောင်ယောက်၊ ဒီကိစ္စက ငါ့ကြောင့်ပဲ၊ ငါ

မင်းနဲ့လိုက်ခဲ့မယ်"

ကျန်းစန်းယီက ပြတ်သားသောလေသံဖြင့် ထရပ်လိုက်သည်။

"ဟုတ်တယ် အစ်ကိုရှောင်ယောက်၊ ငါလည်း လိုက်မယ်"

ကျန်းလော့လီကလည်း ရပ်တည်လိုက်၏။

"မလိုပါဘူး၊ ငါတစ်ယောက်တည်း လုပ်နိုင်တယ်၊ နောက်တစ်ယောက်ပါရင် ပိုအန္တရာယ်များတယ်"

ကျွင်းရှောင်ယောက်က သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

သဘာဝအားဖြင့် ကျန်းစန်းယီနှင့် ကျန်းလော့လီကို အန္တရာယ်မဖြစ်စေလိုပေ။

"ရပါတယ်၊ ရှောင်ယောက် လုပ်နိုင်မယ်လို့
ငါယုံကြည်တယ်"

ကျန်းရို့က ဝင်ပြောလိုက်သည်။

သူမက ကျွင်းရှောင်ယောက်အတွက် အနည်းငယ်
စိတ်ပူနေမိလျှင်ပင်...

အမေတစ်ယောက်အနေဖြင့် သူ့သား၏
ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို
အပြည့်အဝထောက်ခံရမည်။

ဤသို့ဖြင့် အခြေအနေများကို ဖြေရှင်းပြီးသွားသည်။
ကျွင်းရှောင်ယောက်က ကျန်းမိသားစုတွင်
အချိန်အတိုင်းအတာတစ်ခုအထိ နေထိုင်ပြီးနောက်
ထာဝရသင်္ချိုင်းမြေသို့ သွားပေမည်။

"သခင်လေးက တကယ်ကို စိတ်သဘောထား ကြီးမြတ်သူပါပဲ"

ကျန်းချူဟန်လည်း သက်ပြင်းချကာ ရေရွတ်လိုက်မိသည်။

"အိုး၊ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ကောင်းတွေဆိုတာ ရှေးခေတ်ကတည်းက အသက်ရှည်ရှည် မနေရတတ်ဘူး"

ဟွာယွမ်ရှို့က မဲ့ပြုံး တစ်ချက်ပြုံးလိုက်သည်။

"နင် သခင်လေးကို ကျိန်ဆဲနေတာလား"

ကျန်းချူဟန် မျက်မှောင်ကြုတ်လိုက်၏။

ဟွာယွမ်ရှို့က သတ္တိမရှိဘဲ ကျွင်းရှောင်ယောက်နှင့်

မယှဉ်နိုင်ဘူးလို့လည်း သူမ ပိုပိုပြီး ခံစားလာရသည်။

"မဟုတ်ပါဘူး၊ သူ ဘေးကင်းစွာ
ထွက်သွားနိုင်မယ်လို့လည်း ငါ မျှော်လင့်ပါတယ်"

ဟွာယွမ်ရှို့သည် လေးစားနေသော မျက်လုံးများဖြင့်
ပြောလိုက်၏။

သို့သော်လည်း တကယ် စိတ်ထဲမှာတော့
ကျွင်းရှောင်ယောက် ပြန်မလာလေ၊
ပိုကောင်းလေဟုပင် တွေးနေမိတော့သည်။

ဤကိစ္စကို အတည်ပြုပြီးနောက် ကျန်းတောက်ရှီဟာ
အမိန့်ထုတ်ပြန်ခဲ့သည်။

ကျွင်းရှောင်ယောက် လိုအပ်သည့်
မည်သည့်အရင်းအမြစ်မဆို ကျန်းမိသားစုမှ

ခြွင်းချက်မရှိ ပံ့ပိုးပေးရမည်။

ထို့ပြင် ကျွင်းရှောင်ယောက်က ယခုအခါ ကျန်းမိသားစု၏ သခင်လေး ဖြစ်လာသောကြောင့် မိသားစု၏ မည်သည့်အရင်းအမြစ်ကိုမဆို အသုံးပြုပိုင်ခွင့် ရှိနေပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း မယဉ်ကျေးတော့ဘဲ ကျန်းမိသားစုမှ သူ့ကို အင်မော်တယ်အရင်းမြစ်ပေးရန် တောင်းဆိုခဲ့သည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်အရင်းအမြစ် လိုအပ်ကြောင်း သိရသောအခါ ကျန်းမိသားစုက ရတနာတိုက်တစ်ခုလုံးကို စွန့်ပစ်လုနီးပါးဖြစ်ခဲ့သည်။

၎င်းတို့က ကျွင်းရှောင်ယောက်ကို

အင်မော်တယ်အရင်းအမြစ် သုံးထောင်ကျော်ပင်
ပေးအပ်ခဲ့၏။

အင်မော်တယ်အရင်းအမြစ်သည် ရှားပါးလွန်း၍
ရှေးဟောင်းမိသားစုများအတွက်ပင် များစွာ
သိုလှောင်မှုမထားနိုင်ကြပေ။

သို့ဖြစ်ပေရာ သုံးထောင်က တော်တော်များနေပြီ
ဖြစ်သည်။

သို့ရာတွင် လက်ရှိ
ကျွင်းရှောင်ယောက်အတွက်ကတော့ ဤသည်မှ
ရေပုံးထဲမှ ရေတစ်စက်မျှသာ ဖြစ်သည်။

သူ၏ ထာဝရအင်မော်တယ်အရိုးသည်
အင်မော်တယ်အရင်းအမြစ် စားသုံးသူ

ရေပဲကြီးကဲ့သို့ပင်။

အစပိုင်းတွင်၊ အင်မော်တယ်အရင်းမြစ်အနည်းငယ်က ထာဝရအင်မော်တယ်အရိုးကို အလွန် တိုးတက်ပြောင်းလဲစေခဲ့သည်။

ယခုမူကား၊ အပိုင်းတစ်ပိုင်းကို သန့်စင်ရန် ဒါဇင် သို့မဟုတ် ရာနှင့်ချီသော အင်မော်တယ်အရင်းအမြစ်များအား သုံးစွဲနေခဲ့ရချေပြီ။

ယင်းက အနောက်ရောက်လာလေလေ၊ ပိုခက်လေ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကျင့်ကြံခြင်းသို့ စိတ်နစ်မြုပ်သွားသောအချိန်...

မြောက်ပိုင်း ဝမ့်မိသားစုအတွင်းမဏ္ဍာ
ခမ်းနားထည်ဝါသော နန်းတော်တစ်ခုတွင်...

ခရမ်းရောင်စပါးအုံးမြွေဝတ်ရုံနှင့်
လူလတ်ပိုင်းတစ်ဦးက မြင့်မားသောထိုင်ခုံပေါ်တွင်
မျက်နှာ မှုန်ကုပ်ကုပ်ဖြင့် ထိုင်နေသည်။

သူ၏ ကျင့်ကြံခြင်းအခြေခံကတော့
အစိပမိတစ်ပိုင်းသို့ပင် ရောက်ရှိနေနိုင်ခဲ့ချေပြီ။

သူ့အောက်မှာတော့ ယခင်က ကျန်းမိသားစုသို့
လာရောက်ခဲ့သော ဝမ့်မိသားစု၏ အစိပမိတစ်ပိုင်း
ဖြစ်သည်။

"အဲဒီ ကျန်းမိသားစုက အတော် ဉာဏ်နည်းကြတာပဲ၊

ကျန်းစန်းယီက ငါ့သားနဲ့ မထိုက်တန်ဘူးလို့ ထင်နေတာလား"

ခရမ်းရောင်စပါးအုံးဝတ်လုံ ဝတ်ထားသူက ဝမ့်ထန့်၏ ဖခင်ဖြစ်ပြီး ဝမ့်မိသားစုခေါင်းဆောင် ဝမ့်ယွင်ပေါ့ ဖြစ်သည်။

"တကယ်တော့ အဓိကလူက ကျွင်းရှောင်ယောက်ပါ၊ သူ့အတွက်မဟုတ်ရင် ဒီလိုမျိုး ဘယ်တော့မှ ဖြစ်မလာဘူး"

"ဟမ် ကျွင်းရှောင်ယောက်က ငါ့သားရဲ့ ဝိညာဉ်ခန္ဓာကို ဖျက်ဆီးဝံ့တယ်လား"

ဝမ့်ယွင်ပေါ့၏ မျက်လုံးများက အေးစက်သွားသည်။

သူ့မျက်လုံးထဲမှာတော့ သူ့သား ဝမ့်ထန့်ဟာ မျိုးဆက်သစ်လူငယ်များကြား၌ အတုမဲ့သော

တည်ရှိမှု ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က အလွန်အတင့်ရဲပြီး မဆင်မခြင် ပြုမူခဲ့၏။ ယင်းက ဝမ့်ယွင်ပါ့ကို အေးစက်သွားစေခဲ့သည်။

ထိုအချိန်တွင် ဝမ့်မိသားစုမှ အကြီးအကဲတစ်ဦး ရုတ်တရက် ဝင်ရောက်လာကာ ပြောလိုက်သည်။

"မိသားစုခေါင်းဆောင်ကို သတင်းပို့ပါတယ်၊ ဒါက ကျွင်းမိသားစုရဲ့ သတင်းပါ၊ ကျွင်းရှောင်ယောက်က ထာဝရသင်္ချိုင်းမြေကို ဝင်ရောက်ပါတော့မယ်"

"ဘာ၊ မွေးကင်းစ နွားသူငယ်က ကျားကိုမကြောက်တာ တကယ်ပါပဲလား"

ထိုစကားကိုကြားပြီးနောက် ဝမ့်ယွင်ပါ့ဟာ ရုတ်တရက် ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်က အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်အတွက်
ထာဝရသင်္ချိုင်းမြေထဲသို့ ဝင်ဝံ့မည်ဟု သူ
မမျှော်လင့်ထားပေ။

"ဒီကောင်လေးက တကယ်ကို သေချင်နေတာပဲ"
ဝမ့်အမိပမိတစ်ပိုင်းကလည်း လှောင်ပြောင်
လိုက်သည်။

"ဒီသတင်းကို ဖြန့်လိုက်စမ်း၊ ကျွင်းမိသားစုက
နတ်ဘုရားသားတော်ရဲ့ ဒဏ္ဍာရီက
ထာဝရသင်္ချိုင်းမြေမှာတင် အဆုံးသတ်သွားနိုင်တယ်"
ဝမ့်ယွင်ပါ့က အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

နောက်ဆုံးတွင် ထာဝရသင်္ချိုင်းမြေက

အန္တရာယ်ရှိသောနေရာပင် မဟုတ်ပါလား။

ကျွင်းရှောင်ယောက်က ဝင်လာပြီးမှ ပြန်ထွက်လာရန်
မဖြစ်နိုင်တော့ပေ။

ဝမ့်မိသားစု၏ နက်ရှိုင်းသောနေရာ၊
ဝိညာဉ်နယ်မြေအတွင်း၌...

တံခါးပိတ်ကျင့်ကြံနေသော ဝမ့်ထန့်၏
ခန္ဓာအစစ်အမှန်လည်း ဤသတင်းကို
ကြားလိုက်ရသည်။

နေနှင့်လသည် သူ့မျက်လုံးထဲတွင်
လှည့်ပတ်နေသကဲ့သို့ သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်၏။

သူ့ပတ်ဝန်းကျင်မှာလည်း ပင်လယ်ထဲသို့
ခုန်ဆင်းနေသော အစစ်အမှန်နဂါး၊
အတောင်ပံဖြန့်ထားသော နတ်ဖီးနစ်နှင့် ချီလင်ကဲ့သို့
အစွမ်းထက် အာရုံများလည်း ဖြစ်ပေါ်နေသေးသည်။

၎င်း၏ အရှိန်အဝါက
အလွန်ကြောက်စရာကောင်းလှသည်။

"ထာဝရသင်္ချိုင်းမြေကို သွားရဲတဲ့
ကျွင်းရှောင်ယောက်ကို သတ္တိရှိလို့ ပြောရမလား၊
ဒါမှမဟုတ် မိုက်မဲတယ်လို့ပဲ ပြောရမှာလား"

"မူလတာအိုသန္ဓေက ငါ့ရဲ့အောင်မြင်မှုတွေအတွက်
သိပ်ပြီး အသုံးဝင်တယ်။ ကျွင်းရှောင်ယောက်...
မင်းဘယ်တော့မှ ပြန်မလာဘူးဆိုရင် ကျန်းစန်းယီက

ဒီကေရာဇ်ငယ်ရဲ့ မိန်းမဖြစ်ပြီ၊ ဟားဟားဟား"
ဝမ့်ထန့်က လှောင်ပြောင် ရယ်မောလိုက်သည်။

ကျန်းစန်းယီဆိုသောမိန်းမက သူ့အတွက်သာ
ဖြစ်ပေမည်။

ဤသို့ဖြင့် ရက်အနည်းငယ်အတွင်းမှာပင်
ဝမ့်မိသားစု၏ ရည်ရွယ်ချက်ရှိရှိ
သတင်းဖြန့်မှုအောက်မှာ...

ကျွင်းရှောင်ယောက် ထာဝရသချိုင်းမြေထဲကို
သွားရောက်မည်ဟူသော သတင်းက လုံးဝ
ပျံ့နှံ့သွား၏။

ဤတစ်ခါတော့ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးဟာ ဆူပွက်ပြီး

လုံးလုံးပေါက်ကွဲသွားခဲ့ပြန်တော့သည်။

----------wunzinnosp

အခန်း ( ၃၁၁ ) သတင်းထွက်လာသည်နှင့်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး
ဆူပွက်သွားသည်။

ထာဝရသင်္ချိုင်းမြေသည် မည်သို့သောနေရာမှန်း
အားလုံး အသိပင်။

သေချာတာကတော့ ၎င်းမှာ အန္တရာယ်များသော
တားမြစ်နယ်မြေတစ်ခု ဖြစ်သည်။

ဤနေရာမျိုးနှင့် ပတ်သက်လာချိန်မှာတော့ မည်မျှ

ရင်းနှီးသူဖြစ်စေ... လူအများစုက အမှောင်ထဲတွင်
ကံဆိုးမည်ကို ကြောက်သောကြောင့် စကားပင်
မပြောဝံ့ကြတော့ပါ။

ယခုလည်း ကျွင်းရှောင်ယောက်သည်
ထာဝရသင်္ချိုင်းမြေသို့ ဝင်ရောက်တော့မည်ဖြစ်သည်။

ဤအရာက ပင်လယ်ထဲသို့
ရောမကျောက်တုံးကြီးတစ်တုံး ကျဆင်းလာ၍
လှိုင်းဂယက်များ ဖြစ်လာသကဲ့သို့ပင်။

ကျွင်းရှောင်ယောက်သာ ကြီးပျင်းလာပါက
သူတော်စင်နှင့် အထက်နယ်ပယ်များကို
ရောက်နိုင်သည်။

ထိုအခါမှ ထာဝရသင်္ချိုင်းမြေထဲသို့ ဝင်ရောက်ခဲ့လျှင်

ဘာမျှမဖြစ်တော့ပါ။

သို့ရာတွင် ယခုအချိန်မှာ ကျွင်းရှောင်ယောက်က တုန်ထျန်းဘုရင်တစ်ပါးသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်ရှိ မျိုးဆက်သစ်လူငယ်များကြားတွင် ထိပ်ဆုံး၌ ပါဝင်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ထာဝရသခ်ျိုင်းမြေကဲ့သို့ နေရာမျိုးမှာတော့ လုံးဝ မလုံလောက်ပါချေ။

ယင်းကပင် လူတိုင်း အံ့အားသင့်ရသော အကြောင်းရင်းတစ်ခုလည်း ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ဘာကိစ္စရှိလို့ ထာဝရသင်္ချိုင်းမြေလို
အန္တရာယ်နယ်မြေကို သွားချင်ရတာလဲ"

"ဟုတ်တယ်၊ တားမြစ်ထားတဲ့ နေရာအကြောင်း
ပြောနေတာကတောင် ကြောက်စရာကောင်းနေပြီ၊
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ပဲ
သေချင်နေတာလား"

"သူက ကျန်းမိသားစုရဲ့ အဘိုးကြီးအတွက် ဆေးရှာဖို့
ထာဝရသင်္ချိုင်းမြေကို သွားရောက်မှာလို့ ကြားတယ်၊
ကျန်းမိသားစုရဲ့ ဘိုးဘေးလေ"

ကျွင်းရှောင်ယောက်က ထာဝရသင်္ချိုင်းမြေသို့
ဝင်ရောက်မည့် သတင်း ထွက်ပေါ်လာလို...
ကျွင်းရှောင်ယောက်က ကျန်းမိသားစု၏

သခင်လေးဖြစ်လာကြောင်းလည်း ရှိသေးသည်။

ယင်းက သဘာဝအတိုင်း နောက်ထပ် မုန်တိုင်းတစ်ခု ဖြစ်စေသည်။

ယခင်ကတည်းက ကျွင်းရှောင်ယောက်၏ ဝိသေသလက္ခဏာမှာ အလွန်မွန်မြတ်နေခဲ့ပြီ။

ယခုမူ သူက ကျန်းမိသားစု၏ သခင်လေးလည်း ထပ်ဖြစ်လာခဲ့ပြီ ဖြစ်သည်။

ဆိုလိုသည်က ကျွင်းရှောင်ယောက်ဟာ ရှေးဟောင်း မင်းမျိုးနွယ် မိသားစုကြီးနှစ်ခုမှ ဆင်းသက်လာသူတည်း။

"ဟင်း၊ ငါသာ ကျွင်းရှောင်ယောက်ဆိုရင် အေးအေးချမ်းချမ်းနဲ့ ကိုယ့်ဘာသာ လေ့ကျင့်နေမိမှာ၊ ငါသေချင်မှပဲ ရှေးဟောင်း သင်္ချိုင်းမြေကို သွားလိမ့်မယ်"

"ဟုတ်တယ်၊ ကျွင်းရှောင်ယောက်ရဲ့ ခရီးက ချောမွေ့နေပြီး တာအိုကိုသက်သေပြုလို့ အနာဂတ်မှာ ဧကရာဇ်ဖြစ်လာဖို့တောင် မျှော်လင့်ချက်ရှိနေတာ၊ ဘာဖြစ်လို့ အန္တရာယ်ဖြစ်ချင်ရတာလဲ"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကိုယ့်ကိုယ်ကို လေးစားမှု အပြည့်ရှိတယ်။ ဒီတစ်ခေါက်တော့ သူ ထာဝရသင်္ချိုင်းမြေကို သွားပြီး ပြန်မလာနိုင်ရင် စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်"

လူများစွာက ပြောဆိုလိုက်ကြသည်။

ထိုသို့ပြောသူ အများစုကတော့ ကျွင်းရှောင်ယောက်၏ ရန်ဘက်များဖြစ်သော ရှေးဟောင်းတော်ဝင်မိသားစု၊ ကြွေလွင့်နတ်ဘုရားနန်းတော်နှင့် အခြားသော အင်အားစုများပင် ဖြစ်သည်။

"တကယ်လို့ သူပြန်မလာနိုင်တာကို ထားဦး၊ သူက ပြန်လာနိုင်ရင်တောင် ရှန်းကုကမ္ဘာအဖွင့်နဲ့ လွတ်သွားမယ်ဆိုရင် လုံးဝ နောက်ကျသွားလိမ့်မယ်"

"ဟုတ်တယ်၊ ခြေတစ်လှမ်းမှားသွားရင် တစ်ဘဝလုံး သွားမှာပဲ။ ရှန်းကုကမ္ဘာကို လွဲချော်သွားရင် တခြားပါရမီရှင်တွေက ကျွင်းရှောင်ယောက်ကို လုံးဝကို ကျော်ဖြတ်သွားလိမ့်မယ်"

"ကျွင်းရှောင်ယောက်ရဲ့ မျိုးဆက်သစ်လူငယ်ကြားက

ပြိုင်ဘက်ကင်းဆိုတဲ့ ရေစီးကြောင်းတွေ
အဆုံးတိုင်သွားမှာကို ငါကြောက်တယ်"

အင်မော်တယ်နယ်မြေကြီးရှိ လူများစွာက
ကျွင်းရှောင်ယောက် ခြေလှမ်းမှားသွားပြီဟု
ပြောဆိုခဲ့ကြသည်။

ထိုအချိန်၊ ဘိုးဘေးနဂါးသိုက်၏ ကောင်းကင်ယံ၌
ဆိုင်းငံ့ထားသော ရွှေနဂါးနန်းတော်ထဲတွင်...

မင်းသမီးလုံကျိုက ရွှေနဂါးထိုင်ခုံပေါ်တွင်
ထိုင်နေသည်။

ဤသတင်းကို ကြားသောအခါ
လှပသည့်မျက်လုံးများက အရောင်ပြောင်းသွား၏။

"ကျွင်းရှောင်ယောက်၊ နင်ထာဝရသချိုင်းမြေမှာ သေလို့မရဘူး။ မဟုတ်ရင် ဒီမင်းသမီးက ဘယ်သူကို လက်စားချေရမှာလဲ"

မင်းသမီးလုံကျိုက သူ့ကျောက်စိမ်းလက်ကို မြှောက်လိုက်ကာ သွယ်လျသော လက်ငါးချောင်းကို ဖြန့်လိုက်သည်။

ထိုအခါ မိုးပြာရောင် သွေးအနည်းငယ်ပါသော ရွှေရောင် အရည်တစ်စက် ထွက်ပေါ်လာခဲ့၏။

၎င်းတွင် တုန့်နှိုင်းမယှဉ်နိုင်အောင် ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါများလည်း ထွက်ပေါ်နေလေသည်။

ဤသွေးစက်၏ စွမ်းအားကို မခံနိုင်သကဲ့သို့

ပတ်ဝန်းကျင်လေထုက တုန်ခါနေရသည်။

ဤသွေးတစ်စက်သည် ရှေးကေရာဇ် မိုးပြာနဂါး၏
သွေးဖြစ်သည်။

တစ်နည်းဆိုရသော် ဤအရာက လူသားမျိုးနွယ်၏
မဟာကေရာဇ်ထံမှ သွေးတစ်စက်နှင့် ညီမျှခဲ့ပေသည်။

၎င်းသည် သွေးတစ်စက်မျှသာရှိသော်လည်း
ဤစွမ်းအင်မှာ သာမန်လူများ
ခံနိုင်ရည်ရှိသောအရာမဟုတ်ပေ။

မင်းသမီးလုံကျိသည်ပင် ယခင်က
ဤသွေးတစ်စက်ကို သန့်စင်ရန် မသေချာသောကြောင့်
အချိန်တိုင်း ထိန်းသိမ်းထားခဲ့ရသည်။

ယခုမူ၊ ကျွင်းရှောင်ယောက်ကို
ရှက်စရာကောင်းအောင် ရှုံးနိမ့်ခဲ့၍
ဤသွေးတစ်စက်အား သန့်စင်ရန်
စိတ်ပိုင်းဖြတ်လိုက်ပြီ။

"မင်းရဲ့ လက်ရှိကျင့်ကြံခြင်းအရ ဒီရှေးကေရာဇ်ရဲ့
သွေးတစ်စက်ကို သန့်စင်တာဟာ
စိတ်မြန်လွန်းတယ်မဟုတ်လား"

နဂါးပြာမိုလ်ချုပ်က အကြံပေးလိုက်သည်။

"ဒီမင်းသမီးက မစောင့်နိုင်တော့ဘူး၊ ရှန်းကုကမ္ဘာကြီး
ပွင့်တော့မှာမို့လို့ ဒီမင်းသမီးက လူတိုင်းကို ကျော်ပြီး
ထိပ်ကိုပြန်တက်ဖို့ ဒီအခွင့်အရေးကို အရ
ယူရလိမ့်မယ်"

"ကျွင်းရှောင်ယောက်၊ ရှေးဟောင်းသင်္ချိုင်းမြေကနေ
ထွက်လာနိုင်ရင် ဒီမင်းသမီးရဲ့
အရှက်တရားတွေအတွက် လူကိုယ်တိုင် ရှင်းပစ်မယ်"
မင်းသမီးလုံကျိုက အခိုင်အမာ ပြောလိုက်သည်။

.........

တစ်ဖက်တွင်၊ ကျိုမိသားစု၏ ချိုင့်ဝှမ်းတစ်ခုရှိ
ဝိညာဉ်သွေးကြောများနေရာတွင်...

ကျိုချင်းရီက ကြာပန်းပေါ်တွင် တင်ပျဉ်ခွေထိုင်နေကာ
သူမ၏ ကြည်လင်သော မျက်လုံးများကလည်း
တစ်စုံတစ်ခုအား နက်နက်နဲနဲ
တွေးတောဆင်ခြင်နေဟန်ရှိသည်။

"ထာဝရသင်္ချိုင်းမြေ၊ အစ်ကိုရှောင်ယောက်၊

နင်အသက်ရှင်လျက် ပြန်ထွက်လာနိုင်မလား"

ကျိချင်းရီက သူ့ကိုယ်သူ ပြောလိုက်သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ
ထာဝရသင်္ချိုင်းမြေပြင်မှ အသက်ရှင်လျက်
ထွက်လာနိုင်လျှင် မဖြစ်နိုင်သော အံ့ဖွယ်အမှုများ
ထပ်မံဖန်တီးမည်မှာ အသေချာပင်။

.........

နတ်ဆိုးအင်မော်တယ်ဂိုဏ်း အတွင်းရှိ
နတ်ဆိုးနန်းတော်တွင်၊ ရှောင်မိုရှန်းလည်း
ထိုသတင်းကို သိလိုက်ရသည်။

"အစ်ကိုရှောင်ယောက်က မျှော်လင့်ထားတဲ့အတိုင်း
တကယ်သတ္တိရှိတာပဲ၊ နင်

မင်းအသက်ပြန်ရှင်လာမယ်လို့ ငါမျှော်လင့်တယ်"

........

ခြုံပြောရရင်တော့ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးရှိ အစိကအင်အားစုတိုင်းဟာ ကျွင်းရှောင်ယောက် ထာဝရသင်္ချိုင်းမြေသို့ ဝင်ရောက်မည်နှင့်ပတ်သက်ပြီး သဘောထားအမျိုးမျိုးရှိကြသည်။

တစ်ချို့က စိတ်ပူသည်၊ တချို့က ပြပွဲကောင်းကို ကြည့်လိုသည်၊ တစ်ချို့က လှောင်ပြောင်ကြ၏၊ တစ်ချို့ကလည်း ကျိန်ဆဲကြလေသည်။

ဤသတင်းက ကျွင်းမိသားစုလည်း သဘာဝအတိုင်း သိရသည်။

ထိုအခါ ကျွင်းမိသားစုမှ စီကွမ်အားလုံး အနည်းငယ် စိတ်ပူသွား၏။

ကျွင်းလင်းလုံ၊ ကျွင်းရင်အာ၊ ရန်ချင်းယင်နှင့် မိန်းကလေး တော်တော်များများလည်း အလွန်စိုးရိမ်နေကြတော့သည်။

၎င်းတို့အားလုံး အခက်အခဲအားလုံးကို ကျော်လွှားနိုင်သော ကျွင်းရှောင်ယောက်ကို ခြွင်းချက်မရှိ ယုံကြည်သည်။

သို့ရာတွင် ထာဝရသချိုင်းမြေက ၎င်းတို့ စိတ်ကူးနိုင်စွမ်းထက် အမှန်ပင် ကျော်လွန်နေခဲ့၏။

ကျွင်းမိသားစု၏ ဘိုးဘွားနယ်မြေထဲတွင်

ဘိုးဘေးဆယ့်ရှစ်နှင့် ဘိုးဘေးဆယ့်ခြောက်က စကားပြောနေခဲ့ကြသည်။

"ကျန်းမိသားစုထဲက အဲဒီအဘိုးကြီးက တစ်ပိုင်းသေသလို ဖြစ်နေပြီပဲ၊ ဒါကြောင့် ရှောင်ယောက်က အင်မော်တယ်မြက်ရှာဖို့ သွားရမှာ" ဘိုးဘေးဆယ့်ခြောက်က ရေရွတ်လိုက်သည်။

သူ့တွင် ဆယ်နှစ်အရွယ် ကလေးတစ်ယောက်၏ အသွင်အပြင်မျိုး ရှိသော်လည်း မျက်လုံးများက အိုမင်းမှုနှင့် ရှေးကျသောအရိပ်အမြွက်တို့ ထွက်ပေါ်နေလေသည်။

"ဒါကို အလကား ပျော်ရွှင်စရာ အတွေ့အကြုံတစ်ခုအနေနဲ့ မှတ်လို့ရပါတယ်။ ရှေးဟောင်း သင်္ချိုင်းမြေမှာ အင်မတန်ထူးဆန်းတဲ့

အရာတစ်ခု ရှိပေမယ့် ငါ့မိသားစုကို
နှိုးဆော်ဝံ့ရင်တော့လား၊ ဟမ့်..."

ဘိုးဘေးဆယ့်ရှစ်က မျက်လုံးများကို အနည်းငယ်
မှိတ်လိုက်သည်။

ကျွင်းမိသားစုကို ဒေါသဖြစ်စေပါက ရှေးဟောင်း
သင်္ချိုင်းမြေကို အလျားလိုက် တွန်းထုတ်ရပေမည်။

"သူ့လက်အောက်ငယ်သားတွေက
ထာဝရသင်္ချိုင်းမြေမှာ ရှိသင့်တယ် မဟုတ်လား"

ဘိုးဘေးဆယ့်ခြောက်က ရုတ်တရက်
နားလည်ရခက်သော တစ်စုံတစ်ရာကို
ပြောလိုက်သည်။

"အင်း၊ တစ်ဦးရှိပုံရတယ်"

ဘိုးဘေးဆယ့်ရှစ်က ခေါင်းညိတ်လိုက်၏။

"ဒါဆိုရင် ရှောင်ယောက် ဘာပြဿနာမှ မဖြစ်သင့်ဘူး"

ဘိုးဘေးဆယ့်ခြောက်က ထာဝရသခ်ျိုင်းမြေဘက်ကို နက်ရှိုင်းသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူ့လက်အောက်ငယ်သားများက ကျွင်းရှောင်ယောက်ကို မတော်တဆမှုတစ်ခု ဖြစ်သွားစေရန် ခွင့်ပြုရန်ကား မဖြစ်နိုင်ပေ။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင် ကျွင်းရှောင်ယောက် ထာဝရသခ်ျိုင်းမြေသို့ သွားရောက်မည့်ကိစ္စနှင့်ပတ်သက်ပြီး ဆူဆူပူပူ ဖြစ်နေကြချိန်တွင်...

ကျွင်းရှောင်ယောက် ကိုယ်တိုင်က
အလွန်သက်တောင့်သက်သာရှိပြီး
လေ့ကျင့်ရန်အတွက် ကျန်းမိသားစုမှ
အထူးပြင်ဆင်ပေးထားသော ဇိမ်ခံအိပ်ခန်းတစ်ခုတွင်
ရှိနေသည်။

အိပ်ခန်းတစ်ခုလုံးကို ကြီးမားသော
ဝိညာဉ်သွေးပြန်ကြောပေါ်တွင် တည်ဆောက်ထား၍
ဝိညာဉ်စွမ်းအင်များကလည်း စိမ့်ဝင်နေလေသည်။

အိပ်ခန်းအတွင်း၌...

ကျွင်းရှောင်ယောက်၏ လက်ထဲတွင်
ဆုပ်ကိုင်ထားသော နောက်ဆုံး
အင်မော်တယ်အရင်းအမြစ်က ကြည်လင်လာပြီး

ပြာဖြစ်သွားသည်။

ထိုအခါ ကျွင်းရှောင်ယောက်က မျက်လုံးကို ဖြည်းညှင်းစွာ ပြန်ဖွင့်လိုက်၏။

"တစ်ရာ့ခြောက်ဆယ်"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

အဆင့်နိမ့် အင်မော်တယ်အရင်းမြစ် သုံးထောင်ကို သန့်စင်ပြီးနောက် ကျွင်းရှောင်ယောက်၏ ထာဝရအင်မော်တယ်အရိုးသည် နှစ်ဆယ် ထပ်တိုးလာပြီး ယခင်အရိုးများနှင့် တစ်ရာ့ခြောက်ဆယ် ဖြစ်သွားခဲ့ချေပြီ။

ဤထာဝရအင်မော်တယ်ခန္ဓာသည် အရင်းအမြစ် အလွန်လိုအပ်သည်။ ယင်းက နောက်ပိုင်းရောက်လေ

လေ့ကျင့်ရ ပိုခက်ခဲလေဖြစ်ပြီး
စားသုံးရသောအရင်းအမြစ်များကလည်း ရိုးရှင်းစွာပင်
ကြောက်စရာကောင်းလှသည်။

'ထာဝရသန်ချိုင်းမြေကနေ ပြန်လာတဲ့အခါ
ရှုန်းကုကမ္ဘာကို အမီလိုက်နိုင်ဖို့ မျှော်လင့်တယ်၊
မဟုတ်ရင် ဒါက ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်လိမ့်မယ်'

ကျွင်းရှောင်ယောက်လည်း ခေါင်းခါယမ်းကာ
ပြုံးလိုက်သည်။

ထိုအချိန်တွင် နန်းတော်အပြင်ဘက်မှ
နူးညံ့သိမ်မွေ့သော အသံတစ်ခု ထွက်ပေါ်လာခဲ့၏။

"ရှောင်ယောက်၊ မင်းကို အနှောက်ယှက်ဖြစ်စေမလား"
ယင်းက ကျန်းစန်းယီ၏ အသံဖြစ်သည်။

----------wunzinnosp

အခန်း ( ၃၁၂ ) လမ်းခွဲခြင်းမပြုမီ နွေးထွေးမှု၊
ပေါင်ကို ခေါင်းအုံးရသော အနေအထား၊
ထာဝရသင်္ချိုင်းမြေသို့ ခရီးစတင်ပြီ။

"အမစန်းယီ၊ ဝင်လာလို့ရပါတယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုအခါ နန်းတော်အပြင်ဘက်မှ ကျန်းစန်းယီ
ဝင်လာခဲ့၏။

သူမ၏ နှင်းဖြူအဝတ်အစားများနှင့်
လှပသောမျက်နှာလေးက သဘာဝအတိုင်း

ဖြူစင်နေဆဲပင်။

မူလတာအိုသန္ဓေ ခန္ဓာကိုယ်ဖြင့်
ကျန်းစန်းယီ၏အလှမှာ အမြဲတစေ တောက်ပနေဆဲပင်
ဖြစ်သည်။

ဤသို့သော မိန်းကလေးမျိုးက ကမ္ဘာပေါ်တွင်
ရှားပါးလွန်းပေသည်။

မိန်းမများကို သိပ်ဂရုမစိုက်သည့်
ကျွင်းရှောင်ယောက်ကဲ့သို့ လူမျိုးသည်ပင် မနေနိုင်ဘဲ
သက်ပြင်းချမိသည်။

ကျန်းစန်းယီက တကယ်ကို ကမ္ဘာပေါ်တွင်
ရှားပါးလှသော အလှလေးတစ်ဦးပင်။

"ရှောင်ယောက်၊ ငါ..."

ကျန်းစန်းယီက တစ်ခုခုကို ပြောလိုဟန်ဖြင့် သူ့နှုတ်ခမ်းကို ဖွင့်ဟလိုက်၏။

ကျွင်းရှောင်ယောက်လည်း သူ့လက်ကို ဝှေ့ယမ်းကာ ကြားဖြတ် ပြောလိုက်သည်။

"အမစန်းယီ၊ အမ ကျွန်တော်ကို ကျေးဇူးရှိသလို ခံစားနေဖို့ မလိုပါဘူး၊ ကျွန်တော်တို့ကြားမှာ ဒီလောက် ဝေးကွာနေဖို့ မလိုဘူး"

ထိုစကားကိုကြားတော့ ကျန်းစန်းယီ တိတ်ဆိတ်သွား၏။

သူမကို ကူညီခဲ့သော ကျွင်းရှောင်ယောက်ကို

အမှန်တကယ် ကျေးဇူးတင်လိုမိပေသည်။

ကျွင်းရှောင်ယောက်သည် အလွန်အန္တရာယ်များသော ထာဝရသင်္ချိုင်းမြေကိုသွားရန်ပင် ဆန္ဒရှိနေသည်။

ဤအရာအားလုံး၏ မူလအစမှာ သူမကို ဝမ့်မိသားစုမှ ဧကရာဇ်ငယ်နှင့် လက်ထပ်ခြင်းမှ တားဆီးရန်သာ ဖြစ်သည်။

ကျန်းစန်းယီဟာ သူ့ကြောင့် ကျွင်းရှောင်ယောက်က အန္တရာယ်ရှိသော နေရာတစ်ခုသို့ သွားရတော့မည်အား တွေးမိသောအခါ အပြစ်ရှိသလို ခံစားလိုက်ရသည်။

ထို့ကြောင့် သူမသည် သူ့အတွက် ထာဝရသင်္ချိုင်းမြေသို့ သွားလိုသည်။

"အမစန်းယီ၊ တခြား ဘာပြောဦးမလဲ"

ကျွင်းရှောင်ယောက်က မေးသည်။

"ရှောင်ယောက်၊ မင်းဘယ်တော့ ထွက်သွားမှာလဲ"

ကျန်းစန်းယီက မေးလိုက်၏။

"မနက်ဖြန်ပါ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

အင်မော်တယ်ယိအရင်းအမြစ်သုံးထောင်ကို သန့်စင်ပြီးပြီဖြစ်သောကြောင့် နှောင့်နှေးနေစရာ မလိုတော့ပေ။

ထို့ပြင် ရှန်းကုကမ္ဘာကြီးဖွင့်လှစ်ရန်ကလည်း ဝေးကွာတော့မည် မဟုတ်ပေ။ ထို့ကြောင့်

ကျွင်းရှောင်ယောက်ဟာ လုံးဝ မနှောင့်နှေးလိုပါ။

"မကြာခင်လား…၊ အော် ရှောင်ယောက်… မင်းက
ရေချိုးရတာကို ကြိုက်တယ်လို့ ငါကြားတယ်"
ကျန်းစန်းယီက ရုတ်တရက် မေးလိုက်သည်။

"ဟုတ်တယ်အမ"
ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်၏။

"ဒီမှာ ငါတစ်ယောက်တည်း သုံးလေ့ရှိတဲ့
နှစ်တစ်ထောင် သက်တမ်းရှိတဲ့
နွေဦးမျက်လုံးစမ်းရှိတယ်၊ မင်း စိတ်မရှိရင်
ငါခေါ်သွားပေးလို့ ရပါတယ်"
ကျန်းစန်းယီက ပြောလိုက်သည်။

ထိုအခါ ကျွင်းရှောင်ယောက် မျက်လုံးများ
တောက်ပသွား၏။

မထွက်ခွာမီ အနားယူခြင်းကလည်း
ကောင်းသောကိစ္စပင်။

ယင်းက ကျန်းစန်းယီ၏
သီးသန့်ရေပူစမ်းဖြစ်ပုံရသည်။

ကျန်းစန်းယီ၏ ဖြူနုသော မျက်နှာလေးက
အနည်းငယ် နီမြန်းလာပြီး ခပ်တိုးတိုး
ပြောလိုက်သည်။

"ရှောင်ယောက်၊ ဒီတစ်ခါတော့ ငါ မင်းကို
ကူညီပေးပါရစေ"

“ဒါ…”

ကျွင်းရှောင်ယောက် အနည်းငယ် တိတ်ဆိတ်သွား၏။

သို့သော်လည်း ယခုပြောလာသည်မှာ
နတ်သမီးတစ်ပါးကဲ့သို့ မိန်းမလှလေး ဖြစ်သည်။

သူက ငြင်းဆန်လိုက်ချင်သော်လည်း ယင်းမှာ
ကြောင်သူတော်ဆန်လွန်းသကဲ့သို့ ခံစားရလေသည်။

ထို့ကြောင့် တကယ့် ယောကျ်ားတစ်ယောက်
ဖြစ်ရခြင်းမှာ ပိုကောင်းသည်။

ထို့နောက် ကျန်းစန်းယီသည် ကျွင်းရှောင်ယောက်အား
ခေါ်ဆောင်သွားလေသည်။

မျှော်လင့်ထားသည့်အတိုင်း၊ ဤတွင် နွေဦးစမ်းတစ်ခုရှိပြီး ဝိညာဉ်စွမ်းအင်များက သိပ်သည်းလွန်းရာ အငွေ့ပင် ပျံနေသည်။

ကျွင်းရှောင်ယောက်လည်း သူ့ခန္ဓာကိုယ်အပေါ်ပိုင်း အင်္ကျီကို ကြယ်သီးဖြုတ်ပြီး နွေဦးစမ်းထဲသို့ နစ်မြုပ်သွားကာ အဆုံးမဲ့ သက်တောင့်သက်သာရှိမှုကို ခံစားလိုက်ရသည်။

ထို့နောက် သူ ခေါင်းကို လှည့်ကြည့်လိုက်ရာ ကျန်းစန်းယီက သူ့အအပေါ်ရုံအဝတ်စုံအား ချွတ်ထားသည်ကို တွေ့လိုက်ရ၏။

သူမက အသားကပ် ဝတ်စုံလေးကိုသာ ဝတ်ဆင်ထားကြောင်း မြင်လိုက်ရလေသည်။

၎င်းသည် လှပသော အမိုးအမောက်များကို
ယောင်ဝါးဝါး မြင်တွေ့ရစေသည်။

ထို့နောက် သူမ၏ ကျောက်စိမ်းလက်ဖြင့်
ကျွင်းရှောင်ယောက်၏ပခုံကို
နှိပ်နယ်ပေးလိုက်လေသည်။

ကျွင်းရှောင်ယောက်လည်း အလွန်ပင်
ကျေနပ်နှစ်သိမ့်မှုကို ခံစားလိုက်ရသည်။

သူသည် နေဦးစမ်းမှ မွှေးကြိုင်သော ရနံ့များ
ရှိနေကြောင်းကို ခံစားရ၏။

ဂရုတစိုက် ခံစားကြည့်ပြီးနောက် ထိုရနံ့မှာ
ကျန်းစန်းယီ၏ ကိုယ်သင်းနံ့နှင့် တူညီကြောင်း
သိလာရပြန်သည်။

သူတို့နှစ်ဦးကြားတွင် ဖော်မပြနိုင်သော
အရာတစ်ခုမျှတော့ ဖြစ်မလာခဲ့ပါ။

နွေးထွေးမှုတစ်ခုသာ တိတ်တဆိတ်
စီးဆင်းနေခဲ့သည်။

အချိန်အတော်ကြာပြီးနောက် ကျွင်းရှောင်ယောက်ဟာ
နေရာမှာပင် အိပ်ပျော်သွား၏။

ထိုအခါ ကျန်းစန်းယီက ကျွင်းရှောင်ယောက်ကို
ထောက်ပံ့ပေးထားခဲ့လေသည်။

သူမ၏ လက်ချောင်းလေးများကလည်း
ကျွင်းရှောင်ယောက်၏ မျက်နှာကို ညင်သာစွာ

ပွတ်သပ်ကြည့်နေသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
အိပ်မောကျနေမှန်း သိသာသော်လည်း…
မျက်ခုံးများမှာမူ အနည်းငယ် ကျုံ့နေကြဆဲပင်။

ယင်းကိုမြင်သောအခါ ကျန်းစန်းယီ၏ စိတ်ထဲတွင်
နားမလည်နိုင်လောက်အောင် ဝမ်းနည်းသွားမိသည်။

ကမ္ဘာကြီးက ကျွင်းရှောင်ယောက်
ပြိုင်ဘက်ကင်းသည်ဟုသာ သိကြသည်။

သူ့နှလုံးသားထဲမှ ဖိအားများက ဘယ်လောက်ထိရှိလဲ၊
သူ့ကျောပေါ်တွင် ဘယ်လိုတာဝန်များကို
ထမ်းပိုးထားရမှန်းကိုတော့ ဘယ်သူမှ မသိကြပါချေ။

"ရှောင်ယောက်၊ ကျေးဇူးတင်ပါတယ်..."

ကျန်းစန်းယီလည်း သူ့ခေါင်းကို အနည်းငယ်ငုံ့ပြီး
အနီရဲရဲ နှုတ်ခမ်းအစုံဖြင့်
ကျွင်းရှောင်ယောက်၏နဖူးကို နမ်းလိုက်သည်။

.........

အချိန်အတော် ကြာမြင့်ခဲ့ပြီး နောက်ဆုံးတွင်
ကျွင်းရှောင်ယောက်က မျက်လုံး ပြန်ဖွင့်လာသည်။
ထိုအခါ ကျန်းစန်းယီက ကြင်နာသော
မျက်လုံးများဖြင့် စိုက်ကြည့်နေသည်ကို
တွေ့လိုက်ရ၏။

ထို့ပြင် သူ့ဦးခေါင်းက ပျော့ပျောင်းသော
သူမ၏ပေါင်ကို ခေါင်းအုံးကာ လှဲနေခြင်း ဖြစ်သည်။

'ဒါ...ပေါင်ကို ခေါင်းအုံးထားတာလား'

ကျွင်းရှောင်ယောက် အနည်းငယ် အေးခဲသွားသည်။

ဤအထူးအနေအထားမျိုးကို သူ၏ အတိတ်နှင့် ပစ္စုပ္ပန်ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ခံယူခဲ့ရခြင်း ဖြစ်သည်။

ကျန်းစန်းယီလည်း ကျွင်းရှောင်ယောက် မျက်လုံးပွင့်လာသည်အား မြင်ရသောအခါ ပါးပြင်များ အနည်းငယ် နီရဲသွားလေသည်။

ယခုလေးတင် အိပ်ပျော်နေသော ကျွင်းရှောင်ယောက်၏မျက်နှာကို တစိမ့်စိမ့်ကြည့်နေရခြင်းမှာ အလွန် ခံစားချက်ကောင်းလှသည်။

ကျန်းစန်းယီသည် ကျန်းလော့လီကဲ့သို့ ရုပ်ချောရုံဖြင့် သဘောကျတတ်သူ မဟုတ်ပေ။

သို့ရာတွင် ချောမောသောမျက်နှာတစ်ခုကို ဘယ်သူက မကြည့်ဘဲ နေလိုကြမှာလဲ။

"ရှောင်ယောက်၊ မင်းနိုးပြီလား"
ကျန်းစန်းယီက ခပ်တိုးတိုး ပြောလိုက်၏။

"အမစန်းယီ၊ ကျေးဇူးတင်ပါတယ်"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

သူ့စရိုက်က နူးညံ့သိမ်မွေ့သောသူ မဟုတ်ပေ။

သို့ရာတွင် ဤသို့ စိုးရိမ်မှုမျိုးက သူ့ကို အင်မတန်
သက်တောင့်သက်သာဖြစ်စေသည်။

အနည်းဆုံးတော့ ကျန်းလော့လီသည်
နူးညံ့သိမ်မွေ့သောသူ မဟုတ်ပေ။

ကျန်းလော့လီက ပျော်ရွှင်တတ်ပြီး ချစ်ဖို့ကောင်းသည့်
လော်လီပေါ့လေးဆိုလျှင်...

ကျန်းစန်းယီက နူးညံ့သိမ်မွေ့သော ဘေးအိမ်မှ
အမတစ်ယောက်ကဲ့သို့ ဖြစ်သည်။

ဤနှစ်ယောက်စလုံးတွင် မတူညီသော
ကိုယ်ရည်ကိုယ်သွေးမျိုးတော့ ရှိပေသည်။

"ငါတကယ်ပဲ မင်းနဲ့မလိုက်နိုင်ဘူးလား"

ကျန်းစန်းယီက ကျွင်းရှောင်ယောက်နှင့်
လိုက်ပါလိုဆဲပင်။

"မလိုပါဘူး၊ အမစန်းယီက ကျွန်တော်ကို
မယုံဘူးလား"

ကျွင်းရှောင်ယောက်က ပြုံးပြီး ငြင်းလိုက်သည်။

"ရှောင်ယောက်၊ မင်းပြန်လာတာကို ငါစောင့်နေမယ်"

ကျန်းစန်းယီက ခပ်တိုးတိုးလေး ပြောလိုက်လေသည်။

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်လိုက်သည်။

ကျန်းစန်းယီက တစ်ခုခုကို တွေးနေသကဲ့သို့
အနည်းငယ် ရှက်ရွံ့သွားပြီးနောက် ပြောလိုက်သည်။

"ရှောင်ယောက်၊ မင်း ပြန်လာတဲ့အခါ မင်းကို
ပိုအဆင်ပြေအောင် ငါလုပ်ပေးပါ့မယ်"

'ပိုအဆင်ပြေတဲ့ကိစ္စလား'

ကျွင်းရှောင်ယောက်၏ မျက်လုံးထဲတွင် ထူးဆန်းသော
အကြည့်တစ်ခု ဖြစ်လာပြီး ပြုံးလိုက်သည်။

ဤအထဲတွင် တစ်ခုခုရှိသည်။

နွေးထွေးသော အချိန်များက တိတ်တဆိတ်သာ
ကုန်ဆုံးသွားလေသည်။

နောက်တစ်နေ့တွင်၊ ကျွင်းရှောင်ယောက်က
ကျန်းမိသားစုမှ ကျန်းတောက်ရှီ၊ ကျန်းရို့၊
ကျန်းမိသားစုဝင်များနှင့် တိုက်ရိုက်ထွက်သွားခဲ့သည်။

သူတို့အဖွဲ့က လှေပျံကိုစီးကာ လေထဲမှ ပျံသန်းသွား၏။

ကျွင်းရှောင်ယောက်ဟာ သူ့ကို တိတ်တဆိတ် စောင့်ကြည့်နေသော မျက်လုံးများစွာကို ခံစားခဲ့ရသည်။

'ဟိုးဟိုး... အပျော်ကြည့်ချင်ကြတာလား' ကျွင်းရှောင်ယောက်က လှောင်ပြောင်သရော်ဟန်ဖြင့် နှုတ်ခမ်းကို တွန့်ကွေးလိုက်၏။

ထာဝရသခ်ျိုင်းမြေသို့ သူသွားမည့်သတင်းကို ကျန်းမိသားစုက လုံးဝပိတ်ဆို့ထားသင့်သည်။

ထို့ကြောင့် ဤသတင်းမှာ အလွယ်တကူ
မပြန့်သင့်ပါချေ။

သို့သော်လည်း နောက်ဆုံးတွင်
ပေါက်ကြားနေဆဲဖြစ်ကာ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးမှာပင် ကောလဟာလများ
ထွက်ပေါ်ခဲ့၏။

ဤဖြစ်ရပ်၏ နောက်ကွယ်များတွင်
တစ်စုံတစ်ယောက်နေလေကြောင်း ထင်ရှားသည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ တစ်ခုခုဖြစ်ခဲ့ပါက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးက
ချက်ချင်းသိလိမ့်မည်။

'ကျန်းမိသားစုကတော့ အဲဒါကို စိတ်လိုလက်ရ

မဖြန့်သင့်ဘူး၊ ဒါက ဟွာယွမ်ရှို့များလား'

ကျွင်းရှောင်ယောက်က ထိုအကြောင်းကို တွေးကြည့်သောအခါ ဟွာယွမ်ရှို့ကိုသာ ဦးစွာ တွေးနိုင်သည်။

၎င်းကပင် ဤသတင်းကို လျှို့ဝှက်စွာ ထုတ်ဖော်ခဲ့ခြင်း ဖြစ်နိုင်သည်။

သို့ရာတွင် ဤသတင်းက အချိန်တိုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ပြန့်နှံ့သွား၍ ဟွာယွမ်ရှို့၏ နောက်ကွယ်တွင် အင်အားစုကြီးရှိနေသည်မှာ ထင်ရှားသည်။

ထို့ပြင် ၎င်းက မည်ကဲ့သို့ အင်အားစုအမျိုးအစားဖြစ်သည်ကိုလည်း ကျွင်းရှောင်ယောက်မှ အနီးစပ်ဆုံး ခန့်မှန်းပြီးချေပြီ။

'ဝမ့်မိသားစုက တကယ်အတင့်ရဲတာပဲ၊ သူတို့က ကျန်းမိသားစုထဲမှာ စစ်တုရင်ရုပ်တွေ ထည့်ဝံ့တယ်။ ထာဝရသခ်ျိုင်းမြေကပြန်လာရင် ဟွာယွမ်ရှို့ကို ဖျက်ဆီးပစ်ရမယ်'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အေးစက်စက် အလင်းများကို လှစ်ဟလာသည်။

ယခုအချိန်က ဟွာယွမ်ရှို့ကို သတ်ရမည့်အချိန် မဟုတ်ပေ။

ထို့ပြင် သူက ကျန်းချူဟန်၏ ရည်းစားလည်း ဖြစ်သည်။

သက်သေ အထောက်အထားမရှိဘဲ ဟွာယွမ်ရှို့ကို ရူးသွပ်စွာ သတ်ပစ်ခြင်းသည် ယုတ္တိမတန်ပေ၊

သူကလည်း ထိုသို့ အဆင်ခြင်မဲ့သောအရာမျိုးကို ပြုလုပ်မည် မဟုတ်ပါ။

အနာဂတ်တွင် ဟွာယွမ်ရှို့အား သူ၏လှည့်ကွက်များကို ပြသပြီး တိုက်ရိုက်သတ်ပစ်မည် ဖြစ်သည်။

ထို့ပြင် ဝမ့်မိသားစုကို နှလုံးသွေးယိုစီးအောင် ပြုရပေဦးမည်။

သို့သော်လည်း အရာအားလုံးက နောက်ပိုင်းမှ ဖြစ်သည်။

ယခုအချိန်မှာတော့ ကျွင်းရှောင်ယောက်ဟာ ထာဝရသင်္ချိုင်းမြေ၌ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကို ရှာဖွေရန်သာ အာရုံစိုက်ထားရပေမည်။

'ဒီနတ်ဘုရားသားတော်က မြင်ချင်စမ်းတယ်၊ ထာဝရသင်္ချိုင်းမြေရဲ့ လျှို့ဝှက်ဆန်းကြယ်မှုက ဘာလဲဆိုတာကို'

ကျွင်းရှောင်ယောက်က တိုက်ခတ်နေသောလေကို ဆန့်ကျင်ရပ်ရင်း အဝေးသို့ လှမ်းကြည့်လိုက်သည်။

----------wunzinnosp

အခန်း ( ၃၁၃ ) အရိုးစုများမြှုပ်နှံရာ နေရာ၊ ထာဝရသင်္ချိုင်းမြေတွင် လက်မှတ်ထိုးခြင်းအတွက် ဆုလာဘ်။

ထာဝရသင်္ချိုင်းမြေသည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၏ တာအိုစီရင်စုသုံးထောင်တွင် မပါဝင်ဘဲ

အလွန်ကျော်ကြားသော အန္တရာယ်နယ်မြေတစ်ခု ဖြစ်သည်။

၎င်းသည် တာအိုစီရင်စုသုံးထောင်အပြင် သီးခြားလွတ်လပ်သော နေရာတစ်ခုဆိုရင်လည်း မမှားပေ။

တောရိုင်းစီရင်စု၏ အနောက်ဘက်အစွန်ဆုံးကိုသွားလျှင် ရှေးဟောင်းသင်္ချိုင်းမြေသို့ ရောက်နိုင်သည်။

ကျွင်းရှောင်ယောက်သည် လမ်းတစ်ဝက်တွင် ရပ်တန့်မနေဘဲ တည်နေရာရွှေ့ပြောင်းခြင်းများစွာကို ပြုလုပ်ပြီးနောက်နောက် တောရိုင်းစီရင်စုသို့ ထွက်လာခဲ့လေသည်။

သူတို့ကို တိတ်တဆိတ်ကြည့်နေသူများကိုမူ
ကျွင်းရှောင်ယောက်က လုံးဝ ဂရုမစိုက်ပါ။

ယခုအခါ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင် ကျွင်းရှောင်ယောက်ကို
မည်သူမျှ ပြောင်ပြောင်တင်းတင်း
မတိုက်ခိုက်ဝံ့ကြပေ။

ထို့ပြင်၊ ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
ထာဝရသင်္ချိုင်းမြေသို့ သွားနေခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ကို မည်သူမျှ
မတားဆီးကြပါချေ။

အကြောင်းမူကား ၎င်းတို့အမြင်တွင်
ထာဝရသင်္ချိုင်းမြေက ပြန်လမ်းမရှိသော

ဖုန်းဆိုးမြေတစ်ခု ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်၊ ကျွင်းရှောင်ယောက်ဟာ
ထာဝရသင်္ချိုင်းမြေသို့
အမှန်တကယ်သွားနေသလားဟု သိချင်စိတ်ဖြင့်သာ
တိတ်တဆိတ် စောင့်ကြည့်နေခဲ့ကြခြင်း ဖြစ်ချေသည်။

သို့မဟုတ်လည်း ယင်းက
အယောင်ပြလှုပ်ရှားခြင်းလားဟု သိချင်မိကြသည်။

တောရိုင်းစီရင်စုသည် အနောက်ဘက်စွန်းတွင်
တည်ရှိသောကြောင့် ကျွင်းရှောင်ယောက်အနေဖြင့်
လဝက်နီးပါး  အချိန်ယူခဲ့ရသည်။

တောရိုင်းစီရင်စုသည် မြေအနေသက်သို့
မြေနေရာမကောင်းလှပေ။

ရှေးဟောင်းသင်္ချိုင်းမြေနှင့် နီးကပ်သောကြောင့်လည်း ဤနေရာတွင် အင်အားစုများနှင့် သတ္တဝါများ မရှိသလောက်ပင် ဖြစ်သည်။

တောရိုင်းစီရင်စုသို့ ရောက်လာသူအများစုမှာ ရတနာရှာသးကြသူများ၊ ရွှေတူးသူများ စသည်တို့ဖြစ်သည်။

၎င်းသည် ထာဝရသင်္ချိုင်းမြေနှင့် နီးစပ်သောကြောင့်လည်း  ရံဖန်ရံခါတွင် အမျိုးမျိုးသော ရတနာများ မွေးဖွားလာပြီး ပြိုင်ဆိုင်မှုများစွာကို ဖြစ်စေတတ်သည်။

ကျွင်းရှောင်ယောက်ကတော့ တောရိုင်းစီရင်စုသို့ ရောက်လာသည်နှင့် အစွန်းဘက်ကို

တိုက်ရိုက်သွားခဲ့သည်။

သူ၏ တည်ရှိမှုက လမ်းတစ်လျှောက်တွင် လူများစွာ၏အာရုံကို သဘာဝအတိုင်း ဆွဲဆောင်ခဲ့သည်။

"အဲဒါ... ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ၊ တောရိုင်းစီရင်စုကို ဘာလာလုပ်တာလဲ"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ထာဝရသင်္ချိုင်းမြေထဲကို ဝင်တော့မယ်ဆိုတဲ့ သတင်းကို မင်းမကြားဘူးလား"

"ဘာ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် သေတော့မှာလား"

ရတနာမုဆိုးတချို့က ထိုသတင်းကြားသောအခါ မျက်လုံးများ ပြူးကျယ်ကုန်သည်။

၎င်းတို့က ရတနာမုဆိုးဟု ဆိုကြသော်လည်း အမှန်တကယ်တွင် ထာဝရသင်္ချိုင်းမြေနှင့် ဝေးကွာပြီး အစွန်းပိုင်းဒေသတွင်သာ နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ထာဝရသင်္ချိုင်းမြေသို့ အမှန်တကယ်ဝင်ရောက်ပေတော့မည်။

ယင်းက လုံးဝကွဲပြားသည့် အရာနှစ်ခု ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ရဲတင်းတာပဲ၊ သူသာ အသက်ရှင်လျက်

ထွက်လာနိုင်ရင် တကယ်ကို..."

လူများစွာက စူးစမ်းလိုစိတ်ဖြင့် ကျွင်းရှောင်ယောက်နောက်ကို လိုက်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်ကတော့ ဂရုမစိုက်ပေ။

နောက်ဆုံးတွင်...

ကျွင်းရှောင်ယောက်စီးလာသော လှေပျံကြီးက လေထဲတွင် ရပ်တန့်သွားခဲ့သည်။

သူသည် ကောင်းကင်ကို မော့ကြည့်၍ အနည်းငယ် မျက်မှောင်ကြုတ်လိုက်၏။

ပတ်ပတ်လည်ကိုကြည့်လိုက်လျှင်
တခြားကမ္ဘာတစ်ခုကဲ့သို့ ဖရိုဖရဲဖြစ်နေပုံရသည်။

အမှောင်ဆန်သောလေက
ဟင်းလင်းပြင်ကိုဖြတ်သန်းကာ
ဟင်းလင်းပြင်အက်ကြောင်းများလည်း ရံဖန်ရံခါ
ပေါ်လာတတ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို အနက်ရောင် မြူခိုးများက
ဖုံးလွှမ်းနေသဖြင့် အစစ်အမှန်မဟုတ်သကဲ့သို့ပင်
ထင်မှတ်ရပေသည်။

ယခုက နေ့ခင်းဘက်ဖြစ်နေသည်မှာ
ထင်ရှားသော်လည်း ထိုဘက်ခြမ်းရှိ အဆုံးမဲ့ရေယာက
မှောင်မိုက်နေသည်။

ထို့ပြင် သရဲတစ္ဆေငိုညည်းသံကဲ့သို့ အုံ့မှိုင်းသော လေတိုးသံကလည်း ထွက်ပေါ်နေသေးသည်။

ယင်းက ဤဘက်ခြမ်းမှ လူများကို တုန်လှုပ်လာစေနိုင်

သည်။

ထိုတုန်လှုပ်မှုမှ ဘောင်းဘီထဲသို့ သေးတဖြန်းဖြန်းပါသည်အထိ ဖြစ်စေနိုင်ပေသည်။

"ဒါက ထာဝရသင်္ချိုင်းမြေပဲလား"

ကျွင်းရှောင်ယောက်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"အဲဒါက ထာဝရသင်္ချိုင်းမြေရဲ့ထောင့်တစ်ခုပါပဲ။

ထာဝရသခ်ျိုင်းမြေတစ်ခုလုံးက
အင်မတန်ကျယ်ဝန်းပြီး အင်မော်တယ်နယ်မြေများစွာနဲ့
ထိစပ်နေတယ်"

ဤအချိန်တွင် လေထဲမှ မီးခိုးရောင်ဝတ်စုံဖြင့်
လှပသော ပုံရိပ်တစ်ခု ပေါ်လာသည်။ ယင်းက
အားကျိုး ဖြစ်ချေသည်။

သူမက ကျွင်းရှောင်ယောက်ကို ရှင်းပြလိုက်သည်။

"အိုး၊ ဒါက စိတ်ဝင်စားစရာပဲ၊ ဒါပေမယ့် အဲဒါက
ကျွန်တော်ကို ပိုပိုပြီး စူးစမ်းချင်စိတ် ဖြစ်စေတယ်"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

လူအများ ကြောက်ရွံ့ရသည့် ထာဝရသခ်ျိုင်းမြေသို့
ရင်ဆိုင်နေရသော်လည်း ကျွင်းရှောင်ယောက်၏
အမူအရာမှာ အလွန်တည်ငြိမ်နေပြီး စူးစမ်းလိုစိတ်ပင်

ဖြစ်နေသည်။

"သခင်လေး၊ အားကျိုးရဲ့ ခွန်အားအရ မင်းနဲ့အတူ ထာဝရသင်္ချိုင်းမြေထဲကို ဝင်လိုက်မယ်ဆိုရင် သင်္ချိုင်းမြေက ကျွမ်းကျင်သူတချို့ရဲ့ အာရုံစိုက်မှုကို ခံရလိမ့်မယ်။ ဒါကြောင့် သခင်လေးရဲ့ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်ကို ရှာဖွေတာ အနှောင့်အယှက် မဖြစ်စေလိုရင် အားကျိုးက အပြင်မှာပဲနေနိုင်တယ်"

အားကျိုးက ပြောလိုက်သည်။

သူမက ကျွင်းရှောင်ယောက်ကို သင်္ချိုင်းမြေထဲ၌ မကာကွယ်လိုခြင်း မဟုတ်ပါ။

ထိုအစား သူမ လိုက်သွားမည်ဆိုလျှင် ကြောက်စရာတည်ရှိမှုများကို ချက်ချင်း

ဆွဲဆောင်နိုင်လိမ့်မည် ဖြစ်သည်။

ထိုအခါ ကျွင်းရှောင်ယောက်အတွက် အံ့ဖွယ်ကိုးပါး အင်မော်တယ်မြက်ကို သဘာဝအတိုင်း ငြိမ်းချမ်းစွာ ရှာတွေ့နိုင်မည်မဟုတ်တော့ပေ။

"ကျွန်တော်ကလည်း တစ်ယောက်တည်း သွားဖို့ စီစဉ်ထားတာပါ"

ကျွင်းရှောင်ယောက်က စိတ်ထဲမထားဘဲ ပြုံးကာ ပြောလိုက်သည်။

"ဒါပေမဲ့ သခင်လေး ထာဝရသင်္ချိုင်းမြေမှာ အသက်အန္တရာယ်နဲ့ ကြုံလာရရင် အားကျိုး ချက်ချင်း သိလိမ့်မယ်။ အဲဒီအချိန်ကျလာရင် အားကျိုးက သခင်လေးကို ကာကွယ်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"

အားကျိုး၏အသံသည် နူးညံ့သော်လည်း
သံသယဝင်မရနိုင်သည့် ပြတ်သားမှုမျိုး ရှိသည်။

အန္တရာယ်များသည့် ရှေးဟောင်းသင်္ချိုင်းဖြစ်လျှင်ပင်
အားကျိုး၏ ကျွင်းရှောင်ယောက်အပေါ် ကာကွယ်မှုကို
တားဆီးနိုင်မည် မဟုတ်ပေ။

"ကျေးဇူးတင်ပါတယ်"

ကျွင်းရှောင်ယောက်က ရိုးသားစွာပင်
ပြောလိုက်သည်။

သူ့အဖေ ကျွင်းဝူဟွေ့၏မျက်နှာကြောင့် အားကျိုးက
သူ့ကို ဤသို့ကာကွယ်ပေးနေကြောင်း ကောင်းစွာ
သူသိခဲ့ပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက် ပြောနိုင်တာတော့

ရှိသည်။

သူမက သူ့အနောက်ကို လိုက်ပါရန် ထိုက်တန်သည်။

ကျွင်းရှောင်ယောက်လည်း တုံ့ဆိုင်းမနေဘဲ
ထာဝရသခ်ျိုင်းမြေသို့
တိုက်ရိုက်ဝင်ရောက်သွားလေသည်။

အားကျိုးလည်း ကျွင်းရှောင်ယောက်
ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေပြီးနောက်
တိမ်တိုက်ထဲတွင်
ပြန်လည်ပျောက်ကွယ်သွားတော့သည်။

အဝေးမှ သခ်ျိုင်းမြေကို လှမ်းကြည့်လိုက်ချိန်မှာတော့
သူမ၏ မျက်လုံးများက အနည်းငယ်
လှုပ်ရှားသွားခဲ့သည်။

"ထာဝရသင်္ချိုင်းမြေမှာ သခင့်ရဲ့ အရှိန်အဝါတွေ ရှိတယ်..."

"ပြီးတော့ သူက သင်္ချိုင်းမြေမှာ ရှိနေသေးတာလား"

အားကျိုး၏ မျက်လုံးထဲတွင် အတိတ်မဗ အမှတ်တရများ ထင်ဟပ်လာသည်။

အဝေးတွင်၊ အမှောင်ထဲမှ စောင့်ကြည့်နေသူများက ထာဝရသင်္ချိုင်းမြေထဲသို့ ကျွင်းရှောင်ယောက် အမှန်တကယ်ဝင်ရောက်သွားကြောင်း မြင်ရသောအခါ ခံစားချက်အမျိုးမျိုးဖြင့် သက်ပြင်းချလိုက်ကြသည်။

တစ်ချို့က သဘောကျကြသည်၊ တချို့က စိတ်မသက်မသာဖြစ်သည်၊ တစ်ချို့က ပြပွဲကောင်းကို ကြည့်ကြ၏၊ တစ်ချို့ကလည်း ကျိန်ဆဲပြီး တစ်ချို့က

စိတ်သက်သာရာရသွားကြလေသည်။

လူတိုင်းက ဤအချက်ကို သိကြသည်။

ကျွင်းရှောင်ယောက်သာ ထာဝရသင်္ချိုင်းမြေမှ
ထွက်မလာတော့ပါက ဤခေတ်၏ ထိပ်ဆုံးတွင်
ရပ်တည်နေသော ပါရမီရှင်တစ်ယောက်
ကျဆုံးသွားခဲ့ပြီဟု မှတ်ကြရဆော့မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က
ပြန်ထွက်လာနိုင်ခဲ့လျှင်တော့...

ကျွင်းရှောင်ယောက်၏ မယုံကြည်နိုင်လောက်သည့်
ဒဏ္ဍာရီမှာ ယခုထက်ပိုမြင့်သော အနေအထားအထိ
ရောက်သွားမှာကို ကြောက်ရသည်။

ယင်းက မျိုးဆက်သစ်လူငယ်များအတွက်
မရနိုင်သော အမြင့်တစ်ခု ဖြစ်လာပေလိမ့်မည်။

.........

အပြင်ဘက်တွင် လူတိုင်းက ကျွင်းရှောင်ယောက်၏
ရွေးချယ်မှုနှင့်ပတ်သက်၍ အတွေးအမြင်အမျိုးမျိုး
ရှိတေသောအချိန်...

ကျွင်းရှောင်ယောက်ကတော့ လက်ရှိကိုပဲ
အာရုံစိုက်နေသည်။

အဆုံးမဲ့ အမှောင်လေသည် အမည်မသိ
ဟင်းလင်းပြင်၏ အနက်ရှိုင်းဆုံးနေရာမှ

တိုက်ခတ်လာသည်။

ဇင်းလေပြင်းတစ်ချက်က
နတ်မီးတောက်နယ်ပယ်များကို အလွယ်တကူ
ပိုင်းဖြတ်သွားရန် လုံလောက်သည်။

ကျွင်းရှောင်ယောက်၏ စိတ်စွမ်းအားက
အလွန်သန်မာရာ အန္တရာယ်များစွာကိုတော့
ရှောင်တိမ်းနိုင်ပြီးသား ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်သည်
နတ်ဘုရားမဟုတ်ဘဲ အန္တရာယ်အားလုံးကို
ရှောင်လွှဲရန် မဖြစ်နိုင်ပေ။

ဥပမာအားဖြင့်၊ ကျွင်းရှောင်ယောက်သည်
အရပ်လေးမျက်နှာကို ပိတ်ဆို့နိုင်သော်လည်း

လေပြင်းများက နေရာအနှံ့မှ တိုက်ခတ်လာနေခြင်း
ဖြစ်သည်။

ဤကဲ့သို့ အနေအထားမျိုးတွင်
နတ်မီးတောက်နယ်ပယ်အောက်မှ
ကျွမ်းကျင်သူအားလုံးကို
သေကြေပျက်ဆီးစေလိမ့်မည်။

ယင်းက ကျွင်းရှောင်ယောက်ကိုပင်
သတိထားရစေသည်။

သူက လက်ကိုဝှေ့ယမ်းလိုက်ရာ
ရှေးဟောင်းချပ်ဝတ်တန်ဆာတစ်ခု
ထွက်ပေါ်လာသည်။

ထိုအမှောင်လေများက ရှေးဟောင်းချပ်ဝတ်တန်ဆာကို

ထိမှန်သောအခါ လျှို့ဝှက်ဆန်းကြယ်သော
အက္ခရာများ ထွက်ပေါ်လာခဲ့သည်။

ဤရှေးဟောင်းချပ်ဝတ်တန်ဆာက သူ့အဖိုး
ကျန်းတောက်ရှီမိ ပေးလိုက်သော
အကာအကွယ်ရတနာတစ်ခု ဖြစ်သည်။

အဓိပဓိတစ်ပါး ပေးအပ်လိုက်သော ရတနာမှာ မည်မျှ
ရှားပါးပြီး အစွမ်းထက်မည်မှန်း
စိတ်ကူးကြည့်နိုင်သည်။

ထို့ထက် ကျန်းတောက်ရှီပေးသော ရတနာကတော့
ထိုထက်ပိုပေသည်။

ကျွင်းရှောင်ယောက်သည် ထာဝရသင်္ချိုင်းမြေသို့
သွားရောက်ရမည်ဖြစ်သောကြောင့်

ကျန်းတောက်ရှီဟာ အကောင်းဆုံးများကိုသာ
ပေးခဲ့သည်။

နောက်ဆုံးတော့ ဤရှေးဟောင်းချပ်ဝတ်တန်ဆာ၏
အကာအကွယ်အောက်တွင်...

ကျွင်းရှောင်ယောက်က ဤနယ်မြေမှ
လွတ်မြောက်လာပြီး မြေပြင်ပေါ်သို့ ခြေချနိုင်ခဲ့သည်။

ပတ်ဝန်းကျင်ကို ကြည့်မိသောအခါ
ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အံ့အားသင့်မှုများဖြင့် လင်းလက်သွားသည်။

ဤသည်မှာ အမှန်တကယ် ကျယ်ပြောလှသော
သင်္ချိုင်းမြေ ဖြစ်သည်။

မြေပြင်တစ်ခုလုံးကို အရိုးဖြူများဖြင့်
ဖုံးလွှမ်းထား၏။

မြင့်မားသောတောင်ကုန်းများကဲ့သို့ အမည်မသိ
ဧရာမသားရဲအရိုးစုများလည်း ရှိသေးသည်။

ဤနေရာသည် မည်သူမျှ မဝင်ရောက်နိုင်သော
သေမင်းတမန် နယ်မြေကြမ်း ဖြစ်သည်။
အလွန်ကြောက်စရာကောင်းပြီး
ထူးဆန်းသည့်အရာများကလည်း နေရာတိုင်းတွင်
ရှိသေးသည်။

ကျွင်းရှောင်ယောက်ဟာ ဤကမ္ဘာကြီးက
သေခြင်းစွမ်းအင်များဖြင့် ပြည့်နှက်နေသကဲ့သို့
ခံစားရပြီး ရှင်သန်သူတို့၏ နေရပ်နှင့် လုံးဝမတူပေ။

သူ၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာမှ သန်မာသော စွမ်းအင်နှင့် သွေးများဟာ ဤလောက၏ အရှိန်အဝါနှင့် ရောထွေးနေရန် ခက်ခဲသည်။

"ဒါက ထာဝရသင်္ချိုင်းမြေရဲ့ သင်္ချိုင်းနေရာပဲလား" ကျွင်းရှောင်ယောက်က ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

ထာဝရသင်္ချိုင်းမြေ၏ အစွန်အဖျားတွင်ပင် အဆုံးမဲ့အန္တရာယ်များရှိသည့် သင်္ချိုင်းနေရာများ ရှိနေသည်။

ထိုအချိန်တွင် စနစ်အသံက ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင် ထွက်ပေါ်လာသည်။

"ဒင်၊ ဂုဏ်ယူပါတယ်ပိုင်ရှင်၊ မင်းက
လက်မှတ်ထိုးဝင်တဲ့နေရာ ထာဝရသင်္ချိုင်းမြေကို
ရောက်နေခဲ့ပါပြီ၊ မင်း လက်မှတ်ထိုးဝင်ချင်လား"

"ဝင်မယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အရောင်တောက်ပလာသည်။

သူ အလွန်သိချင်မိ၏။ ဤထာဝရသင်္ချိုင်းမြေတွင်
အဘယ်မျှ ကောင်းသောအရာများ ရနိုင်ပါမည်နည်း။

----------wunzinnosp

အခန်း ( ၃၁၄ )  ကြယ်ခြောက်ပွင့်ဆုလာဘ်...

နတ်ဘုရားစွမ်းအင် ခုခံကာကွယ်ခြင်း၊ သင်္ချိုင်းထဲမှ သတ္တဝါများနှင့်ပထမဆုံးတွေ့ဆုံခြင်း။

"ဒင်၊ ဂုဏ်ယူပါတယ်ပိုင်ရှင်၊ ကြယ်ခြောက်ပွင့်ဆုလာဘ်... နတ်ဘုရားစွမ်းအင် ခုခံကာကွယ်ခြင်းကို ရရှိခဲ့ပါပြီ"

စနစ် စကားသံအဆုံးတွင်...

ကျွင်းရှောင်ယောက်ဟာ အမှောင်ထဲမှ စွမ်းရည်တစ်ခုက သူ့ကို ကောင်းချီးပေးသည်ဟု ခံစားလိုက်ရသည်။

"စွမ်းအင် ခုခံကာကွယ်ခြင်းလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက

အလင်းရောင်များ တောက်ပလာသည်။

သူက ရုတ်တရက် လက်ကိုဆန့်ကာ
စွမ်းအင်ဓာတ်အလင်းဖြင့် သူ့ကိုယ်သူ
ပြန်ညွှန်ပြလိုက်သည်။

ထိုအခါ ထူးဆန်းသော မြင်ကွင်းတစ်ခု ဖြစ်သွား၏။

ထိုစွမ်းအင်ဓာတ်အလင်းက အဆုံးမဲ့ အရှိန်အဝါ
ဖျက်ဆီးမှုတစ်ခုတွင် အစနမကျန်
ပျောက်ကွယ်သွားတော့သည်။

၎င်းမှာ ဘယ်တုန်းကမှ ပေါ်မလာသကဲ့သို့ပင်
ဖြစ်သည်။

ထိုအချိန် ကျွင်းရှောင်ယောက်စ စိတ်ထဲသို့
သတင်းအချက်အလက်တစ်ခု စီးဆင်းလာသည်။

ယင်းက စွမ်းအင်ခုခံကာကွယ်ခြင်းဖြစ်ကြောင်း
ကျွင်းရှောင်ယောက် တိုက်ရိုက်
နားလည်လိုက်ပေသည်။

ဤသည်မှာ နတ်ဘုရားစွမ်းရည် ကျင့်စဉ်တစ်မျိုး
မဟုတ်ဘဲ အထူးစွမ်းရည်တစ်ခု ဖြစ်သည်။

ယင်းက တိုက်ခိုက်မှုအားလုံးအတွက် ခုခံနိုင်စွမ်း
တစ်ခုပင်။

ဟုတ်သည်၊ ဤခုခံနိုင်စွမ်းကလည်း
ကန့်သတ်ချက်များရှိ၍ အတိုင်းအတာတစ်ခုအထိသာ
လုပ်ဆောင်နိုင်ပေသည်။

ဥပမာအားဖြင့်၊ အဓိပဓိတစ်ပါးမှ တိုက်ခိုက်လာပါက ကျွင်းရှောင်ယောက်က ခုခံနိုင်လျှင်ပင် တားဆီးနိုင်မည်တော့ မဟုတ်ပေ။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ထပ်မံစမ်းသပ်ခဲ့သည်။

သူသည် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ လက်သီးဖြင့် ထိုးချလိုက်၏။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးမှာ ကျွင်းရှောင်ယောက်၏ ဝှက်ဖဲတိုက်ခိုက်မှုများထဲမှ တစ်ခုဖြစ်သည်။

ရလဒ်အနေဖြင့် စွမ်းအင် ခုခံကာကွယ်ခြင်းသည်

အံ့သြစရာကောင်းအောင် ဤအင်အားကို လုံးဝ
ခုခံနိုင်စွမ်းရှိနေခဲ့ပေသည်။

ထို့နောက်၊ ကျွင်းရှောင်ယောက်သည်
ကေရာဇ်၏တံဆိပ်တော်၊ လက်နက်တစ်သောင်း
မုန်တိုင်းသိုင်းနှင့် ကောင်းကင်နတ်ဘုရားလှံကဲ့သို့
စွမ်းရည်အမျိုးမျိုးကို ထုတ်ဖော်ပြီး စွမ်းအင်
ခုခံကာကွယ်ခြင်းဖြင့် ဆက်လက် ဖြေရှင်းပစ်ခဲ့သည်။

ဤသို့ဖြင့် ကျွင်းရှောင်ယောက်သည်
အင်မော်တယ်သတ်ဓားသိုင်းကို ထပ်မံ ထုတ်ဖော်ခဲ့ပြီး
နောက်ဆုံးမှသာ စွမ်းအင်ခုခံကာကွယ်ခြင်းက
အကျိုးသက်ရောက်မှု ကွယ်ပျောက်သွား၍
ကျိုးပေါက်ခဲ့လေသည်။

ထို့သို့ ချိုးဖြတ်ရာတွင်လည်း တိုက်ကွက်များစွာကို

ထုတ်သုံးခဲ့ရသည်။

အကယ်၍ ရန်သူကို ရင်ဆိုင်ရသောအခါ
ကျွင်းရှောင်ယောက်က ဤစွမ်းရည်ကို
ရုတ်တရက်သုံးလျှင်...

အလွန်စိတ်ရှုပ်ထွေးသွားပြီး ဘာတွေဖြစ်နေသလဲ
ဆိုတာကိုပင် နားမလည်နိုင်မှာ သေချာသည်။

ဤစွမ်းရည်မျိုးက အလွန်ရှားပါးပြီး
အင်မော်တယ်နယ်မြေကြီး၌ပင် ရှားပါးလွန်းရာ
သာမန်လူများအတွက်တော့ တစ်ဘဝလုံး
မြင်ခွင့်ရရန်ပင် လုံးဝမဖြစ်နိုင်ပေ။

"စိတ်ဝင်စားစရာပဲ၊ ဒီ စွမ်းအင်ခုခံကာကွယ်ခြင်းက
တိုက်ပွဲထဲမှာ မမျှော်လင့်ထားတဲ့ သက်ရောက်မှုတွေ

ရှိလိမ့်မယ်"

ကျွင်းရှောင်ယောက်လည်း
ဤလက်မှတ်ထိုးဝင်ခြင်းကို အလွန်
ကျေနပ်သွားမိသည်။

ထို့ပြင် ကျွင်းရှောင်ယောက်သာ သူ့စိတ်ထဲမှ
သတင်းအချက်အလက်များကလည်း
သင်ယူခဲ့ရသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားအဆင့်ကိုလိုက်၍
ဤစွမ်းအင် ခုခံကာကွယ်ခြင်းကလည်း
မြှင့်တင်နိုင်ပေသည်။

ထိုအခါ ကျွင်းရှောင်ယောက်၏ စွမ်းအင်
ခုခံကာကွယ်ခြင်း အမှန်တကယ် အတုမဲ့လာတော့မည်
ဖြစ်သည်။

ဤကဲ့သို့ ကောင်းကင်ကို အံတုနိုင်သော
စွမ်းရည်မျိုးကိုသာ ပြင်ပကမ္ဘာမှ သိသွားခဲ့လျှင်
ကြီးမားသော လှိုင်းဂယက်များကို ဖြစ်စေမည်မှာ
သေချာသည်။

'ကောင်းလိုက်တာ'

ကျွင်းရှောင်ယောက်လည်း စိတ်ထဲမှ
သက်ပြင်းချလိုက်မိလေသည်။

စနစ်က သူ့ကို ပြိုင်ဘက်ကင်းလမ်းစဉ်ပေါ်
တွန်းပို့နေပုံရပြီး နောက်ပြန်ဆုတ်ရန် မရှိပေ။

အနည်းငယ် ချိန်ညှိပြီးနောက် ကျွင်းရှောင်ယောက်ဟာ
လမ်းအတိုင်း ဆက်လျှောက်သွားခဲ့သည်။

ကောင်းကင်ကို အံတုနိုင်သော ခုခံမှုစွမ်းအားဖြင့် သူ၏ ထာဝရသင်္ချိုင်းမြေသို့ ခရီးစဉ်မှာ များစွာတည်ငြိမ်သွားခဲ့သည်။

ကျွင်းရှောင်ယောက်လည်း ဤသင်္ချိုင်းနေရာကို ဆက်လက် လျှောက်သွားခဲ့လေသည်။

လမ်းတွင် ကျွင်းရှောင်ယောက်က ထူးထူးခြားခြားရှိသော ရိုးဖြူ သတ္တဝါတချို့နှင့် တွေ့ခဲ့သည်။

၎င်းတို့သည် ပုံသဏ္ဌာန်အမျိုးမျိုးရှိသောကြောင့် သက်ရှိသတ္တဝါဖြစ်သည်ဟု ဆိုလျှင် မှားမည်ဟုတော့ မထင်ပေ။

ယင်းက နွားပုံသဏ္ဍာန်၊ ဝံပုလွေပုံသဏ္ဍာန်နှင့် လူတစ်ပိုင်းသဏ္ဍာန်များပင် ရှိသည်။

ကျွင်းရှောင်ယောက်က သူ၏ ကိုယ်ပိုင် စွမ်းအင်ခုခံနိုင်စွမ်းကို တွေ့ရှိရန် ၎င်းတို့ကိုလည်း အသုံးပြုခဲ့ပေသည်။

ထို့နောက်တွင် ဤအရိုးဖြူ သတ္တဝါများက သေခြင်းစွမ်းအင်တစ်မျိုးကို အသုံးပြုပုံရကြောင်း တွေ့လာခဲ့ရသည်။

ဟုတ်ပေသည်၊ ဤစွမ်းအင်က နတ်ဘုရားစွမ်းအင်နှင့် ဆင်တူသော်လည်း ပြင်းထန်သော သေခြင်းအရှိန်အဝါများ ပြည့်နှက်နေသည်။

ဤသေခြင်းစွမ်းအင်မျိုးက ထာဝရသင်္ချိုင်းရှိ

သဘာဝဥပဒေသများနှင့် ဆက်စပ်နေကြောင်း သိသာထင်ရှားလှပေသည်။

သို့ရာတွင် စွမ်းအင်ခုခံကာကွယ်ခြင်းစွမ်းအားက ထိရောက်ဆဲဖြစ်ပြီး ကျွင်းရှောင်ယောက်ဟာ ဤအရိုးဖြူ သတ္တဝါများကို အလွယ်တကူ သတ်နိုင်ခဲ့သည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ ကျွင်းရှောင်ယောက်ဟာ ကြောက်စရာကောင်းလောက်အောင် အစွမ်းထက်သည့် အရိုးဖြူသတ္တဝါအချို့ကို မြင်လာရသည်။

ဥပမာအားဖြင့်၊ သူတော်စင်အဆင့် အရှိန်အဝါဖြင့် အတောင်များကို ဖြန့်ကျက်ထားသော အရိုးဖြူ

သတ္တဝါကြီးတစ်ကောင်ကို မြင်ရသည်။

အမိပမိတစ်ပိုင်း အရှိန်အဝါများဖြင့် ပေတစ်သောင်း အမြင့်ရှိသော အရိုးဖြူသတ္တဝါကြီးကိုလည်း သူလှမ်းမြင်ခဲ့ရ၏။

ထိုဖြစ်တည်မှုမျိုးဖြင့် ရင်ဆိုင်ရသောအခါ ကျွင်းရှောင်ယောက်လည်း အရှိန်အဝါများကို ထိန်းချုပ်၍ တိုက်ရိုက်ထွက်ခွာသွားရသည်။

နောက်ဆုံးတွင် အားကျိုးက အဘယ်ကြောင့် သူနှင့်အတူ မလိုက်သည်ကို နားလည်ခဲ့ချေပြီ။

အားကျိုး၏ အစွမ်းထက် အရှိန်အဝါများအရ သူ ရှေးဟောင်းသင်္ချိုင်းမြေသို့ အမှန်တကယ် မစိမ့်ဝင်မီပင် အရိုးများမြုပ်နှံရာ၌ သန်မာသည့်

အရိုးဖြူသတ္တဝါများကို ရင်ဆိုင်နေကြရနိုင်သည်။

ရက်အနည်းငယ်ကြာပြီးနောက်
ကျွင်းရှောင်ယောက်ဟာ သင်္ချိုင်းတွင်းမှ
ထွက်လာနိုင်ခဲ့သည်။

ယခုအခါ နောက်ဆုံးတွင်ကား သူသည်
ထာဝရသင်္ချိုင်းမြေပေါ်၌ အမှန်တကယ် ခြေချနိုင်ခဲ့ပြီ။

ပတ်ပတ်လည်ကို ကြည့်လိုက်သောအခါ အနက်ရောင်
မြေပြင်ကို တွေ့မြင်ရသည်။

လေထုကတော့ ညစ်ညမ်းဆဲဖြစ်ကာ
မိုးနှင့်မြေကြားမှာလည်း သန်မာသော
သေခြင်းတရား၏ ခံစားမှုတစ်ခု ရှိနေကြဆဲပင်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ရှိ ချီနှင့် သွေးများက ဤကမ္ဘာနှင့် ရိုးရှင်းစွာပင် အဆင်မပြေပါ။

"ထာဝရသင်္ချိုင်းမြေကို သက်ရှိသတ္တဝါတွေအတွက် တားမြစ်နယ်မြေလို့ ခေါ်တာ အဓိပ္ပါယ်မဲ့စရာတော့ မရှိပါဘူး။ ဒါက လူတွေနေဖို့အတွက် နေရာမဟုတ်ဘူး"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သာမာန်လူများ မဆိုထားနှင့်...
ပါရမီရှင်များအတွက်ပင် ဤနေရာတွင် ရပ်တည်နေရပါက စိတ်မသက်မသာဖြစ်ပြီး အားနည်းလာမှာကို ကြောက်ရသည်။

ကျွင်းရှောင်ယောက်၏

ရှေးဟောင်းမြင့်မြတ်ခန္ဓာသည်သာ မိုးနှင့်မြေကြားမှ သေခြင်းစွမ်းအင်ကို ခုခံနိုင်စွမ်းရှိပေသည်။

'အခု ငါ ဘယ်နေရာကို သွားရပါ့မလဲ'

ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

ပြင်ပကမ္ဘာတွင် ထာဝရသင်္ချိုင်းမြေက အလွန်လျှို့ဝှက်ဆန်းကြယ်သည်။

ထို့ကြောင့် အသေးစိတ်အချက်အလက်များကို မဆိုထားနှင့်၊ မှတ်တမ်းမှတ်ရာများပင် များများစားစား မရှိပါ။

ဤအတွက် ကျွင်းရှောင်ယောက်လည်း တစ်ကြိမ်လျှင် ခြေတစ်လှမ်းသာ တက်နိုင်သည်။

ကျွင်းရှောင်ယောက်က ဦးတည်ရာမဲ့ လှုပ်ရှားနေချိန်...

သူနှင့် မိုင်ရာချီဝေးသောနေရာမှ ကောင်းကင်ယံမှာ...

ရောမ အရိုးစုငှက်ကြီးတစ်ကောင်က ကောင်းကင်ယံမှ ပျံသန်းသွားခဲ့သည်။

ရောမအရိုးစုငှက်ကြီးပေါ်မှာတော့
လူသားမျိုးနွယ်စုတစ်စု  ရပ်တည်နေကြ၏။

လူစု အလယ်ဗဟိုမှာတော့ လှပသော ပန်းနှစ်ပွင့်ကဲ့သို့ တည်ရှိမှုနှစ်ခု ရှိနေသည်။

သူတို့နှစ်ဦးစလုံးက အဖြူရောင်လရောင်ဝတ်စုံကို

ဝတ်ဆင်ထားကာယ နူးညံ့သိမ်မွေ့သော
မျက်နှာသွင်ပြင်နှင့် အလွန်လှပသော ပုံစံမျိုး ရှိသည်။

၎င်းတို့ကို အမှတ်တမဲ့ ကြည့်လိုက်ပါက
သာမန်မိန်းကလေးတစ်ယောက်နှင့် မခြားပေ။

သို့ရာတွင် သေချာကြည့်မိလျှင်တော့ တွေ့နိုင်သည်။

ထိုနှစ်ယောက်၏ အသားအရေက ရေခဲကဲ့သို့၊
နှင်းများကဲ့သို့ ဖြူဆွတ်နေသည်။

သူတို့ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်နေသော ပြင်းထန်သည့်
သေခြင်းစွမ်းအင်များလည်း ရှိသေးသည်။

အထူးသဖြင့် အငယ်မလေး၏ ခန္ဓာကိုယ်ရှိ

သေခြင်းစွမ်းအင်သည် ပို၍ပင် အားကောင်းပြီး အပြင်ကို စီးထွက်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

"ရှောင်ရှယ်၊ နောက်နှစ်ရက်နေရင် ငါတို့ ယင်ယန်ဝိညာဉ်ကန်ကို သွားလို့ရတော့မယ်။ ပြီးတော့ အစ်ကိုကြီး ကူချီရဲ့အကူအညီလည်း ရှိထားလေတော့ နင့်အတွက် ယင်ယန် နတ်သစ်သီးရဖို့က ပြဿနာမဟုတ်ပါဘူး"

အမကြီးက ညီမငယ်ဖြစ်သူကို စိုးရိမ်တကြီးဖြင့် ကြည့်နေသည်။

ညီမငယ်က အနည်းငယ် ပြုံးပြသော်လည်း သူ့မျက်နှာက ဖြူဖျော့နေဆဲပင်။

တစ်ဖက်တွင်၊ ကူချီဟုခေါ်သော သတ္တဝါက လက်ခံနိုင်လောက်သော အသွင်အပြင်ရှိသည့်

လူငယ်တစ်ဦးဖြစ်သည်။ သူ့တွင် လင်းယုန်ကဲ့သို့ နှာခေါင်းတစ်ခုရှိပြီး အနည်းငယ် သုန်မှုန်နေပုံရလေသည်။

သူက ညီအစ်မနှစ်ယောက်ကို ကြည့်ကာ ပြောလိုက်သည်။

"စန်းယွဲ့၊ စိတ်မပူပါနဲ့။ ငါ့အကူအညီနဲ့ဆိုရင် စန်းယွဲ့အတွက် ယင်ယန်နတ်သစ်သီးကို သေချာပေါက် ရနိုင်မှာပါ"

ကူချီ၏ စကားကိုကြားတော့ အစ်မကြီးစန်းယွဲ့က ခပ်ဖျော့ဖျော့ ပြုံးပြလိုက်သည်။

ကူချီ၏ ခွန်အားသည် ယင်မင်နယ်မြေရှိ မျိုးဆက်သစ်လူငယ်များကြား၌ ထိပ်ဆုံးဆယ်ဦးတွင် ရပ်တည်နိုင်ရန် လုံလောက်သည်။

ထို့ကြောင့် ကူချီ၏အကူအညီဖြင့် ဤတစ်ကြိမ်တွင်
ယင်ယန်နတ်သစ်သီးကို ရရှိရန်မှာ
ပြဿနာကြီးကြီးမားမား မဖြစ်သင့်ပေ။

နံဘေးမှာတော့ ၎င်းတို့အပြင် ဟွာစန်းယွဲ့၊
စန်းရှယ်တို့နှင့် မိသားစုတူမှ ဖြစ်ဟန်ရသော
အကြီးအကဲများ ရှိနေသည်။

၎င်းတို့၏ မျက်နှာပေါ်မှာတော့ စိုးရိမ်သောကများ
ထင်ဟပ်နေလေသည်။

ယခုတစ်ကြိမ်တွင် ယင်ယန်ဝိညာဉ်ကန်မှ ပြိုင်ဆိုင်မှုက
အနည်းငယ် ပြင်းထန်လာပုံရသည်။

ဤအခိုက်အတန့်တွင် ရောမအရိုးစုငှက်ကြီးပေါ်ရှိ

သူအားလုံးက အဝေးမှ ဖျတ်လက်
တက်ကြွသောသွေး၏ ကြီးကျယ်ခမ်းနားသော
စွမ်းအားများကို ခံစားလိုက်ရသည်။

'ဒါက ဘာပါလိမ့်၊ ဒီလောက် အစွမ်းထက်တဲ့
အတက်အကျစွမ်းအားက မိုးနဲ့မြေရဲ့ သဘာဝ
ရတနာတစ်ခု မွေးဖွားလာတာပဲလား'

အဖိုးအိုတစ်ဦး၏ မျက်လုံးများတွင်
ထူးခြားသောအရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

စန်းယွဲ့၏ လှပသော အပြာရောင်
မျက်လုံးများတွင်လည်း ပျော်ရွှင်မှု
အလင်းရောင်ခြည်များ လင်းလက်လာခဲ့၏။

ဤတက်ကြွမှုရှိသော သဘာဝရတနာကို ရနိုင်ပါက
စန်းရွှယ်၏ ရောဂါများအား

နှောင့်နှေးစေနိုင်ပေလိမ့်မည်။

"သွားကြည့်ရအောင်"

အရိုးစုငှက်ကြီးက ၎င်း၏အတောင်ပံများကို တဖျပ်ဖျပ်ခတ်ကာ ရှေ့သို့ ပျံသန်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် အခြားတစ်ဖက်မှ ကျွင်းရှောင်ယောက်၏ ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

အဝေးတစ်နေရာ ကောင်းကင်ယံမှ ကြီးကျယ်ခမ်းနားသော  သေမင်းစွမ်းအင်တစ်ခု ရွေ့လျားလာနေခြင်းကို သူလည်း ခံစားရ၏။

'အဲ... ဒါဟာ... ထာဝရသင်္ချိုင်းမြေမှာ

သက်ရှိသတ္တဝါက သက်ရှိတွေပဲလား'

ကျွင်းရှောင်ယောက်လည်း အဝေးကို
လှမ်းကြည့်လိုက်တော့သည်။

----------wunzinnosp

အခန်း ( ၃၁၅ ) စန်းယွဲ့၏ အကြဲပြုချက်၊
ယင်ယန်နတ်သစ်သီး၊ ပါးတစ်ချက်ရိုက်ပြီး ဆုံးမခြင်း။

ထာစျရသင်္ချိုင်းမြေ၏ အမှောင် ကောင်းကင်ယံတွင်
အရိုးစုငှက်ကြီးတစ်ကောင်က သူ့ရဲ့အတောင်ပံများကို
တဖျပ်ဖျပ်ခတ်ကာ ပျံသန်းလာနေသည်။

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ကာ
အရိုးစုငှက်ကြီးကို ကြည့်လိုက်၏။

ဤမြင်ကွင်းကို မြင်ရသောအခါ တော်ရုံလူများ ထိတ်လန့်သွားကြပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ အမူအရာက တည်ငြိမ်ပြီး သူ့မျက်နှာအမူအရာကလည်း မပြောင်းလဲပေ။

မည်သို့ပင်ဆိုစေကာ အနေးနှင့်အမြန် သူက ထာဝရသင်္ချိုင်းတွင်းရှိ သတ္တဝါများကို တွေ့ကြုံရမည်ဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းသင်္ချိုင်းအကြောင်းကို ယေဘူယျနားလည်ရန် ၎င်းတို့နှင့် ကြိုတင်ဆက်သွယ်ခြင်းက ပိုကောင်းသည်။

ရောမအရိုးစုငှက်ကြီး ဆင်းသက်လာသောအခါ

လူသားမျိုးနွယ်စုမှ လူတချို့ ပေါ်လာခဲ့၏။

စန်းယွဲ့နှင့် တခြားသူများလည်း ကျွင်းရှောင်ယောက်ကို တွေ့လိုက်သောအခါ  ထင်မှတ်မထားသော အမူအရာများ ဖြစ်လာကြတော့သည်။

"လူသား... အသက်ရှင်သေးတဲ့လူလား"

စန်းယွဲ့၊ ကူချီနှင့် အခြားသူများအားလုံး အလွန်အံ့ဩသွားကြသည်။

၎င်းတို့ဟာ မူလက အသက်အနှစ်သာရပါသော သဘာဝရတနာတစ်ခု မွေးဖွားလာခြင်းဟု ထင်ထားခဲ့ကြခြင်း ဖြစ်သည်။

နောက်ဆုံးမှာတော့ ထိုအသက်ဓာတ်နှင့် တက်ကြွမှုမှာ

သန်မာလွန်းလှသည်။

ထိုကဲ့သို့ သန်မာသော အသက်ဓာတ်ရှိသူဟာ
အမှန်တကယ် လူတစ်ဦးဖြစ်နေမည်ဟု
စန်းယွဲ့အနေဖြင့် တစ်ခါမှ မတွေးခဲ့ဖူးပေ။

"အပြင်က သတ္တဝါလား"
အဘိုးကြီးတစ်ယောက်က ကျွင်းရှောင်ယောက်
လှမ်းကြည့်သည်။

သူတို့အားလုံး၏ မျက်နှာများမှာ တိရစ္ဆာန်ရုံရှိ
တိရစ္ဆာန်များကို ကြည့်နေရသကဲ့သို့ အံ့အားသင့်မှုများ
ဖြစ်နေခဲ့ကြသည်။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်ကလည်း

သူတို့ကို အကဲခတ်နေသည်။

ဤလူတူသက်ရှိများ၏ အသားရေကောင်
သက်ရှိတစ်ဦးနှင့်မတူဘဲ ဖြူဖျော့နေကာ
လူသေအလောင်းများကဲ့သို့ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က
သူ့မျက်လုံးများကိုမှိတ်လိုက်လျှင် ၎င်းတို့ထံမှ
အရှိန်အဝါ၊ သို့မဟုတ် အပူလှိုင်းကို ခံစားနိုင်မည်
မဟုတ်ပေ။

ယင်းက အေးစက်နေသော အလောင်းကဲ့သို့ပင်
ဖြစ်သည်။

သို့ရာတွင် ၎င်းတို့က သာမန်လူများကဲ့သို့
ရှင်သန်နေပြီး လှုပ်ရှားနိုင်ကာ

လေ့ကျင့်နိုင်စွမ်းများလည်း ရှိကြသည်။

ယင်းက ကျွင်းရှောင်ယောက်၏ စူးစမ်းလိုစိတ်ကို ပို၍တိုးစေခဲ့ပေသည်။

ဤကမ္ဘာကြီးဟာ တကယ့်ကို အံ့သြစရာများ ပြည့်နှက်နေသည်။

သို့ရာတွင် ထာဝရသင်္ချိုင်းမြေ၏ သဘာဝ လောကဥပဒေသများနှင့် ဤသတ္တဝါများက ပို၍ နားမလည်နိုင်စရာ ဖြစ်ပုံရလေသည်။

"နင်က အပြင်လောကကနေ လာတာလား"

စန်းယွဲ့က မေးလိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာကို ကြည့်ကာ
သူမစိတ်ထဲတွင်လည်း အနည်းငယ်
အံ့သြသွားလေသည်။

သင်္ချိုင်းတွင်း၌ အသိစိတ်ဖြင့် မွေးဖွားလာချိန်မှစ၍
ဤမျှချောမောသော လူတစ်ယောက်ကို တစ်ခါမှ
မမြင်ဖူးပေ။

သင်္ချိုင်းတွင်းရှိ သတ္တဝါအများစုက အရုပ်ဆိုးပြီး
ထူးခြားသောအသွင်မျိုးရှိကြသည်။

စန်းယွဲ့နှင့် စန်းရွှယ်တို့က ဤကမ္ဘာအတွင်းမှာ
ထိပ်တန်း အလှလေးများဟု ဆိုနိုင်သည်။

ကူချီကဲ့သို့ လူတစ်ယောက်ကိုပင် ထာဝရသင်္ချိုင်းမြေ၌
ချောမောသည်ဟု မှတ်ရ၏။

သို့တိုင် ကျွင်းရှောင်ယောက်၏ အသွင်ပြင်က
စန်းယွဲ့နှင့် အခြားသူများကို
ထိတ်လန့်စေခဲ့ပါသေးသည်။

ပင်လယ်ကြီးကို မမြင်ဖူးသူများက
ပင်လယ်ဘယ်လောက်ကျယ်မှန်း မသိပေ။

ကျွင်းရှောင်ယောက်ကို တစ်ခါမှ
မဆုံဖူးတဲ့သူများကလည်း သူ ဘယ်လောက်ထိ
ချောမောသလဲဆိုတာ မသိကြပါချေ။

စန်းယွဲ့သာမကဘဲ သူ့ညီမ စန်းရွယ်ပါ အနည်းငယ်
အံ့အားသင့်သွားခဲ့၏။

ကူချီ၏ သူ့မျက်လုံးများမှာတော့ မနာလိုမှု

အရိပ်အမြွက်များ ဖြစ်ပေါ်လာတော့သည်။

စန်းယွဲ့၏ အမေးကိုကြားသောအခါ
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြီး
ပြောလိုက်သည်။

"အင်မော်တယ်နယ်မြေကြီးက ရောက်လာခဲ့တာပါ"

"နင့်က တုန်ထျန်းနယ်ပယ်ပဲ ရောက်သေးတာတောင်
ထာဝရသင်္ချိုင်းမြေထဲကို တကယ်ပဲ ဝင်လာနိုင်တယ်"

စန်းယွဲ့ဟာ အနည်းငယ် မယုံနိုင်သကဲ့သို့
ခံစားခဲ့ရသည်။

သူ့အမြင်တွင် ကျွင်းရှောင်ယောက်၏
ကျင့်ကြံခြင်းအခြေခံက အနည်းငယ်နိမ့်ကျနေဆဲပင်။

ကျွင်းရှောင်ယောက်ကလည်း ဤညီအမနှစ်ယောက်၏
ခွန်အားက နတ်မီးတောက်နယ်ပယ်ကို အမှန်တကယ်
ရောက်ရှိနေကြောင်း သိလိုက်သည်။

သူ့ဘေးနားမှ လူငယ်လေးဆိုလျှင်
နတ်မီးတောက်နယ်ပယ်၏ နှောင်းပိုင်းအဆင့်ကိုပင်
ရောက်နေခဲ့ချေပြီ။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ မျိုးဆက်သစ်များတွင်
ကျွင်းရှောင်ယောက်၏ နယ်ပယ်က
ထိပ်တန်းအဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

မွေးဖွားမလာသေးသော ရှေးဟောင်းလူထူးဆန်းများ၊
ရှေးကေရာဇ်များနှင့် ရှေးကေရာဇ်၏ မျိုးဆက်များကို
ဘေးဖယ်ထားလျှင် သူ၏ ကျင့်ကြံခြင်းအခြေခံက

အမြင့်ဆုံးသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ယခုမူ ထာဝရသင်္ချိုင်းမြေ၌ ကျဘမ်းကြုံတွေ့ရသော သတ္တဝါအချို့ပင် သူ၏ ကျင့်ကြံခြင်းအခြေခံထက် မြင့်မားနေခဲ့ပြီ ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က ထာဝရသင်္ချိုင်းမြေမှ ငယ်ရွယ်သော သတ္တဝါများဟာ မြေကြီးထဲ၌ နှစ် ရာ၊ထောင်ချီ၍ မြှုပ်နှံထားတတ်ကြကြောင်း ကြားဖူးသည်။

ထို့ကြောင့် ၎င်းတို့၏ ကျင့်ကြံခြင်းအခြေခံ မြင့်မားတာကို နားလည်နိုင်ပေသည်။

ကျန်အဘိုးကြီးများကတော့ အခြေတည်နတ်ဘုရားနှင့် အစစ်အမှန်နတ်ဘုရားနယ်ပယ်တွင် ရှိသည်။

"နင် ထာဝရသင်္ချိုင်းမြေကို မှားပြီးဝင်လာခဲ့တာလား"
စန်းယွဲ့က ဆက်မေးလိုက်၏။

ထာဝရသင်္ချိုင်းမြေတွင် အပြင်လူတစ်ယောက်နှင့်
ပထမဆုံး ဆုံတွေ့ခြင်းဖြစ်သောကြောင့်လည်း
စပ်စုချင်နေမိပေသည်။

စန်းယွဲ့က ရန်လိုပုံမပေါ်တာကိုမြင်တော့
ကျွင်းရှောင်ယောက်လည်း အနည်းငယ်
အံ့သြသွားမိသည်။

သူဟာ ထာဝရသင်္ချိုင်းတွင်းရှိ သတ္တဝါအားလုံးက
ရက်စက်ကြမ်းကြုတ်ပြီး
အပြင်လူများကိုမြင်ရသည်နှင့် သတ်ဖြတ်တတ်သော
အရိုင်းအစိုင်းများဟု ထင်မှတ်ထားကြခြင်း ဖြစ်သည်။

"အံ့ဖွယ်ကိုးပါးအင်မော်တယ်မြက်ကိုရှာဖို့ တမင်
ဝင်လာခဲ့တာပါ"

ကျွင်းရှောင်ယောက်က ပြောလိုက်စဉ် စန်းယွဲ့နှင့်
အခြားသူများကို အကဲခတ်နေသည်။

အံ့ဖွယ်ကိုးပါး အင်မော်တယ်မြက်အကြောင်းကို
သူတို့သိထားပါက တစ်ခုခု တုံ့ပြန်လာလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်အတွက်
စိတ်ပျက်စရာကောင်းအောင် စန်းယွဲ့နှင့်
အခြားသူများက သံသယစိတ်ဖြင့်
ပြန်ကြည့်လိုက်ကြသည်။

စန်းယွဲ့နှင့် အခြားသူများမှာ အဆင့်နိမ့်ကျလွန်း၍
ဤအခြေအနေမျိုးကို မထိတွေ့နိုင်ပုံရလေသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကလည်း ချက်ချင်းတွေ့ရန် မျှော်လင့်မထား၍ စိတ်မပျက်ပါချေ။

ထိုအချိန်တွင် ကူချီက ဝင်ပြောလိုက်သည်။

"မင်းက တုန်ထျန်းနယ်ပယ်နဲ့ ထာဝရ သင်္ချိုင်းမြေကို ဝင်လာဝံ့တယ်။ သေခြင်းကို ဘယ်လိုစာလုံးပေါင်းရမှန်း မသိသေးဘူး ထင်တယ်"

ကူချီသည် စန်းယွဲ့၊ စန်းရွှယ်တို့နှင့် ပတ်သက်ပြီး အတွေးအချို့ ရှိနေသူ ဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ အသွင်အပြင်က သဘာဝအတိုင်း သူ့နှလုံးသားကို အကျပ်အတည်း ဖြစ်စေခဲ့ပေသည်။

ကျွင်းရှောင်ယောက်က ကူချီကို ပေါ့ပေါ့ပါးပါး ကြည့်လိုက်တယ်။

သူက ဤသို့သော အလောင်းများကို စိတ်ဝင်စားမယ်လို့ ထင်လို့လား။

စန်းယွဲ့နှင့် စန်းရှယ်တို့သည် လှပသော်လည်း လူသေများကဲ့သို့ အနေအထားမျိုး ရှိသည်။

ကျွင်းရှောင်ယောက်အနေဖြင့် ဤအရာမျိုးကို ဂရုမစိုက်ပေ။

သူ့ကို ကျွင်းရှောင်ယောက်က မထီမဲ့မြင်ပြုထားသည်အား မြင်ရသောအခါ

ကူချီမျက်လုံးများက ပို၍ အေးစက်လာခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ကျွင်းရှောင်ယောက်ကို
မြင်လိုက်ရကတည်းက ကူချီဟာ
သူ့ကိုသန့်စင်လိုနေခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ သန်မာသော ချီနှင့် သွေးများ
ကူချီကို စိတ်လှုပ်ရှားစေသည်။

ထာဝရသင်္ချိုင်းမြေတွင် ဤသို့သော
သက်ရှိအရာများက အလွန်ရှားပါး၏။

ပို၍ အရေးကြီးသည်က ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာပင် ဖြစ်သည်။

စန်းယွဲ့ကလည်း ယင်းကို တွေးမိပေရာ
ကျွင်းရှောင်ယောက်ကို အခြေအနေ
ပြောပြလိုက်လေသည်။

"မင်းဘာကိုဆိုလိုတာက အခု ထာဝရသချိုင်းမြေမှာ
ငါက ထန်ဘုန်းကြီးရဲ့ အသားလို
လူတိုင်းကိုက်ချင်တဲ့အရာ ဖြစ်နေခဲ့ပြီပေါ့"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုစကားကြောင့် စန်းယွဲ့၏မျက်နှာပေါ်တွင်
စိတ်ရှုပ်ထွေးမှုများ ဖြစ်လာသည်။
ထန်ဘုန်းကြီးအသားက ဘာကိုဆိုလိုသည်မှန်း
သူနားမလည်ပေ။

"မင်းက ငါ့ကို အသွေးအသားအတွက်
အားဆေးအဖြစ် မဆက်ဆံချင်ဘူးလား၊

သူ့ခန္ဓာကိုယ်မှာ အခြေအနေတချို့ ဖြစ်နေပုံရတယ်"
ကျွင်းရှောင်ယောက်က ပြုံးကာ စန်းရွှယ်ကို
လေးလေးနက်နက် ကြည့်လိုက်သည် ။

ကျွင်းရှောင်ယောက်က သူမကို ကြည့်နေသည်အား
မြင်ရသောအခါ စန်းရွှယ်က စန်းယွဲ့ကိုမှီပြီး
စူးစမ်းဟန်ဖြင့် ပြန်ကြည့်လိုက်လေသည်။

စန်းရွှယ်၏ ခန္ဓာကိုယ်အခြေအနေအကြောင်း
ကျွင်းရှောင်ယောက်က ပြောလာသောအခါ သူ့တွင်
စွမ်းရည်တချို့ရှိမှန်း စန်းယွဲ့
သဘောပေါက်သွားသည်။

ထို့ကြောင့် စိတ်ထဲတွင် အတွေးတစ်ခုက ရုတ်တရက်
ပေါ်လာပြီး ပြောလိုက်သည်။
"ငါတို့က နင့်ကို သဘာဝအတိုင်း ဘာမှ မလုပ်ပါဘူး၊

ဒါပေမယ့် သင်္ချိုင်းမြေမှာ မြှုပ်နှံထားတဲ့ သတ္တဝါတွေ အများကြီး ရှိတယ်၊ အဲဒါတွေကတော့ နင့်ကို ဒုက္ခပေးလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်သင့်လဲ"
ကျွင်းရှောင်ယောက်က ပြောလိုက်၏။

စန်းယွဲ့တွင် သူနှင့်ပတ်သက်၍ အကြံအစည်တစ်ခုခုရှိပုံရကြောင်း ယောင်ဝါးဝါး သူ မှန်းဆမိသည်။

ယင်းက သူ့ကိုသုံးကာ အမြတ်ထုတ်လိုပုံ ရပေသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကလည်း ရှေးဟောင်းသင်္ချိုင်းမြေကို အကြမ်းဖျင်းနားလည်ရန်

စန်းယွဲ့အား အသုံးပြုလိုသည်။

"ဆိုရရင် သခင်လေးရဲ့ ကြီးကျယ်ခမ်းနားတဲ့ အရှိန်အဝါကို ဖုံးကွယ်ပြီး အသွင်ပြောင်းဖို့ လိုပါတယ်။ ဒီအတွက်လည်း စန်းယွဲ့မှာ အဖြေတစ်ခု ရှိတယ်"

စန်းယွဲ့၏ အပြာရောင် မျက်လုံးများက လင်းလက်သွားခဲ့သည်။

"အိုး..ဘာလုပ်ရမလဲ"

ကျွင်းရှောင်ယောက် ပြုံးလိုက်၏။

"ယင်ယန်နတ်သစ်သီး"

စန်းယွဲ့က ပြောသည်။

"ယင်ယန်နတ်သစ်သီးလား"

ကျွင်းရှောင်ယောက်က ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

ထို့နောက်တွင်၊ စန်းယွဲ့မှ ယင်ယန်နတ်သစ်သီးက သူ့အရှိန်အဝါများကို သေခြင်းသို့ ပြောင်းလဲပေးနိုင်ကြောင်းကိုလည်း ရှင်းပြခဲ့သည်။

ဤနည်းဖြင့်၊ ကျွင်းရှောင်ယောက်သည် ထာဝရသင်္ချိုင်းမြေနှင့် အပြည့်အဝ ပေါင်းစည်းနိုင်ပြီး အခြားသတ္တဝါများကို ဆွဲဆောင်မိတော့မည် မဟုတ်ပါ။ သူ့အတွက် ရည်မှန်းချက် ပန်းတိုင်ကိုလည်း လွတ်လပ်စွာ လျှောက်လှမ်းသွားနိုင်သည်။

ဤတစ်ကြိမ်တွင်၊ စန်းယွဲ့နှင့် အခြားသူများ

ထွက်လာခြင်းကလည်း ယင်ယန်ဝိညာဉ်ကန်တွင် ယင်ယန်နတ်သစ်သီးအတွက် ယှဉ်ပြိုင်ရန်ပင် ဖြစ်ချေသည်။

ဤအရာမျိုးက ယခုအချိန်တွင် ကျွင်းရှောင်ယောက် အမှန်တကယ် လိုအပ်နေသောအရာလည်း ဖြစ်သည်။

မဟုတ်လျှင် နေရာတိုင်းမှာ သတ္တဝါအမျိုးမျိုးနှင့် ရင်ဆိုင်ရ၍ အတော်လေး ဒုက္ခဖြစ်ရပေလိမ့်မည်။

"သခင်လေး၊ နင့်ရဲ့ ခွန်အားက ဘယ်လိုလဲ"

စန်းယွဲ့က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

"အဆင်ပြေပါတယ်၊ ငါ့မျိုးဆက်မှာ ပြိုင်ဘက်ကင်းယုံလေးပဲ"

ကျွင်းရှောင်ယောက်က ပုံမှန်အတိုင်း ပြောလိုက်သည်။

သို့သော်လည်း ထိုစကားများကိုကြားသောအခါ ကူချီနှင့် စန်းယွဲ့တို့ နှစ်ယောက်စလုံး ခဏတာ ထိတ်လန့်သွား၏။

စန်းယွဲ့က ထူးခြားမှုမရှိဘဲ တည်ငြိမ်နေနိုင်သော်လည်း... စန်းယွဲ့မူကား တဟားဟား ရယ်မောတော့သည်။

"ဟားဟားဟား၊ တုန်ထျန်းနယ်ပယ်လေးက ကိုယ့်မျိုးဆက်မှာ ပြိုင်ဘက်ကင်းလို့ ခေါ်ဝံ့တယ်၊ တကယ်ကို အရှက်မဲ့တဲ့ အပြင်လူပဲ"

ကူချီ လှောင်ပြောင်လိုက်၏။

သို့သော်လည်း သူ စကားဆုံးသွားသည်နှင့်...

အရာအားလုံး မည်းမှောင်သွားသည်။

လက်ဝါးကြီးတစ်ခုက သူ့မျက်နှာကို တုန့်နိုင်းမရသော
အင်အားဖြင့် ရိုက်လာခဲ့၏။

"ဖြောင်း"

ပါးရိုက်သံနှင့်အတူ ကူချီ၏ ပါးရိုးများ ကျိုးသွားခဲ့ပြီး
ယိုင်ထွက်သွားတော့သည်။

ကူချီဟာ သုံးရာ့ခြောက်ဆယ်ဒီဂရီ လည်သွားပြီးမှ
မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည်။

သူ့တစ်ကိုယ်လုံးရှိ အရိုးများကလည်း ဖိအားကို

မခံနိုင်ဟန်ဖြင့် အက်ကွဲသံများ
ထွက်ပေါ်လာလေသည်။

"လမ်းလျှောက်နေတဲ့ အလောင်းကောင်ကများ၊
တကယ်ကြီး မင်းကိုယ်မင်း အရေးပါတယ်လို့
ထင်နေတာလား"

ကျွင်းရှောင်ယောက်က
ထူးခြားမှုမရှိသောလေသံဖြင့်ပြောကာ သူ့လက်ကို
ပြန်ရုတ်လိုက်သည်။

သူသည် ထာဝရသချိုင်းမြေသို့
ရောက်လာသော်လည်း သိမ်ငယ်မှု သို့မဟုတ်
ချုပ်တည်းထားခြင်း မရှိပေ။

ကြီးစိုးသည့်အတိုင်း ကြီးစိုးနေဆဲ...

မောက်မာသည့်အတိုင်း မောက်မာနေဆဲပင်။